www.burmeseclassic.com

# ဝင်မှုန်းကကြေး

ကောင်းကင်ပြာသို့

BURMESE CLASSIC .com

www.burmeseclassic.com

DESIGN THEIN SHWE KYI

www.burmeseclassic.com

နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မိန်းကလေး

## ကောင်းကင်ပြာသို့

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၉၇၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၅၉၀၈၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ–၀၄၅၀၆) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ • ၈၃

မိန်းကလေး

ကောင်းကင်ပြာသို့ / မိန်းကလေး ။ – ရန်ကုန်၊

ဖျူးစာပေ ၊ ၂၀၁၁ ။

၂၇၂ – စာ ၊ ၁၂ X ၁၈ စင်တီ။

(၁) ကောင်းကင်ပြာသို့

# အခန်း (၁)

"ဟော့တော်"

ဒေါ်ရွှက်နုစိမ်း အံ့သြတိုင်း 'ဟော့တော်' ဆိုတဲ့အသံ စွက်တတ်သလို၊ ခုလည်း 'ဟော့တော်' ဖြစ်ရလေပြီ။

"ဘယ်လိုဖြစ်တာလဲ ခေတ်၊ ခုပဲ ထွက်သွားတာ မကြာသေးဘူး၊ ပြန်ရောက်လာတာဆိုတော့ ပြဿနာတစ်ခုခု ဖြစ်လာတာလားဟင်၊ ပြောစမ်း မမစိမ်းကို"

အံ့သြတာရဲ့နောက်မှာ စိုးရိမ်သံ ပါလေသည်။ ဒေါ်ရွှက်နုစိမ်းကအပျိုကြီးပဲ ပီသတာလား၊ ဘာလားတော့ မသိပါ။ တစ်ခုခုဆိုရင် ပူလောင်ဆူလောင် ဖြစ်လေ့ရှိသည်။

ခုလည်း စင်္ကာထဲလှမ်းဝင်လာတဲ့ 'ခေတ်သစ်' ကို မြင်သည်နှင့် ဆိုဖာဆုံလည်ခုံမှာ ထိုင်နေရာမှ ချက်ချင်းထပြီး မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဟယ် မြန်မြန်"

ခြေလှမ်းတွေလည်း ပါလာကာ ခေတ်သစ်နဲ့စင်တာအလယ်မှာ မျက်နှာချင်းဆုံလေသည်နှင့် ထပ်ဆင့်မေး၏။

"ဘယ်လိုပြောရမှန်းမသိဘူးဗျာ"

ခေတ်သစ် စိတ်ရှုပ်ထွေးတဲ့မျက်နှာနဲ့ တစ်ခွန်းပြောလျှင် –

"ဟင် ဒါဆို တကယ်ပြဿနာတက်လာပြီပေါ့၊ ဟုတ်လား ခေတ်ရယ်၊ မမစိမ်းတော့ ခေါင်းပေါ် မီးပုံတင်ထားသလို ပူခြစ်လာပြီ ဘယ်လိုဖြစ်တာလဲကွဲ့"

ခေတ်သစ် မသိမသာ သက်မချ၏။ ပခုံးမှာ သိုင်းလွယ်ထားတဲ့ လေးထောင့်ပုံ သားရေအိတ်ရှည်ကို ပခုံးမှ ချွတ်လေပြီး –

"ပြဿနာတော့မဟုတ်ဘူး မမစိမ်း"

"ဟဲ့ တစ်ခုခုဖြစ်လာတာက ပြဿနာပေါ့ဟဲ့၊ ခေတ်ကို နိုင်လိုက်တဲ့ကိစ္စ ဘယ်လောက်အရေးကြီးတယ်ထင်လဲ"

ခေတ်သစ် ခေါင်းကစ်ချက် ဆတ်၏။ ခံတွင်းမှာ ငုံထားတဲ့ ကွမ်းယာကို တစ်ချက်ဖိဝါးရင်း –

"ဟုတ်ပါတယ် မမစိမ်း၊ ကျွန်တော်လည်း အလေးအနက်ထားပါတယ်ဗျာ"

"ကဲ ထိုင်၊ ထိုင်ပြီးပြော၊ မမစိမ်းက ဘာမဆို ပူပန်တတ်တယ်ဆိုတာ သိတယ်မဟုတ်လား"





"သိပါတယ်ဗျာ"

"ကွမ်းယာငုံသံနဲ့ ဗလုံးဗထွေး ပြောလေသည်။

ဒေါ်ရွှက်နုစိမ်း ဆိုဖာထိုင်ခုံတွေကို ကျော့ပတ်ကာ သူမထိုင်တဲ့ ဆုံလည်ထိုင်ခုံမှာ ထိုင်ချသည်။ ခေတ်သစ်လည်း ဝင်ထိုင်ရင်း သားရေအိတ်ထဲက ကြွပ်ကြွပ်အိတ်သစ်ထုတ်ကာ အိတ်ထဲ ကွမ်းသွေး ဗျစ်ခနဲ ထွေး၏။

"ဟွန်း ခေတ်မှာလည်း အရေးဆို ကွမ်းသွေးထွေးတာက အလုပ်ဖြစ်နေပါပကော"

မမစိမ်း အပြစ်ဖွဲ့သလို မျက်စောင်းနဲ့ကြည့်ရင်း ဆိုသည်။ ကွမ်းယာ စွဲစွဲမြဲမြဲစားလေ့ရှိတဲ့ ခေတ်သစ်က မမစိမ်း အပြစ်ဖွဲ့ပြောလာတိုင်း ခံနေကျမို့ ရိုးနေပါပြီ။

"အလုပ်ပိုတဲ့ အဲဒီကွမ်းအားလုံး ထွေးပစ်လိုက်စမ်းပါ၊ ထွေးပြီးမှ စကားဆက်ပြောမယ်"

ဒီတစ်ခါတော့ မမစိမ်း အပြစ်ပြောရုံတင် မဟုတ်တော့ပါ။ ငွေ့စပ်ပါလို့ အမိန့်ချလေသည်။ ခေတ်သစ် မျက်နှာချိုသွေးပြီး မမစိမ်းကို ကြည့်၏။ မမစိမ်းမျက်နှာထား နဂိုထက်ပိုတင်းကာ ခပ်မော့မော့လေး ထုတ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ထွေးပစ်" တဲ့။

ဒုတိယအကြိမ် ဆိုပြန်ပြီ။

ထွေးမပစ်ချင်လို့ မျက်နှာချိုသွေးမိပါတယ်။ 'မြန်မြန်ထွေးပစ်' လို့ အမိန့်ချလေတော့ ခေတ်သစ် မနာခံလို့မဖြစ်တော့ပါ။

ကွမ်းသွေးထွေးထားတဲ့အိတ်ထဲ ကွမ်းဖတ်တွေ နှမြောစွာပဲ ထွေးရလေသည်။

"ရော့"

မမစိမ်းက ရေသန့်ဘူးထဲက ရေတစ်ဖန်ခွက် အသင့်ငှဲ့ထည့်ပေးပြီး မျက်စောင်းထိုးကာ ကမ်းပေးသည်။ မမစိမ်းရဲ့မျက်စောင်းထိုးပုံလေးက လှပါသည်။

မျက်လုံးလေးစွေစောင်းပြီး စိုက်ကြည့်လိုက်တဲ့ မျက်ဝန်းက ပုံမှန်ထက် ပို၍တောက်ရှန်းလို့နေတတ်သည်။ မျက်စောင်းလှလှ ထိုးတတ်လျက်နဲ့ အပျိုကြီးဖြစ်နေတာက အံ့သြစရာ။

"ဟဲ့ ဘာကြည့်နေတာလဲ၊ ရေသောက်ပြီးရင် ပြော"

မမစိမ်းရဲ့ မျက်စောင်းအလှကို ငြိကာချဲ့နေမိတဲ့ ခေတ်သစ်။ မမစိမ်း ငေါက်ဆတ်ဆတ်ပြောတော့မှ မျက်နှာပိုးသတ်ရလေသည်။

မမစိမ်းက သူမမျက်စောင်းကို ပြန်ကြည့်တိုင်း တင်းမာဆူပူ သွားတတ်သည်။ ဒီထက် တင်းမာဆူပူလာရင် မလွယ်တော့ပါ။





ခေတ်သစ် ကြိုသိနေသည်။ ပခုံးနှစ်ဖက် မသိမသာပင့်ကာ မလွယ်ပါလားလို့ အသံတိတ်ပြောရင်း ရေဖန်ခွက်လှမ်းယူလေသည်။

မမစိမ်းကို မကြည့်တော့ဘဲ ကြည်လင်အေးမြတဲ့ ရေနှစ်ငုံမျှ ဆက်သောက်လေပြီး –

"ဒီလို မမစိမ်းရဲ့"

ခေတ်သစ် တည်ငြိမ်စွာပဲ စကားစလေသည်။

ခေတ်သစ်ဆိုတဲ့ လူငယ်က ကွမ်းယာအဆက်မပြတ်စားလေ့ရှိတာကလွဲပြီး သူမ,နိုင်းတဲ့ကိစ္စမှန်သမျှ အလေးအနက် လုပ်ကိုင်တတ်သလို တော်တန်ရုံကိစ္စဆို လှည့်ကြည့်စရာမလို။

အိုကေဖြစ်အောင် လုပ်ဆောင်တဲ့ဆီမှာ မြန်လည်းမြန်၊ တိလည်း တိကျလှသည်။ ဒါကြောင့် 'ခေတ်သစ်'ကို သူမ အားအကိုးဆုံးပင်။

အားကိုးရလို့ နိုင်းမိတဲ့ အခုကိစ္စက တကယ့်အရေးကြီးလှသည်။ အရေးကြီးဆုံးကိစ္စကိုမှ တစ်ခုခုဖြစ်လာတယ်ဆိုတော့ သူ မပူပင်ဘဲ မနေနိုင်တော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ဘော့စ်နဲ့ ပတ်သက်နေလို့ဖြစ်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"နာမည်ပြော"

"ခေတ်သစ်ပါခင်ဗျ"

"လက်မှတ်ထိုးပြီးမှ အစည်းအဝေးခန်းထဲ ဝင်ပါ"

"ဟုတ်ကဲ့"

ခေတ်သစ် ရိုရိုသေသေ ခေါင်းညိတ်လေသည်။

အစည်းအဝေးခန်းမအပြင်မှာ မှတ်တမ်းရေးနေတဲ့ပုဂ္ဂိုလ်က အစည်းအဝေးတက်ရောက်မယ့်သူစာရင်းနဲ့ အလုပ်ရှုပ်နေပါသည်။

သူ့လိုပဲ အစည်းအဝေးတက်ရောက်ကြမယ့် ပုဂ္ဂိုလ်တိုင်းကို နာမည်မေး၏။ ထိုနာမည်ကို စာရင်းစာရွက်မှာရှာပြီး 'ရော့ အင့်' ဆိုပြီး နာမည်ဘေးမှာ လက်မှတ်ထိုးခိုင်းလေသည်။

အခုလည်း ရှေ့ကလူတွေ လက်မှတ်ထိုးပြီး အစည်းအဝေး





ခန်းမထဲ ဝင်သွားလေပြီ။ 'ခေတ်သစ်' ကိုလည်း သုံးစံအတိုင်း နာမည်မေး၏။ ခေတ်သစ်ဆိုတဲ့ နာမည်ကိုရွတ်ရင်း အစည်းအဝေးမှတ်တမ်းစာအုပ်ထဲရှိ အစည်းအဝေးတက်ရောက်ကြသူများနာမည်ထဲက 'ခေတ်သစ်' နာမည်ကို ရှာနေသည်။

ခေတ်သစ်က လက်မှတ်ထိုးဖို့ ဘောပင်အဆင်သင့်ကိုင်ရင်း စောင့်နေ၏။

"ခေတ်သစ် ဟုတ်လား"

ထိုပုဂ္ဂိုလ် မျက်မှောင်ကြုတ်၍ ခေတ်သစ်ကို တစ်ချက်မော့ကြည့်ရင်း ပြန်မေးသည်။ ခေတ်သစ် ရိုသေကျိုးနွံစွာပင် –

"ဟုတ်ကဲ့ ခင်ဗျ"

"ခေတ်သစ်နာမည်လည်း မရှိဘူး"

ခဲသားရောင် အနောက်တိုင်းဝတ်စုံကို စမတ်ကျကျဝတ်ထား ခဲ့ ထိုပုဂ္ဂိုလ် မှတ်တမ်းထဲကနာမည်တွေ အခေါက်ခေါက်အခါခါကြည့် နည်း ပြောသည်။

"ဟင်"

ခေတ်သစ် ဟင်ခနဲဖြစ်ကာ မျက်မှောင်ကြုတ်ကျသွားလေပြီ။

"ဟုတ်တယ်၊ မောင်ရင့်နာမည် ခေတ်သစ်၊ ဟုတ်တယ် မဟုတ် ဘူး အစည်းအဝေးတက်ရမယ့် မှတ်တမ်းထဲမှာ မပါဘူး၊ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးတာဝန်ခံပုဂ္ဂိုလ်ပြောရင်း မှတ်တမ်းစာအုပ်ပါ ထိုးပြလေသည်။ စီပြီးရေးချထားတဲ့ နာမည်စာရင်းကို မျက်လုံးရှင်ရှင်နဲ့ ခေတ်သစ် လိုက်ကြည့်သည်။

ဟုတ်ပါ၏။ ခေတ်သစ် နာမည်မပါ။

နောက်မှ ခေတ်သစ် သတိရလေသည်။ နာမည်စာရင်းထဲက 'ဒေါ်ရွှက်နုစိမ်း' နာမည်ကို လက်ညှိုးနဲ့ ထောက်ပြပြီး –

"ဟုတ်ကဲ့၊ ဒေါ်ရွှက်နုစိမ်း ပါတယ်လေ"

"မင်းနာမည်က ခေတ်သစ်ဆို"

"ဟုတ်ပါတယ်"

"ဟုတ်တယ်ဆိုရင် ဒေါ်ရွှက်နုစိမ်းနဲ့ ဘာဆိုင်လဲ"

ထိုပုဂ္ဂိုလ် 'ခေတ်သစ်' ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး တိကျသေချာအောင် မေးလေသည်။

"ဒီလိုပါ ခင်ဗျ၊ ဒေါ်ရွှက်နုစိမ်း တုပ်ကွေးဖြစ်ပြီး ကောင်းခါစမို့ အစည်းအဝေးမတက်ဖြစ်ပါဘူး၊ အဲဒီအကြောင်းကို ဘော့စ်ရဲ့အတွင်းရေးမှူး ဦးသက်တန့်ကျော်ကို အကြောင်းကြားပြီးပါပြီ၊ ဦးသက်တန့်ကျော်က တုပ်ကွေးဟာ ကူးတတ်တဲ့သဘောရှိတာကြောင့် ကိုယ်စားလွှတ်ဖို့ ဦးသက်တန့်ကျော် အကြောင်းပြန်ပါတယ်၊ ဒါနဲ့ ဒေါ်ရွှက်နုစိမ်းက ကျွန်တော့်ကို လွှတ်ခဲ့တာပါ၊ ဒေါ်ရွှက်နုစိမ်းကိုယ်စားပါ ခင်ဗျ"





ခေတ်သစ် သေချာရှင်းပြရလေသည်။ ထိုပုဂ္ဂိုလ် ခေါင်းတညိတ်ညိတ်နားထောင်ပြီးတော့ တစ်ခွန်းပြောသည်။

"ခဏစောင့်"တဲ့။

ခေတ်သစ် ခေါင်းညိတ်လိုက်ရသည်။ ထိုပုဂ္ဂိုလ် ထိုင်နေရာမှ မှတ်တမ်းစာအုပ်ကိုင်ပြီး ထထွက်သွား၏။ သေချာတာက တိကျသေချာအောင် ဦးသက်တန့်ကျော်ကို သွားမေးဖို့ပဲ ဖြစ်မည်။

စေ့ပိတ်ထားတဲ့ အစည်းအဝေးခန်းမဘေးရှိ အခန်းတစ်ခုထဲဝင်သွား၏။ ခေတ်သစ် မသိမသာသက်မချပြီး စိတ်ရှည်လက်ရှည် ရပ်စောင့်နေရသည်။

မစောင့်လို့လည်း မဖြစ်ပါ။ သူက ဝန်ထမ်း။ ဝန်ထမ်းတောင်မှ လုပ်ငန်းခွဲတစ်ခုက တာဝန်ခံမှူးသာ ဖြစ်သည်။

သူတို့လို ဝန်ထမ်းအဆင့်က ဘော့စ်နဲ့ တိုက်ရိုက်တွေ့ခွင့်မရှိ။ အနုပညာကောင်းကင်စင်တာမှာ ခေတ်သစ် အလုပ်ဝင်တာ နှစ်နှစ်တင်းတင်းပြည့်ပြီးဖြစ်သည်။

ခုချိန်ထိ ဘော့စ်ဆိုတာ ဖြူသလား မည်းသလား၊ ယောကျ်ားလား မိန်းမလား မသိပါ။

မမစိမ်းကတော့ ဘော့စ်ကလို့ ထည့်ပြောတက်သည်။ ဘော့စ်ရဲ့လုပ်ငန်းပေါင်းများစွာ ရှိတဲ့အနက် မမစိမ်းက 'အနုပညာကောင်းကင်'



www.burmeseclassic.com

www.burmeseclassic.com



လို့ နာမည်တပ်ထားတဲ့စင်တာကို တိုက်ရိုက်စီမံကြီးကြပ်ရသူ။

စင်တာတိုက်ရိုက်အုပ်ချုပ်သူတွေအပေါ် လိုအပ်ရင် လိုအပ်သလို ညွှန်ကြားသည်က ဘော့စ်ရဲ့အတွင်းရေးမှူးနဲ့ အထွေထွေအတွင်းရေးမှူးတို့ကတစ်ဆင့် ဖြစ်သည်။

မမစိမ်းတို့ပင်လျှင် ဘော့စ်နဲ့ တော်တန်ရုံကိစ္စကို တွေ့ဆုံခွင့်မရကြပေ။ ဒါကြောင့် သူတို့လိုဝန်ထမ်းတွေက ဘော့စ်နဲ့ ပို၍အလှမ်းကွာဝေးလှသည်။

မမစိမ်း နိုင်းသမျှကို လုပ်၊ အချိန်တန်ရင် မမစိမ်း ထုတ်ပေးတဲ့လခကိုယူ။ ဒါလောက်ပဲ။

စင်တာထဲက သူလိုဝန်ထမ်းကောင်မလေးတွေကတော့ အလုပ်ဝင်တာပဲ နှစ်ချီနေပြီ။ ဘော့စ်ကို မမြင်ရလို့ စိတ်ထဲ ဟာနေတယ်လို့ ပြောကြဆိုကြတာတွေ ရှိသည်။

တကယ်လည်း ဘယ်ဝန်ထမ်းဖြစ်ဖြစ် ကိုယ့်ဘော့စ်ကိုတော့ ကိုယ်မြင်ဖူးချင်ကြတာပဲ။

ဒါပေမဲ့ ဘော့စ်က လုပ်ငန်းကြီးတွေများသမို့ ဟိုအောက်ခြေက ဝန်ထမ်းနဲ့ ထိတွေ့နိုင်ဖို့ အချိန်မပေးနိုင်အောင် အလုပ်များလှသူ ဖြစ်သည်။

ဒီနေ့ အစည်းအဝေးပွဲက ဘော့စ်ရဲ့လုပ်ငန်းပေါင်းများစွာရဲ့





စီမံကြီးကြပ်သူ၊ စင်တာရဲ့အကြီးဆုံးဝန်ထမ်းနဲ့သာ တွေ့ဆုံပြီး လုပ်ငန်းကိစ္စဆိုင်ရာကို တိုက်ရိုက်ညွှန်ကြားမည်။

ကိုယ့်လုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်အလက်ကို ဆွေးနွေးရမည်။ လိုအပ်တာကို တင်ပြပြီး ဘော့စ်ရဲ့အတည်ပြုဖြည့်စွက်ညွှန်ကြားချက်မှန်သမျှကို လက်ခံရမည့် အထူးအစည်းအဝေးပွဲဖြစ်၏။

ဒီအစည်းအဝေးပွဲကို ဘယ်စင်တာရဲ့တာဝန်ခံကမှ ပျက်ကွက်ခွင့်မရှိပါ။ အခြေအနေအရ မမစိမ်းလည်း မပျက်မကွက် တက်ရောက်ဖို့ လုပ်ငန်းကိစ္စတွေ အသေးစိတ်စီစဉ်သမျှကို ခေတ်သစ်ကိုယ်တိုင် ပါဝင်လုပ်ဆောင်ပေးပြီး ဖြစ်သည်။

သို့သော် မမစိမ်း ကောက်ကာငင်ကာ တုပ်ကွေးဖြစ်ပြီး ဆေးထလို့ကောင်းခါစ ရှိပါသေးသည်။

လုံးဝကောင်းသွားခြင်းမဟုတ်တာကြောင့် သူမကတစ်ဆင့် အစည်းအဝေးခန်းမထဲရှိ ပုဂ္ဂိုလ်များထံ ကူးစက်သွားလျှင်။

အပျိုကြီးပီပီ စိတ်ပူတာနဲ့ စိုးရိမ်တာ များလေသည်။

မမစိမ်းစိုးရိမ်တဲ့အတိုင်း ဦးသက်တန့်ကျော်ကို အကြောင်းကြားသည်။ ဦးသက်တန့်ကျော်ကလည်း ကျန်းမာရေးလိုက်စားသူပီပီ တုပ်ကွေးကူးစက်ကုန်မှာ စိုးလေသည်။ ဒါကြောင့် မမစိမ်းကိုယ်စား ဆောင်ရွက်နိုင်မည့် ဝန်ထမ်းတစ်ဦးကို အစားထိုးလွှတ်ခဲ့ပါတဲ့။

www.burmeseclassic.com



မမစိမ်းက ခေတ်သစ်ကို တုပ်ကွေးမဖြစ်အောင် ကာကွယ်ဆေး ထိုးပေးပြီး ထိုအစည်းအဝေးတက်ရောက်ဖို့ တာဝန်ပေးလေသည်။

မမစိမ်းပေးတဲ့ကာဝန်နဲ့ အထူးအစည်းအဝေးပွဲကျင်းပရာ ဘော့စ်ရဲ့ ပင်မရုံးချုပ်အဆောက်အအုံထဲ ရောက်ခဲ့ခြင်းဖြစ်သည်။

ခုတော့ အစည်းအဝေးမှတ်တမ်းထဲမှာ ခေတ်သစ်နာမည်မပါ လို့တဲ့။ ထိုပုဂ္ဂိုလ်ဝင်သွားပြီး မိနစ်ပိုင်းမျှပင် မကြာပါ။

ပြန်ထွက်လာတော့ အညိုရောင်အနောက်တိုင်းဝတ်စုံနဲ့ ခပ်ဖိုင့်ဖိုင့်လူကြီးတစ်ဦး ပါလာသည်။ နဖူးပြောင်သည့်ကလွဲပြီး ကြည့်ကောင်းနေသည့် ထိုလူကြီးက ခေတ်သစ်ကို စူးစူးစိုက်စိုက်ကြည့်လေပြီး

"ဒေါ်ရွက်နုစိမ်းလွှတ်ခဲ့တာ ဒီသူငယ်လား"

ဟု မေးသည်။ ခေတ်သစ် ခေါင်းညိတ်သလို မှတ်တမ်းစာအုပ်ကိုင်ထားတဲ့ ပုဂ္ဂိုလ်လည်း ခေါင်းညိတ်ပြီး တစ်ဆက်တည်းဆိုသည်။

"ဟုတ်တယ်၊ နာမည်က ခေတ်သစ်" တဲ့။

"ခေတ်သစ် ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

ရှိသေကျိုးနွံသလို တည်ကြည်လေးနက်တဲ့အသွင်နဲ့ သပ်ရပ်ကြော့ရှင်းနေတဲ့ ခေတ်သစ်ကို ဦးသက်တန့်ကျော် သဘောကျသလို ခေါင်းဆတ် အသိအမှတ်ပြု၏။





လူငယ်ဆိုတာ ဒီလိုသွက်လက်ချက်ချာပြီး ရိုကျိုးနေဖို့ လိုအပ်သည်။ ဒါကြောင့်လည်း ဘာဘာညာညာ မေးမနေတော့ပါ။

"လိုအပ်တဲ့ဖိုင်ယူပြီး ဒေါ်ရွက်နုစိမ်းကိုယ်စား လက်မှတ်ထိုး၊ အစည်းအဝေးခန်းမထဲ ဝင်တော့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဦးသက်တန့်ကျော် ပြောပြီး ထွက်လာတဲ့အခန်းထဲ ပြန်ဝင်သွားသည်။ မှတ်တမ်းကိုင်ပုဂ္ဂိုလ်က သူ့နေရာမှာ သူဝင်ထိုင်လေပြီး ခေတ်သစ်ကို လက်မှတ်ထိုးစေသည်။

လက်မှတ်ထိုးပြီး ခေတ်သစ်လွယ်ထားတဲ့ သားရေအိတ်ထဲက အဖြူဆွတ်ဆွတ်ရောင် ကြည်လဲ့နေတဲ့ ဖိုင်တွဲကို ထုတ်ယူသည်။

"လက်ကိုင်ဖုန်း ယူမသွားနဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

ထိုပုဂ္ဂိုလ်က သတိပေးသလို ပြောသည်။

အထူးအစည်းအဝေးပွဲမှာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအားလုံး တစ်ခုခု အလွဲအချော် အတိမ်းအစောင်းဖြစ်မှာကို မလိုလားကြပေ။

ဒါကြောင့် အစစအရာရာ တိတိကျကျ ကြပ်မတ်နေခြင်းဖြစ်သည်။ မမစိမ်းကလည်း သေချာမှာထားလေသည်။ ခေတ်သစ် မမေ့ပါ။

"လက်ကိုင်ဖုန်း ယူမသွားနဲ့၊ နောက်ပြီး လုံးဝ ကွမ်းယာမဝါးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ ခေတ်သစ် နားလည်ပါသည်။ သူလည်း ဝန်ထမ်းပါပဲ။ မမစိမ်းလိုပဲ လူကြီးတွေဟာ အရာရာအပေါ် စိုးရိမ်တတ်ပါလားဆိုတာ ခုမှ ပိုသိသာလေသည်။ ထို့ကြောင့် လက်ကိုင်ဖုန်းနဲ့ သားရေအိတ်ကို ပုဂ္ဂိုလ်စားပွဲပေါ်မှာ ထားခဲ့ပြီး ဖိုင်တစ်ခုသာကိုင်၍ အစည်းအဝေးခန်းမထဲ ဝင်ဖို့ အဆင်သင့်ဖြစ်လေသည်။

ကွမ်းယာဝါးခွင့်မရတာလေးအတွက်ပဲ ရင်မှာဟာလျက်။

✿ ✿ ✿



## အခန်း (၃)

ခန်းမထဲဝင်လိုက်သည်နှင့် အဲယားကွန်းကြောင့် ခေတ်သစ်တစ်ကိုယ်လုံး အေးမြမြဖြစ်လို့သွားသည်။

အလယ်မှာ ရောင်စုံပန်းပေါင်းစုဖြင့် အလှဆင်ထားသော ဘဲဥပုံစားပွဲဝိုင်းပတ်လည်မှာ ထိုင်နေကြပြီးဖြစ်တဲ့ လုပ်ငန်းပေါင်းစုံဆိုင်ရာ ပုဂ္ဂိုလ်သုံးဆယ်နီးပါး ရှိလေသည်။

အားလုံး လူကြီးပိုင်းတွေသာ။ အမျိုးသမီးကြီး လေးဦးသာ ပါသည်။ လူကြီးပိုင်းအားလုံးရဲ့မျက်လုံးအကြည့်တွေ ခေတ်သစ်ထံ ပြုံကျလာလျှင် ခေတ်သစ်ခြေလှမ်း တန့်သွားပါသည်။

ခေတ်သစ်သာလျှင် အားလုံးထဲမှာ ငယ်နေတော့ အံ့သြနေလို့ပဲ ထင်ပါတယ် ... တန်တူသည်။

ဦးသက်တန့်ကျော် ဝင်လာပြီး ဘဲဥပုံစားပွဲအလယ်တွင် လာ...



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့နေရာမှာ ထိုင်ဖို့ပြပေးသည်။ ဒေါ်ရွက်နုစိမ်းကိုယ်စား တက်ရောက်တာဖြစ်ကြောင်းလည်း ရှင်းပြလျှင် အံ့သြနေတဲ့လူကြီးများရဲ့ မျက်လုံးကနားလည်သွားဟန်နဲ့ တောက်ပလေသည်။

ခေတ်သစ် ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ဝင်ထိုင်၍ ကိုယ်ကိုမတ်မတ်ထားလေသည်။ စားပွဲထိပ်ဆုံးတစ်နေရာနဲ့ ဘေးတစ်နေရာသာလွတ်နေသေးသည်။

ဘေးတစ်နေရာမှာ ဦးသက်တန့်ကျော် ဝင်ထိုင်လျှင် ကျန်တစ်နေရာက ဘော့စ်အတွက်ဖြစ်မှာ သေချာသည်။

အားလုံး တည်ငြိမ်စွာထိုင်ရင်း တီးတိုးပြောလျက် ဘော့စ်အလာကို စိတ်အားထက်သန်စွာ စောင့်နေကြတာ သိသာလေသည်။

ခေတ်သစ်လည်း စိတ်ဝင်စားနေပါသည်။ ဘော့စ်ကို ဦးဦးဖျားဖျား မြင်တွေ့ရမှာဖြစ်သလို၊ လုပ်ငန်းဆိုင်ရာကိစ္စကိုလည်း ဆွေးနွေးတိုင်ပင်ရမှာဖြစ်တဲ့အတွက် စိတ်ပါလှုပ်ရှားလျက်ရှိသည်။

ထိုစဉ် ချိုလွင်သော လျှပ်စစ်ခေါင်းလောင်းသံ သာယာစွာပေါ်ထွက်လာသည်။ ခေါင်းလောင်းသံကြောင့် တီးတိုးပြောနေကြသော စကားသံတွေ ရုတ်ခြည်း တိတ်ကျသွားသလို အားလုံးဖျတ်ဖျတ်လတ် ထ,ရပ်လေသည်က ဘော့စ်ကို ကြိုဆိုဖို့ဖြစ်မှန်း ခေတ်သစ် သဘောပေါက်လေသည်။





အားလုံးနဲ့အတူ ခေတ်သစ်လည်း ထ,ရပ်သည်။

ခေါင်းလောင်းသံလေး တန့်သွားသည်နှင့် လွတ်နေတဲ့ထိုင်ခုံနောက်မှ နံရံမြုပ်တံခါးတစ်ချပ် ရုပ်ခနဲ ပွင့်၏။ တံခါးပွင့်လာသည်နှင့် အနောက်တိုင်းဝတ်စုံ အဖြူဆွတ်ဆွတ်ဝတ်ထားသည့် လူလတ်ပိုင်းအရွယ် အမျိုးသားလေးဦး တန်းစီထွက်လာသည်။

ခန်းမကြီးက တိတ်ဆိတ်နေသော်လည်း စိတ်ဝင်စားစရာတို့နှင့် ဝေးမောဖွယ်ကောင်းနေတယ်လို့ ခေတ်သစ် ခံစားမိပြီး –

ထိုလေးယောက်က လွတ်နေတဲ့ ထိုင်ခုံရဲ့ဘေးတိုက်ကျကျမှာ နှစ်ယောက်တစ်တွဲ ခွဲရပ်လျက် ဘော့စ်ကို စောင့်ဆိုင်းနေသည်။

အားလုံးစောင့်ဆိုင်းနေတဲ့ ဘော့စ်ကလည်း အချိန်ဖြုန်းမနေဘဲ မိနစ်ဝက်မျှပင် ကြာဟန်တူပါသည်။ ခန့်ခန့်ညားညား ထွက်လာတာမြင်လျှင် ခေတ်သစ် နှုတ်ခမ်းလွှာ အံ့သြတုန်ခါစွာ ပွင့်ဟသွားပါသည်။

"ဟင်"

ဒီလူကြီးက ဘော့စ်တဲ့လား။ မယုံနိုင်တဲ့ မျက်ဝန်းနဲ့လည်း ကြည့်မိလေသည်။

မိုးပြာရောင် ကုတ်ဝတ်စုံနဲ့ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လျက်၊ မာနပြည့်ရှိသော ဘော့စ်က အားလုံးကိုခြုံ၍ တစ်ချက်ပြုံးပြလျှင် နုပျိုနေသယောင် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တင်းသောမျက်နှာပုံက အရှိန်အဝါတစ်မျိုးနဲ့ တောက်ပ ...နေ နှုတ်ခမ်းပါးနဲ့ မျက်ဝန်းတောက်တောက်က ထင်ရှားသည်။ နှုတ်ခမ်း မွေးပုံစံကျနဲ့မို့ ပို၍ခန့်ညားသလို မျက်ခုံးထူထူကြီးက နှုတ်ခမ်းမွေးနဲ့ ဆံပင်လို အဖြူအမည်းရောထွေးနေသည်က တစ်မျိုးတစ်ပုံကြည့်ကောင်း နေသည်။

အသက်ခြောက်ဆယ်နီးပါးဆိုတဲ့ အသက်အရွယ်အရ ဖြူလာ တဲ့ဆံပင်တွေကို ဆေးဆိုးပြီး ဇရာကို ကာကွယ်နေကြတဲ့ ဘော့စ်တွေ ထဲမှာ ဒီဘော့စ်က တသီးတခြား။

ဇရာကို ရဲရဲဝံ့ဝံ့ဖော်ပြကာ သဘာဝတရားကို အကာအကွယ် မပါဘဲ ဖြူရင်ဖြူတဲ့အတိုင်း ဖြစ်နေသည်က အံ့သြဖို့လည်း ကောင်းနေ သည်။

ခုတော့ ဒီလူကြီးက သူ့ရဲ့ဘော့စ်တဲ့၊ မယုံနိုင်စရာကောင်းပါဘိ။

'ဦးအလင်းတန်း'. . . ခင်ဗျားကြီးက ဘော့စ်တဲ့လား။

ရင်ထဲက ထိုမေးခွန်းနောက်မှာ ခေတ်သစ် မျက်ဝန်းမှ အံ့သြ တာတွေ ကွာကျလေပြီ။ တင်းမာမှုနဲ့ ခံပြင်းမှုအရောင်သို့ ပြောင်းလဲ သွားလေသည်။

"အားလုံးပဲ မင်္ဂလာပါ၊ ထိုင်ကြပါ"

သြဇာအရှိန်အဝါကြီးမားသောဘော့စ်ရဲ့ နှုတ်ဆက်သံ ပေါ်





...ွက်လာသည်က ခေတ်သစ်ကို လှုပ်ခါလိုက်သည့်နှယ်။

ပြောင်းလဲသွားတဲ့ ခေတ်သစ် မျက်ဝန်းရောင်စဉ်ကို ဣန္ဒြေ ...ယ်ထိန်းလိုက်ရသည်။ ဘော့စ် နှုတ်ဆက်ပြီး ဦးစွာဝင်ထိုင်လျှင် အားလုံး ...ရာကိုယ်စီ ထိုင်ကြ၏။ ခေတ်သစ်လည်း ရုတ်ခြည်းတင်းမာလာတဲ့ ...ာချက်တွေကို မျိုချပြီး ထိုင်လေသည်။

ဦးအလင်းတန်းက ဘော့စ်တဲ့။ ကြိုတင်သာသိရင် အနုပညာ ...ာင်းကင်စင်တာမှာ ခေတ်သစ် အလုပ်ဝင်မည်မဟုတ်ပါ။ ခေတ်သစ် ...ထဲမှ ဒဏ်ရာနက်တစ်ခု ဖြစ်စေခဲ့သည့် ဦးအလင်းတန်းဟာ သူ့ရဲ့ ...ော့စ် ဖြစ်မနေသင့်ပါ။ ခုတော့ ထင်မှတ်မထားစွာ။

ခေတ်သစ် စိတ်လှုပ်ရှားကာ စားပွဲအလယ်ရှိ အလှစိုက်ထား ...ဲ ...နီးရောင်းစုံများထဲမှ စွင့်စွင့်ကြီးပွင့်နေသော ကျူးလစ်ပန်းကို စိုက် ...ကြည့်နေလျှင် –

"လုပ်ငန်းဆိုင်ရာအားလုံးမှာ ကျွန်တော် အားမရဆုံးက 'အနု ...ညာကောင်းကင်' လုပ်ငန်းကိုပဲ"

"ဟင်"

စစချင်း ဦးအလင်းတန်းဆိုသည်က ခေတ်သစ်နဲ့ဆိုင်တဲ့ စင် ...ဘိစ္စ ဖြစ်လေသည်။ ခေတ်သစ် ကိုယ်တုန်မတတ်ဖြစ်ကာ အသိ ...င်းစွာ ဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ၏။ ကိုယ်ရေးကိုယ်တာနဲ့ လုပ်ငန်းကိစ္စ ယှဉ်တွဲခံစားနေဖို့ မကောင်းပါ။

ခုချိန်မှာ ဒီလူကြီးက သူ့ရဲ့ဘော့စ်။ လုပ်ငန်းဆိုင်ရာ ဆွေးနွေးမယ့် အရေးကြီးဆုံးပုဂ္ဂိုလ်။

ခေတ်သစ် သတိလက်လွတ်၍ မဖြစ်ပါ။ အားလုံးကလည်း ဘော့စ်အားမရဆုံးဖြစ်တဲ့ အနုပညာကောင်းကင်စင်တာကိစ္စ ဘယ်လိုတင်ပြမလဲဆိုတာ စိတ်ဝင်စားလျက် ခေတ်သစ်ဆီ လှမ်းကြည့်လေသည်။

ခေတ်သစ် အရိုအသေပေးပြီး မတ်တတ်ရပ်လျှင် ဘော့စ်မျက်လုံးအစုံ ခေတ်သစ်ဆီ ရောက်လာသည်။

"ဟုတ်ကဲ့ပါ ဘော့စ်၊ ဘော့စ် အားမရနိုင်တဲ့ အချက်အလက်အားလုံးကို ဒေါ်ရွှက်နုစိမ်းက အသေးစိတ်တင်ပြထားပါတယ်၊ အဲဒီတင်ပြချက်ကို ကျွန်တော် ရှင်းပြပါ့မယ်"

ခေတ်သစ် သူ့ကိုယ်သူ ယုံကြည်မှုရှိစွာ တည်တည်ငြိမ်ငြိမ်ပြောလျှင် ဘော့စ်အကြည့်က အရောင်ပြောင်းလေသည်။ တစ်ချက်စိုက်ကြည့်မိရုံနဲ့ ဦးအလင်းတန်း မျက်ခုံးထူထူကြီးတွန့်ကာ ငြိမ်သက်သွား၏။ ခေါင်းထဲမှာလည်း ဒီသူငယ်ပဲလို့ ဒိုင်းခနဲ အသိဝင်လာသည်။

ဟုတ်ရော ဟုတ်ရဲ့လားလို့ သံသယလည်းဖြစ်ကာ –

"နေဦး"





ဦးအလင်းတန်းရဲ့ဟန့်တားသံ ဟိန်းထွက်လာသည်။ ခေတ်သစ်အသံတိတ် လှမ်းကြည့်တော့ ဦးအလင်းတန်းမျက်ဝန်းနဲ့ တည့်ဆုံလေပြီ။

ရှုးရှုကာ အရောင်တဖျပ်ဖျပ် လက်ထနေသော ဦးအလင်းတန်းရဲ့ မျက်ဝန်းနက်အစုံနောက်မှာ လက်ညှိုးပါလာပြီး –

"မင်းက"

လို့ အတိတ်အကြောင်းကို သတိရစွာ ရည်ညွှန်းမေး၏။

ဒီအဘိုးကြီးမှတ်ဉာဏ်ကောင်းတာကိုတော့ ခေတ်သစ် ချီးကျူးရမလိုဖြစ်၏။ သို့သော်လည်း အတိတ်အကြောင်းက ရင်မှာ ဆစ်ခနဲကျင်တက်လာလျှင် ခေတ်သစ် နှုတ်ခမ်းတစ်ချက် မဲ့သွား၏။

တည့်ဆုံနေတဲ့ အကြည့်က ဆုံနေဆဲ။

"ဘော့စ် ဒေါ်ရွှက်နုစိမ်းကိုယ်စား တက်ရောက်လာတဲ့ တာဝန်ခံ လူငယ်ပါ၊ ဘော့စ်ကို ကျွန်တော် ကြိုတင်အသိပေးထားပါတယ်"

ဦးသက်တန့်ကျော် ရှင်းပြလျှင် –

"မဟုတ်ဘူး၊ အဲဒီကိစ္စမဟုတ်ဘူး၊ မင်း မဟုတ်လား"

လို့ ထပ်မေး၏။

ဦးသက်တန့်ကျော် စိတ်ရှုပ်ကာ ခေါင်းကုတ်ရမလို ဖြစ်လေသည်။ အားလုံးကလည်း ဘော့စ်နဲ့ ခေတ်သစ်ကို တအံ့တသြကြည့်နေကြကာ ဘာဆိုတာကိုလည်း သိချင်နေကြသည့် မျက်ဝန်းအစုံပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



အရောင်စွက်လို့နေသည်။

ခေတ်သစ် လိမ်ညာဖို့ စိတ်မဝင်စားပါ။ အထူးသဖြင့် မှတ်ဉာဏ်ကောင်းလွန်းတဲ့ အဘိုးကြီးရင်ထဲ မှန်သွားအောင် ရဲရဲသွက်သွက် ဝန်ခံလိုက်၏။

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်ပါပဲ"

'ကျွတ်'

အဘိုးကြီး နှုတ်ခမ်းစေ့ကာ ကျွတ်ခနဲ စုတ်သပ်ရင်း ခေါင်း နှစ်ကြိမ်မက ယမ်း၏။

ရင်ထဲက အောက်သိုးသိုးခံစားချက်က မျက်နှာပေါ် ပြေးတက်လာလျှင် ဦးအလင်းတန်း ဣန္ဒြေပျက်လုမတတ် ဖြစ်လေသည်။

ခေတ်သစ်က ဣန္ဒြေမပျက်ပါ။ ပို၍ရဲဝံ့လို့ နေသည်။

"အနုပညာကောင်းကင်စင်တာကိစ္စကို ကျွန်တော် ဆက်လက်ရှင်းပြပါ့မယ်"

အလုပ်ကိစ္စဘက် ခေတ်သစ် စကားဦးလှည့်လျှင် –

"ရပြီ"

တဲ့။ ပြတ်တောင်းတောင်း ပိတ်ပင်တဲ့ ဦးအလင်းတန်း။

ခေတ်သစ် စိတ်ထဲ နင့်ခနဲဖြစ်ကာ –

"ကျွန်တော်"





ဟု စကားဆက်ပြောဖို့ စရုံရှိသေးတယ်။

"လက်ထဲက ဖိုင်တွဲထားပြီး ထွက်သွား"

တဲ့။

"ဗျာ"

ခေတ်သစ်လက်ထဲက ဖိုင်က တုန်ခါလွတ်ကျသွားသည်။ ဦး အလင်းတန်းမျက်ဝန်းက စူးရဲတောက်ပလျက် ခေတ်သစ်ကို နက်နက် ရှိုင်းကြည့်နေဆဲ။

"ဦးသက်တန့်ကျော် ဒီလူငယ်ကို ခန်းမအပြင်ပို့လိုက်"

ဟု အမိန့်ပေးသလို ပြောလေသည်။ ဦးသက်တန့်ကျော် ထိုင် မှ ထလာကာ ဘော့စ်အလိုအတိုင်း ခေတ်သစ်ကို မျက်ရိပ်ပြသည်။

"လာပါ"

တဲ့။ ခေတ်သစ် ဘာတတ်နိုင်မှာလဲ။

အံ့တစ်ချက်တော့ ကြိတ်မိကာ မျက်လုံးပေါင်းများစွာကြားမှာ အလိုအတိုင်း အစည်းအဝေးခန်းမအပြင်ဘက် ရောက်ခဲ့ရလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

“ဟာ အဲဒါ ပြဿနာပေါ့၊ ပြဿနာကမှ ပိစိလေးမဟုတ်ဘူး၊ အကြီးကြီးပေါ့ဟဲ့၊ ခေတ် မင်း ဘယ်လိုလုပ်လိုက်တာလဲကွယ်၊ ဘော့စ်ကို မင်း မရှိမသေ မကျိုးမနွံ့ ပြောမိဆိုမိပြီ မဟုတ်လား၊ ဒါကြောင့် ခေတ်ကို နှင်လွှတ်တာဖြစ်မယ်၊ ဟုတ်တယ်မဟုတ်လား ခေတ်ရယ်”

မမစိမ်းမျက်နှာ ညှိုမှောင်ပျက်ကျကာ ထိတ်ထိတ်ပျာပျာ ပြောလေသည်။ ခေတ်သစ် စိတ်ပျက်စွာ ခေါင်းယမ်းပြီး –

“မမစိမ်းရာ ကျွန်တော် မမစိမ်းအပေါ်မှာတောင် ဘယ်လောက်ရှိသေတယ်, ဘယ်လောက်ကျိုးနွံ့တယ်ဆိုတာ မမစိမ်း အသိပါ”

ဟုတ်ပါရဲ့။

ဒါတော့ ဒေါ်ရွှက်နုစိမ်း လက်ခံပါသည်။ ခေတ်သစ်က အလုပ်ဝင်ကတည်းက သူမအရိပ်အခြည်ကို နားအလည်ဆုံးနဲ့ တာဝန်ရှိလျှကြီး





အပေါ် ဆက်ဆံတာ အသိတတ်ဆုံး၊ ပြီးတော့ အပါးနပ်ဆုံးနဲ့ အလိမ္မာဆုံး ဖြစ်သည်။

သူမကို အလေးထားဆက်ဆံတဲ့ ခေတ်သစ်က ဘော့စ်ကိုလည်း ထိုသို့ ဆက်ဆံမှာပဲ။

ဒါဆို ဘာကြောင့် ဘော့စ် နှင်လွှတ်တာလဲ၊ အကြောင်းပြချက် ရှိပေမည်။ ဟုတ်သည်။

“နေဦး၊ မင်းနဲ့ဘော့စ် ဘာပတ်သက်လို့လဲ၊ တစ်ခုခုတော့ အကြောင်းရှိမှာပဲ၊ ဟုတ်တယ်မဟုတ်လား”

မမစိမ်းမေးလျှင် ခေတ်သစ်မျက်ဝန်းမှ ကြည်လဲ့တဲ့အရောင်တွေ နောက်ကျိသွားလေပြီ။

နှုတ်ခမ်းစေ့ကာ သက်ပြင်းရှိုက်ရင်း အမူအရာတင်းသွားကဲ့ ခေတ်သစ်။ ဒေါ်ရွှက်နုစိမ်း တစ်ခုခုကို သဘောပေါက်လို့သွားသည်။

“ပြောလေ ခေတ်၊ ဟုတ်တယ်မဟုတ်လား”

ခေတ်သစ် ခေါင်းမညိတ်ချင်သလို၊ ခေါင်းလည်း မခါလိုပါ။

အတိတ်အကြောင်းက ခံပြင်းစိတ်လှုပ်ရှားစရာတွေနဲ့။ ခေတ်သစ် ခံစားချက်တွေ မတည်ငြိမ်နိုင်တော့ပါ။

သားရေအိတ်ထဲက ပါဆယ်ဝယ်ထည့်ထားတဲ့ ကွမ်းယာထုပ်ကို နှိုက်လေသည်။ ကွမ်းတစ်ယာ ခံတွင်းထဲ ထည့်ငုံလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မမစိမ်းရဲ့"

ဟု ဆိုသည်။ ဒီတစ်ခါတော့ မျက်လုံးရှေ့တွင် ကွမ်းယာငုံလိုက်တဲ့ ခေတ်သစ်အပေါ် ဒေါ်ရွှက်နုစိမ်း ကွမ်းမစားပါနဲ့လို့ သတိပေးတာ မြင်မနေတော့ပါ။

သူမ စိတ်ဝင်စားနေသည်က ခေတ်သစ်ပြောပြတဲ့ ဘော့စ်နဲ့ ခေတ်သစ်ရဲ့အတိတ်က ဆက်ထုံးအကြောင်း။

✿

King Center

ထိုစဉ်က အမျိုးသားသီးသန့်ကိုယ်ကာယလေ့ကျင့်စင်တာ ခေတ်သစ်က နည်းပြဝန်ထမ်းဖြစ်သည်။ ကိုယ်ကာယလေ့ကျင့်စင်တာ နည်းပြဖြစ်တာမို့ သင်တန်းသားတွေ ယုံကြည်မှုရှိအောင် ပြဖို့လိုပါသည်။

အထူးသဖြင့် ကျန်းမာရေး ဒေါင်ဒေါင်မြည်ရမည်။ ခန္ဓာကိုယ် အဆစ်အပေါက် တောင့်တင်းခိုင်မာမှုရှိကြောင်း ပေါ်လွင်ရပေမည်။ ထို့ မက ယောက်ျားပီသသော ကိုယ်ဟန်က ဖုခြင်း,ထစ်ခြင်းတွေ သူ့နေရာ သူ ရှန်းကြွကာ၊ ခြသေ့်ပျို့လို ထကြွတဲ့ဟန်နဲ့ အချိန်တိုင်း ဖျတ်လတ်





နေရမည်ဖြစ်သည်။

ဒါကြောင့်မို့ ခေတ်သစ်က သူ့ကိုယ်သူ အစဉ်ဂရုစိုက်ကာ စံပြ ဖြစ်အောင် ပုံသွင်းနေရပါသည်။

ကိုယ်တိုင်ကလည်း ကျန်းမာရေး လိုက်စားသူမို့ သက်လုံ ကောင်းစေဖို့ နွေရယ်၊ မိုးရယ်၊ ဆောင်းရယ်လို့ မခွဲခြားပေ။ မနက်တိုင်း ကန်တော်ကြီးတစ်ပတ် ပြေးလေ့ရှိသည်။

အရုဏ်ဦးမှာ လတ်ဆတ်သောလေပြည်နုကို တစ်ဝကြီးရှူရင်း တစ်ကိုယ်လုံး လှုပ်ရှားကာ ပြေးရသည့်အရသာက စိတ်ကို လန်းဆန်း ကြည်မြစေပါသည်။

ဒါကြောင့် King Center မှာ နည်းပြလုပ်ကတည်းက ခေတ်သစ် ပျက်ကွက်ခြင်းမရှိပါ။ မနက်ဝေလီဝေလင်းဆို ပြေးကောင်းနေဆဲ ဖြစ်သည်။

ထိုနေ့က မှတ်မှတ်ရရပြောရလျှင် နွေဦးဖြစ်ပေမယ့် နှင်းမှုန် လေးများ ကျနေပါသည်။ နှင်းမှုန်လေးများကြောင့် နွေဦးမနက်က မှုန်ဝါးဝါးနှင့် တစ်မျိုးတော့ လှသလိုလို ရှိသည်။

နွေဦးမို့ ဆောင်းရာသီရဲ့မနက်ခင်းလို ထပြေးသူများကို လမ်း ပေါ်တွင် များများစားစား မတွေ့ရပေ။ တစ်ယောက်စ နှစ်ယောက်စသာ။

ကန်တော်ကြီး ပတ်ပြေးပြီးသော်လည်း ခေတ်သစ် ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ စင်တာဆီ ဦးတည်မနေပါ။ အချိန်က စောနေသေးတာရယ်၊ နှင်း မှုန်ကလေးများကြောင့် မနက်ခင်းဟာ စိုအိလတ်ဆတ်နေတာရယ်ကြောင့် မှန်မှန်လေး ပြေးကောင်းနေဆဲဖြစ်သည်။

စိတ်ငြိမ်နေသော လမ်းသွယ်တစ်ခုထဲ ချိုးဝင်ပြေးလျှင် –

"ဝုတ် ဝုတ် ဝုတ်"

"ဝုတ်"

ဆိုတဲ့ မာန်ဖီအော်ဟစ်ဝိုင်းအုံကိုက်ဆွဲနေကြတဲ့ ခွေးအုပ် အလယ်မှာ ဖြူဖြူအရိပ်တစ်ခု လုံးထွေးနေသည်။

ထိုအရိပ်ဆီမှ လှုပ်ရှားရုန်းကန်အော်ဟစ်သံတွေလည်း လုံးထွေး လျက် မြင်ကွင်းက စိုးထိတ်စရာကောင်းနေသည်။

တစ်လမ်းလုံးမှာလည်း လူရိပ်မမြင်။ ခွေးအုပ်စုနဲ့ ထိုအရိပ်သာ ခေတ်သစ် ပြေးနေတဲ့ခြေလှမ်း ပိုသွက်သွားကာ လုံးထွေးအော်ဟစ်သံ ခွေးသံတွေ ညံစီနေတဲ့ဆီရောက်လျှင် မျက်လုံးက မယုံနိုင်အောင် ပြူး လေသည်။

လူကြီးတစ်ယောက်ကို ခွေးတွေအုပ်စုနဲ့ ဝိုင်းဆွဲနေတဲ့မြင်ကွင်း

"ဟာ ဟေ့"

ခေတ်သစ် အော်လည်းအော်ရင်း လမ်းဘေးက အုတ် ကောက်ကာ ဟောင်နေသောခွေး၊ ကိုက်ဆွဲနေတဲ့ ခွေးတွေကို အား





စ်ပေါက်သည်က အဆက်မပြတ်။

အုပ်စုလုံး ဝိုင်းဆွဲလို့ကောင်းတုန်းမှာ ပါးစပ်နဲ့ ခြေလက်တွေမှာ တ်ကျိုးတွေလာမှန်တော့ ခွေးအားလုံး ကြောင်သွားသည်။ ဝိုင်းဆွဲနေ ဆီမှ အုတ်ပိုင်းနဲ့ခေါ်နေတဲ့ ခေတ်သစ်ဆီ အကြည့်တွေရောက်ကာ ဝုတ်နဲ့ ဟောင်သံတွေ ညံစီလျက်။

ဝင်ရှုပ်ရကောင်းလားဆိုတဲ့ မခံချင်စိတ်နဲ့ ခွေးအုပ်စု ခေတ်သစ် ပြေးလာကြသည်။ ခေတ်သစ်လက်က စက်တပ်ထားသည့်နှယ် ပေးသည်။ ပစ်လွှတ်တဲ့ အုတ်ပိုင်းတွေက အားပါတာကြောင့် ခွေး ကောင်ပြီးတစ်ကောင် ဂိန်ခနဲ ဂိန်ခနဲ အော်ကာ တဝုတ်ဝုတ်ဟောင် နောက်လှည့်ပြေးကြလေသည်။

ခွေးမည်းတစ်ကောင်က ခေတ်သစ်ကို အခဲမကျေစွာ ခုန်အုပ် ခေတ်သစ် ပစ်လွှတ်တဲ့ ဂဝံကျောက်ခဲက ခွေးနံရိုးကို ဒေါက်ခနဲ သည်။

ထိုခွေး ဂိန်ခနဲ ငယ်သံပါအောင် အော်ဟစ်လျက် တစ်ကိုယ် တ်ချာလည်ကာ အသက်လုပြီး ဦးတည်ရာ စွတ်ပြေး၏။

ဟောင်ရင်းပြေးကုန်တဲ့ ခွေးအုပ်တွေ ရှင်းသွားတော့ လမ်းဘေး ကျနေတဲ့ လူကြီးဆီ ကမန်းကတန်း သွားသည်။

"အကိုက်ခံရလား ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ထိထားတယ်၊ ခြေထောက်မှာ, လက်မှာတွေရော"

လူကြီး နာကျင်ရှုံ့မဲ့နေသေးသလို ကြောက်အားလန့်အား
ကတုန်ကယင် ဖြစ်လို့နေသည်။ အားကစားဘောင်းဘီတိုဝတ်ထားသေ
ကြောင့် ခွေးကိုက်ရာက ဒူးခေါက်ကြောမှာ ရှင်းရှင်းကြီးမြင်ရသည်

သွေးတွေလည်း ဖြာကာ။ ခြေနှစ်ဖက်လုံးမှ ခွေးသွားခြစ်
တွေမှာလည်း သွေးများ ထွက်နေသည်။ ညာလက်ဖျံမှာရော။ လုံး
တဲ့အရှိန်နဲ့ မျက်နှာမှာ ခြစ်ရာပွန်းရာတွေ။

"ဟာ အများကြီးပဲဗျ"

"ဟုတ်တယ်ကွ၊ နေ့တိုင်းလိုလို မြင်နေကျခွေးတွေပဲ၊ ဘ
နယ်ကြောင့် ဒီနေ့မှ ထိုးဟောင်ပြီး ဝင်ဆွဲသလဲမသိဘူးကွာ၊ အား ကျွ
ကျွတ်"

လူကြီး ရှင်းပြသလိုပြောရင်း နာကျင်စွာ စုတ်သပ်၏။

"ထလို့ရမလား ဦး၊ ဦးအိမ် ဘယ်မှာလဲ၊ လိုက်ပို့ပေးမယ်"

လူကြီးကို တကယ်စာနာစိတ်အပြည့်နဲ့ ခေတ်သစ် ပွေ့
တွဲထူသည်။

"ရတယ်ကွ၊ ဆေးရုံပဲ အရင်ပို့ပေးစမ်းကွာ"

"ဟုတ် ဟုတ်ကဲ့ခင်ဗျ၊ ခွေးသွားက အဆိပ်ရှိတယ်၊ ဆေး
သွားတာ ပိုကောင်းတယ်၊ လာ ဦး"





ခေတ်သစ် တွဲထူလျှောက်ပေမယ့် လူကြီး ခြေမလှမ်းနိုင်ပါ။
ခန္ဓာကိုယ်က ခပ်ဖိုင့်ဖိုင့်ဖြစ်သလို ဒဏ်ရာကြောင့်နှင့် ကြောက်လန့်စိတ်
မပြယ်သေးတာကြောင့်လည်း ပါမည်ထင်သည်။

"လျှောက်လို့ရလား"

"ကျွတ် ခြေထောက်လေးပြီး ကျဉ်နေတယ်၊ ပြီးတော့ တအား
ကြီး စူးရှနေတယ်ကွ၊ ကျွတ် ကျွတ် အား"

ထိုလူကြီး ပြောရင်း ခွေကျလုမတတ်ဖြစ်လေသည်။ ခေတ်
သစ်က သန်မာထွားကျိုင်းသူရယ်ပါ။ လူကြီး ခွေကျမသွားအောင် ထိန်း
ပြီး လူကြီးကိုယ်ကို သူ့ကျောပေါ် ကုန်ပိုးလိုက်သည်။

"ဟာ"

လူကြီးနှုတ်က နာကျင်နေရာမှ အံ့ဩသံထွက်ပေါ်လာသည်။

အရပ်မြင့်မြင့်နဲ့ ကိုယ်လုံးဖိုင့်ပေမယ့် လူကြီးကိုယ်တော့ ခေတ်
သစ် အသာလေး ကုန်းပိုးသယ်မ,သွားနိုင်ပါသည်။

"ရတယ် ဦး။ မကြောက်နဲ့၊ ဆေးရုံ အမြန်ပို့ပေးမယ်"

"ကျေး ကျေးဇူးပဲကွာ"

လူကြီးရင်ထဲ လှိုက်လှဲသောအသံ တုန်ယင်စွာ ပေါ်ထွက်လာ
သည်။

"ရပါတယ် ဦးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ခေတ်သစ်ရဲ့ တစ်ခုတည်းသောအလုပ်က လူကြီး ဆန္ဒအတိုင်း ဆေးရုံအရောက်ပို့ဖို့ပဲ ဖြစ်သည်။

ထိုလမ်းသွယ်ထဲကနေ လူကြီးကို ကုန်းပိုးလျက် ခေတ်သစ် မပြေးရုံတမယ် သယ်မ,ကျောပိုးလာခဲ့သည်။

မိန်းလမ်းမကြီးပေါ်ရောက်တော့ ကားအသွားအလာရှိနေပါပြီ။ သွားလာနေတဲ့ကားတွေထဲက တက္ကစီဆိုင်းဘုတ်မြင်သည်နှင့် လှမ်းတား သည်။

ပထမတစ်စီးက ခရီးသည်ပါလို့ မရပါ။ ဒုတိယတစ်စီးက အေး နားအရောက်လာရပ်သည်။

''ဆေးရုံသွားမလို့ခင်ဗျ''

ပြောလည်း ပြောရင်း စျေးတွေ့,ဘာတွေ မမေးတော့ပါ။ ကျော ပေါ်က လူကြီးကို ကားနောက်ခန်းထဲရောက်အောင် ဖေးမကူတင်သည်။ ခေတ်သစ်ပါ တစ်ပါတည်း လူကြီးနား တက်လိုက်ခဲ့သည်။

ခုချိန်မှာ လူကြီးပုံစံက ကြောက်ရွံ့တုန်လှုပ်တာတွေအပေါ်မှာ သတိထားထိန်းချုပ်လာနိုင်ပြီး တည်ငြိမ်စ,ပြုလာသည်။

ထိုနေ့မနက်ခင်းက လူကြီးကို ဆေးရုံအရောက် ပို့ခဲ့သည်။ တာဝန်ကျဆရာဝန်က ဒဏ်ရာတွေ ဆေးကြောသန့်စင် ဆေးထိုး ဘာညာ လုပ်ပြီးတော့ စိတ်ချတဲ့အနေအထားရောက်ပြီဆိုတော့ –





''ကျွန်တော် ဦးအိမ်ကို သွားပြောပေးရမလား''

ဟု အလိုက်သိသိ မေးမိသေးသည်။

''ရတယ် မောင်ရင်၊ ကျေးဇူးပဲ၊ နောက်တွေ့ရင်လည်း 'ဦး' ခေါ်ပါမယ်''

လိုက်လိုက်လဲလဲပြောပြီး လူကြီး လက်ပြနှုတ်ဆက်လေသည်။

ခေတ်သစ်လည်း နှုတ်ဆက်ပြီး လှည့်ထွက်ခဲ့သည်က ထိုမနက် ခင်း အဖြစ်အပျက်ကို မမေ့နိုင်စွာ။

ပို၍မမေ့နိုင်စရာကောင်းသည်က –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

တစ်နေ့လုံး သင်တန်းချိန်တွေ ဆက်နေတာကြောင့် ခေတ်သစ်
ဘာကိုမှ သတိမရနိုင်ပါ။

အခြေခံလက်တွေ့တိုးလေ့ကျင့်ခန်း သင်ကြားပြီးချိန်မှာ ညနေ
ငါးနာရီထိုးလေပြီ။

အနားယူ ရေချိုးပြီး ညစာထွက်စားဖို့ အဆောင်ထဲက အထွက်
မှာ လမ်းထိပ်က ခွေးတွေကိုမြင်တော့ ခေတ်သစ်အာရုံထဲ ထိုလူကြီးကို
ဖျတ်ခနဲ သတိရလေသည်။

"ဦး"

ရင်ထဲက လှုတ်ခနဲ ရွတ်မိသလို အခြေအနေကိုလည်း သိချင်
လာသည်။ စိတ်ချရပြီဖြစ်ပေမယ့် ဆေးရုံမှာပဲလား၊ ဘာလားပေါ့။

ခြေလှမ်းက စားနေကျ ထမင်းဆိုင်ဆီ မဟုတ်တော့ပါ။ တက္ကစီ





ငှားပြီး ဆေးရုံဆီ ဦးတည်ခဲ့သည်။ ရုပ်ပါမားကတ်ဝင်ပြီး အသက်ကြီးပိုင်း
လူနာစားလို့ အဆင်ပြေမယ့် ဆီချို၊ သွေးတိုး မဖြစ်စေတဲ့ မုန့်မျိုးနဲ့
ကော်ဖီမှုန့်စစ်စစ် ဝယ်သည်။ လတ်ဆတ်တဲ့ သစ်သီးသုံးလေးမျိုးပါ
တွန့်ပါ။

လူနာစာတွေဆွဲပြီး ဆေးရုံထဲ တန်းဝင်ခဲ့သည်။ လူနာခန်းထဲ
ကိုမှာဖြစ်တာကြောင့် ခံတွင်းထဲက ကွမ်းယာကို အပြင်မှာပဲ ထွေးပစ်၏။

ဦးကိုတင်ခဲ့တဲ့ B.3 အခန်းထဲဝင်လျက် ခေတ်သစ် မျက်ခုံး
တစ်ဖက် အုံ့ညြကာ ပင့်ကြွသွားသည်။ လူနာခန်းထဲမှာ လူနာ 'ဦး' ကို
လည်း မတွေ့ရပါ။ ခုတင်အလွတ်ချည်းသာ။

ခေတ်သစ် တာဝန်ကျဆရာဝန်အခန်းဆီ တစ်ဆက်တည်း
ထွက်ခဲ့သည်။ မနက်က တာဝန်ကျဆရာဝန်က ဂျူတီမချိန်းသေးပါ။
မှတ်တမ်းတွေနဲ့ အလုပ်ရှုပ်နေလေသည်။

"ဒေါက်တာ"

"ဗျော်"

မော့ကြည့်ရင်း ဒေါက်တာ နှုတ်ခမ်းက ကြည်လင်စွာ ပြုံးလေ
သည်။

"လာ ထိုင်"

ဟုလည်း ဖိတ်ခေါ်သည်။ လူနာစာတွေ စားပွဲပေါ်တင်ရင်း



www.burmeseclassic.com

ခေတ်သစ် ဝင်ထိုင်တော့ –

"လူနာဆင်းသွားပြီ"

"ဟင်"

"ဟုတ်တယ်၊ ညီ ပြန်သွားပြီး ဆယ်မိနစ်လောက်ပဲကြာမယ် ထင်တယ်၊ ဆေးရုံက ဖုန်းနဲ့ သူ့အိမ်ကို လူနာကိုယ်တိုင် ဖုန်းဆက်ပြီ အကြောင်းကြားပါတယ်၊ ချက်ချင်း ကားနှစ်စီးရောက်လာတယ်၊ အိမ် သားတွေလည်း အများကြီးပဲ၊ လူနာကို ဂရုတစိုက်ခေါ်သွားကြတယ် လူနာက ကျေးဇူးတင်ကြောင်းပြောပြီး ဆေးရုံအတွက် အလှူငွေငါးသိ ထည့်သွားတယ်၊ နောက်ပြီး ညီလာရင် ပေးလိုက်ပါဆိုပြီး စာတစ်စော ရေးပေးသွားတယ်၊ ဒီမှာလေ"

ခေတ်သစ်ထက် နှစ်ပိုင်းလောက်သာ ကြီးပုံရတဲ့ ဆရာ လူရွယ်က ရင်းနှီးစွာ ပြောလေသည်။ စားပွဲပေါ်ရှိဖိုင်ထဲ ထည့်ညှပ်ထား သော စာခေါက်ကို ဖြုတ်ပေး၏။

ခေတ်သစ် အံ့သြတာတွေ ပြယ်ကျသွားကာ စာခေါက်လှမ်း ပြီး ထိုင်ရာမှထသည်။

"ကျေးဇူးပဲ ဒေါက်တာ"

စာခေါက်ကို ဖွင့်မဖတ်သေးပါ။ ဆရာဝန်လူရွယ်က ခေါင်းဆ ပြီး –





"ရပါတယ်"

"ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ညော် လူနာဆင်းသွားပြီဆိုတော့ လူနာအတွက် ဝယ်လာတဲ့ လက်ဆောင်ပစ္စည်း ဆရာ့ကိုပဲ ဂါရဝပြုခဲ့ပါ တယ်"

"ဟာ မလိုပါဘူး၊ ပြန်ယူသွားပါ"

"ဒေါက်တာ့ကို ကျေးဇူးတင်လို့ပါ"

"မဟုတ်တာဗျာ"

"အားမနာပါနဲ့၊ ကျေးဇူးအထူးတင်ပါတယ် ဒေါက်တာ၊ စား သောက်စရာတွေပဲ သိပ်တော့ အဖိုးမတန်ပါဘူး၊ ဒါပေမဲ့ စေတနာရင်း နဲ့ ကျေးဇူးတင်လို့ပါ ဒေါက်တာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ခေတ်သစ် ဝယ်လာတဲ့စားစရာတွေ ဆရာဝန်လက်ထဲ အတင်း ထည့်ပေးတာ ကျေးဇူးတင်လွန်းလို့ပါ။

တာဝန်ချိန်မှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်တဲ့ ဆရာဝန် ပေမယ့် လူနာအပေါ် စေတနာအရင်းခံနဲ့ ကြင်နာစွာ ပြုစုကုသပေးတဲ့ အတွက် ခေတ်သစ်ရင်ထဲက တကယ်ကျေးဇူးတင်မိတဲ့အတွက် ရက်ရက် ရောရော ပေးအပ်ခြင်းပါ။

ဦးက ငါးသိန်းတောင် ဆေးရုံအတွက် အလှူငွေထည့်သွား သတဲ့။ သာဓုခေါ်ထိုက်ပါပေတယ်။

www.burmeseclassic.com



လူနာဆင်းသွားပြီဆိုတော့လည်း ခေတ်သစ်စိတ်မှာ ပေါ့ပါးသွားသည်။ ဆေးရုံအပြင်ဘက်ရောက်မှ စာခေါက်ကိုဖြန့်၍ ဖတ်မိလေသည်။

မောင်ရင်

*မင်းကို ကျေးဇူးတင်ပါတယ်။ တွေ့ခွင့်လည်း ရချင်ပါသေးတယ်။ AA စားသောက်ဆိုင်ရဲ့ A2 အခန်းမှာ 'ဦး' စောင့်နေပါ့မယ်။ စနေနေ့ ညနေလေးနာရီ လာခဲ့ပါ။ မောင်ရင် မလာရင် မောင်ရင့်ဆီ ကိုယ်တိုင် လာခဲ့ပါ့မယ်။*

*ဦး*

စာက တိုပေမယ့် တွေးစရာတွေ ပါလေသည်။ ဒီနေ့က ကြာသပတေးဆိုတော့ အင်း ကြားမှာ သောကြာတစ်ရက် ခံနေသေးသည်။ စနေနေ့ကလည်း ညနေလေးနာရီတဲ့၊ စနေညနေလေးနာရီက ခေတ်သစ် မအားပါ။

တစ်ပတ်နှစ်ရက်လာတက်တဲ့ သင်တန်းသားအသစ်အတွက် လေ့ကျင့်ပေးရမည့်အချိန်က ခြောက်နာရီအထိဖြစ်သည်။

ကိစ္စမရှိဘူးလေ။ မအားဘူးဆိုတော့ သွားမတွေ့ရုံပေါ့။ ဦး စိတ်ဆိုးမယ်မထင်ပါဘူး။ နောက်ပြီး မောင်ရင်မလာရင် မောင်ရင့်ဆီ ကိုယ်တိုင်လာခဲ့ပါ့မယ်တဲ့။

ထိုစာကြောင်းက ခေတ်သစ်အတွက် အတွေးရကျပ်သလို





ဖြစ်လေသည်။ ကိုယ်တိုင်လာခဲ့ရအောင် ခေတ်သစ် ဘယ်မှာနေတယ်ဆိုတာ သိလို့လား။

ခေတ်သစ်ဆိုတဲ့သူ့နာမည်တောင် ထိုလူကြီး မမေးဖူးပါဘဲနဲ့ ခေတ်သစ်ဆီ ကိုယ်တိုင်လာခဲ့မယ်ဆိုတာက လောကွတ်ပိုလွန်းသည်ဟု ခေတ်သစ်ယူဆသည်။

ဘာပဲဖြစ်ဖြစ်လေ စာလေးတစ်ကြောင်းရေးပေးဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဦးကိုကူညီတာ ရိုးသားဖြူစင်မှုသက်သက်နဲ့ပါ။ တခြား ဘာကာလာမှ မပါမှန်း ခေတ်သစ်စိတ်ကို ခေတ်သစ် သိနေပါသည်။

စာရွက်ကို ဖြန့်ခေါက်ပြီး အိတ်ကပ်ထဲထိုးထည့်လျက် လွတ်သပ်ပေါ့ပါးစွာလည်း လေချွန်မိလေပြီ။ ထိုညနေခင်းလေပြည်ဟာ နေခြည်ဝါနွေးနွေးအောက်မှာ ထိတွေ့ခံစားလို့ကောင်းနေပါသည်။

လမ်းဘေးကွမ်းယာဆိုင်လေးထဲဝင်ပြီး ဆေးမွှေးကွမ်းယာဆယ်ထုပ်ဝယ်၊ ပလက်ဖောင်းပေါ်မှာ ကွမ်းဝါးရင်း ပေါ့ပါးစွာ လမ်းလျှောက်နိုင်ရတဲ့ အရသာက ဘာနဲ့မှ မတူညီစွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖြူစိမ်းသော အသားအရေက စိုဝင်းကာ၊ မြင့်မားသွယ်လျ သော အရပ်အမောင်းက တောင့်၏။ ပေါင်တံ တစ်ဖြောင့်တည်းထားပြီး လမ်းလျှောက်ဟန်က လှသလို ခါးမတ်မတ်ထားပြီး ပခုံးနှစ်ဖက် စွင့်ကား ထားပုံက ကြည့်လို့ အတော်ကြီးကောင်းသည်။ ယောက်ျားချင်း အားကျ တယ်ဆိုတာ ဒီလိုအဆစ်ပေါက်မျိုး။

သင်တန်းသားအသစ်ငါးယောက် တန်းစီရပ်နေတဲ့ရှေ့ ခေ သစ် ရောက်တယ်ဆိုရင်ပဲ အားကျသောမျက်ဝန်းအစုံနဲ့ တောက်ပ ဝိုင်းကြည့်ကြသည်။ ခေတ်သစ်အတွက်က ယောက်ျားချင်း အားကျ ကြည့်တဲ့အကြည့်တွေ ရိုးနေပါပြီ။

"ကဲ စမယ်"

အားကစားဝတ်စုံ ဘောင်းဘီတို အင်္ကျီလက်တိုနဲ့ လူငယ်





ယောက် သတိအနေအထားပြင်ရပ်၏။

"နံပါတ်တစ် သက်လုံကောင်းဖို့ လိုအပ်တယ်ကွ၊ ဒါကြောင့် အမောခံနိုင်အောင် ကွင်းပတ်ပြေးရမယ်၊ ရယ်ဒီ ဝမ်း တူး သရီး ရွိုး"

ခေတ်သစ်ပြောရင်း တစ်ဆက်တည်း ခရာမှုတ်လေသည်။ အသင့်ဖြစ်နေတဲ့ သင်တန်းသားသစ် ညီငယ်ငါးယောက် တန်းစီပြီး စ, ပြေးလေသည်။

ပြေးလမ်းက စက်ဝိုင်းပုံ ဖန်တီးထားသည်။ စက်ဝိုင်းတစ်ပိုင်းက အကွာအဝေး ကိုက်ငါးရာရှိလေသည်။ ပြေးလမ်းကြောင်းထဲ ခေတ်သစ် သင်ပြထားတဲ့အတိုင်း စိတ်နှစ်ကာ ပုံမှန်အနေအထားနဲ့ အပြေးလေ့ကျင့် နေကြတဲ့ သင်တန်းသားတွေကို ခေတ်သစ် မျက်ခြည်မပြတ် စောင့်ကြည့် နေလေသည်။

ပြေးပုံမှန်,မမှန် တစ်ကိုယ်လုံး လှုပ်ရှားမှုပါ,မပါ စသည်ဖြင့် ပေါ့။ ထိုစဉ် King Center ပိုင်ရှင် ဦးကိုကိုရောက်လာပြီး –

"ခေတ်"

"ဗျာ"

ရုတ်တရက် ကြားရတဲ့အသံ၊ သင်တန်းသားသစ်တွေဆီ ရောက် နေတဲ့ မျက်လုံးနဲ့ကိုယ် တစ်ပါတည်း ဦးကိုကိုဘက် လှည့်မိလေသည်။

"ညှော်သည်"



www.burmeseclassic.com

www.burmeseclassic.com



"ညှေ့သည်"

"ဟုတ်တယ်၊ သွားတွေ့လိုက်၊ စင်တာရှေ့မှာ ရပ်စောင့်နေကြ တယ်၊ သူတို့ကို ကိုယ် ကြည့်ထားမယ်"

ဦးကိုကို ပခုံးဖက်ပြီးပြောတော့ ခေတ်သစ် ခေါင်းဆတ်ကာ စင်တာဘက်ဆီ လျှောက်ထွက်ခဲ့သည်။ ဘယ်က ညှေ့သည်ပါလိမ့်ဟု တွေးရင်း ဘယ်လက်ကောက်ဝတ်က နာရီကို အမှတ်မထင် မြှောက်ကြည့် မိ၏။ ငါးနာရီနဲ့ ငါးမိနစ်။

ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားသည်။ ဒီနေ့က စနေနေ့ ဦးပဲလား။ စာထဲကအတိုင်း တကယ်လာတွေ့ပါလားဆိုတဲ့အသိနဲ့ စိတ် လှုပ်ရှားသလို ခေတ်သစ် ဒီမှာ ဒီအချိန်ရှိမှန်း ဘယ်လိုလုပ်သိတာလဲ

ထိုအတွေးလည်း ဝင်လာသည်။ စက်ကိရိယာတွေ တပ်ဆင် ထားတဲ့ ခန်းမဘေးဘက်ကနေ စင်တာရှေ့ဘက် အရောက်ထွက်ခဲ့သည်။

"ဟင် ဦး"

ခေတ်သစ် အံ့သြဝမ်းသာစွာ လှမ်းနှုတ်ဆက်လေသည်။ ဟုတ် ပါသည်။ ညှေ့သည်က 'ဦး'မှ ဦးအစစ်။

အရိပ်ပွင့်အညိုရိပ်လေးတွေပါသည့် ရွှေရောင်ဖျော့ဖျော့ ရှပ် အင်္ကျီကို စတိုင်ပင်နှံအနက်ထဲ သပ်သပ်ရပ်ရပ် ထည့်ဝတ်ထားတဲ့ 'ဦး' အသွင်က ခန့်ညားနေပါသည်။





"ဟုတ်တယ်ကွ၊ A2 ကို မင်း ရောက်မလာလို့ ဦး လိုက်လာတာ ကွ"

"ဦးရာ ဘာလို့လိုက်လာတာလဲ၊ ဒဏ်ရာတွေ သက်သာလား"

"ဒူးခေါက်ကြောက ဒဏ်ရာက ချုပ်ထားတာဆိုတော့ ချုပ်ရိုး ခြေည်ရသေးဘူး၊ တခြားခြစ်ရာ ပွဲရာတွေတော့ သက်သာတယ်၊ လမ်း တော့ လျှောက်လို့ရပြီ"

စင်တာရှေ့ရပ်ထားတဲ့ ပရာဒိုကားသစ်ကြီးဘေးမှ ခေတ်သစ် ဆီ လျှောက်လာရင်း ဆိုသည်။ လမ်းလျှောက်ဟန်က ဒဏ်ရာနာနေသေး မှန်း သိသာသည်။ မသိမသာ ခြေလှမ်းနဲ့လို့နေသည်။

"လမ်းလျှောက်လို့ရတယ်ဆိုတိုင်း လျှောက်မနေနဲ့ ဦးရဲ့၊ လုံးဝ ကောင်းသွားမှ လျှောက်လေ၊ စိတ်ပူလို့ပါ"

"ကျေးဇူးပဲ မောင်ရယ်၊ မောင်ရင်ကို ဦး တကယ်ကျေးဇူး တင်ပါတယ်၊ မောင်ရင်သာ ရောက်မလာရင် မတွေးရဲစရာပဲကွ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ကျွန်တော် ရောက်မလာလည်း တစ်ယောက်ယောက်ကတော့ မြင်မှာပဲ၊ မြင်ရင်လည်း မြင်သူတိုင်း ကူညီ ကြမှာပဲလေ၊ ဒါနဲ့ ကျွန်တော် ဒီမှာရှိမှန်း ဦး ဘယ်လိုသိလဲ"

ခေတ်သစ် သိချင်တာကို တစ်ဆက်တည်း မေးသည်။ ထိုသူ ကြီး ခေတ်သစ်တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ပြုံးပြီး –



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က မင်းဝတ်ထားတဲ့ ထရက်ဆုနောက်ကျောမှာ King Center လို့ ရေးထားတယ်လေ၊ လိပ်စာလည်း ပါတယ်မဟုတ်လား"

"ဪ"

လူကြီးရဲ့အကင်းပါးမှုကို ခေတ်သစ် တကယ်အံ့သြရပါသည်။ ဦးကိုကိုက နည်းပြဝန်ထမ်းအတွက် စီစဉ်ပေးတဲ့ အားကစားဝတ်စုံ နောက်ကျောမှာ King Center ဒီဇိုင်းပုံနဲ့ လိပ်စာအပြည့်အစုံရေးထည့်ထားသည်။

ခေတ်သစ် (သင်တန်းနည်းပြ) ဆိုတာပါ မကျန်ပေ။ ဒါကြောင့် ထင်ရဲ့ နာမည်နဲ့လိပ်စာလည်း မမေးဘဲ ခေတ်သစ် ရှိမယ့်နေရာကို ဒက်ခနဲ သိနေတဲ့ ဦး။ တော်ပါပေတယ်လို့ပဲ မှတ်ချက်ချရလေပြီ။

"မင်း အခု အလုပ်ချိန်မဟုတ်လား"

"ဟုတ်တယ် ဦး"

"အားတော့နာတယ်ကွာ"

"ရပါတယ်၊ ဦးကိုကို ခွင့်ပြုပါတယ်၊ ဒါနဲ့ ဦးတွေ့ချင်တာက ကျေးဇူးတင်ကြောင်း တကူးတကပြောဖို့ မဟုတ်လား၊ မလိုပါဘူး ဦးရယ်"

ခေတ်သစ်စိတ်ထဲ ထင်တဲ့အတိုင်း ပြော၏။ လူကြီး အလေးအနက်ပြုံးကာ ခေတ်သစ်ကို သဘောကျသလို ကြည့်သည်။





"အင်း မင်းဘက်က မလိုပေမယ့် ဦးဘက်က လိုအပ်တယ် ... ဒါကြောင့် ဦး တစ်ခုခုတော့ပြန်ပေးဆပ်ပါရစေ၊ မင်း မငြင်းရဘူး"

အတည်အတဲ့ ခပ်ပြတ်ပြတ်ပြောတဲ့ လူကြီး။ ခေတ်သစ် ခေါနဲ့ ...ကြည့်မိသည်က မယုံနိုင်စွာနဲ့ အံ့သြစွာ။

နှစ်ယောက်သား၊ မတ်တတ်အနေအထားနဲ့ပဲ ရှိနေကြကာ ...က ဘာကိစ္စမဆို ပြတ်ပြတ်သားသားပိုင်ပိုင်နိုင်နိုင် လုပ်လေ့ရှိပုံရတဲ့ ...။ ခုလည်း ထိုအတိုင်းပြုတော့မယ့်အသွင်က တည်တံ့နေသည်။

နောက်ဆုံးပြောသည်က မငြင်းရဘူးတဲ့။ အမိန့်ပေးတာမျိုး ...တ်ပေမယ့် နာခံရမယ်လို့ သဘောဆောင်နေပါသည်။

ပြောပြီးသည်နှင့် သူ့ဒရိုင်ဘာကမ်းပေးတဲ့ အပြာရောင်နဲ့ မဲကြီး ...တဲ့ ပါထေယ်ထုပ်ကို လှမ်းယူပြီး ခေတ်သစ်ကို တစ်ဆက်တည်း ...ပေးသည်။

"ယူပါ မောင်ရင်၊ မင်းကို ကျေးဇူးတင်လွှာလို့ပဲ"

"ဟာ မဟုတ်တာဘဲ ဦးရယ်၊ ကျွန်တော်က"

"မင်း ဘာမှမပြောနဲ့ ရော့ ယူ"

ဆိုပြီး လက်ဆွဲကာ အတင်းထိုးထည့်ပေး၏။

"ဦး"

"တစ်မျိုးတော့မထင်နဲ့ မောင်ရင်၊ တစ်ယောက်က စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် တစ်ယောက်ကလည်း မေတ္တာနဲ့ တုံ့ပြန်ရမယ်လေ၊ ဒီသဘောပါ မငြင်းပါနဲ့ကွာ၊ နော် မောင်ရင်''

ခေတ်သစ် ရှေ့ဆက်ငြင်းလို့ ပြုလို့မရအောင် အတင်းထိုးပေး ရင်း တရစပ်ပြောဏ်။ ထိုအခါ ခေတ်သစ် အားနာပါးနာနဲ့ လက်ခံလိုက်ရသည်။

ဒါပေမဲ့ ဒီပါဆယ်ကို ခေတ်သစ် မလိုချင်ပါ။ လူကြီးမေ နှုတ်ဆက်၍ ကားဆီလျှောက်သွားသည်။ ပါဆယ်ထဲမှာ ဘာရှိနေမလဲ ဒါလည်း သိချင်ပါသည်။ ချက်ချင်းပဲ ပါဆယ်ကို ခေတ်သစ် ဖြည်ကြည့် လျှင် –

''ဟင်''

ပိုက်ဆံထောင်တန်အုပ်တွေ။ မှန်းစမ်း ခေတ်သစ် တစ်အုပ်ပြီး တစ်အုပ် ရေတွက်ကြည့်တော့ ဆယ်အုပ်တိတိ။

ဒါဆို ဆယ်သိန်းတိတိပေါ့။ ခေတ်သစ် နှုတ်ခမ်းအစုံလိုက် မဲ့ကျသွားသည်။

လက်စသတ်တော့ သူ့ကူညီမှုကို ဒီငွေတွေနဲ့ အနားသတ်ပြီး နိဂုံးချုပ်ပစ်လိုက်တဲ့သဘော။

ဟွန်း ငွေပေးပြီး နိဂုံးချုပ်စရာ မလိုပါဘူး။ ခေတ်သစ်ကို တိုင်ကလည်း ကူညီခဲ့ခြင်းအတွက် ရှေ့ဆက်ခင်မင်ရင်းနှီးစွာ နေထိုင် ယ်ဆိုတဲ့ စိတ်ကူးမရှိပါ။





ကြုံကြိုက်လို့ ကူညီတာ။ ပြီးရင် ပြီးပြီလေ။ ခုတော့ အဖြစ် တ်နဲ့ ဘာမှမဆိုင်စွာ။

ကူညီတာက စေတနာအရင်းခံနဲ့။ တုံ့ပြန်တာက ငွေကြေးပမာ ဖြင့်။ ဟင့်အင်း။ ဒီလိုအဖြစ်မျိုး ခေတ်သစ်ဘဝထဲ အစွန်းထင်း ပါ။

မာနကြီးတာထက် လူတစ်ယောက်ရဲ့ ပင်ကိုစိတ်က ဖြစ်တည် တဲ့ စေတနာအရင်းခံကို အရောင်တစ်မျိုး ပြောင်းလဲမြင်ယောင် တုံ့ပြန်ခံရခြင်းအပေါ်မှာ ခေတ်သစ် အသိတရားက မနှစ်မြို့နိုင်တဲ့ ခင်းဖြစ်သည်။ ထို့ကြောင့် ခေတ်သစ် ပါကင်ကို ပြန်ပိတ်ဏ်။

''ဦး''

သူ့ခေါ်သံ တင်းမာပြတ်တောင်းနေသလို အက်ကြောင်းလိုက် သိသာသည်။ လူကြီးက ကားနောက်ခန်းမှာ အကျအနထိုင်နေရာ ကြည့်ဏ်။ ပြီးကာ လက်ပြနှုတ်ဆက်သည်က ခေတ်သစ်ရဲ့စိတ်ကို လိုက်သလို ခံပြင်းသွားစေသည်။

ခေတ်သစ် ဘာမှပြောခွင့်မသာ။ ကားနားရောက်လာတဲ့ခြေ တ လျှောခနဲ မောင်းထွက်သွားတဲ့ကားနဲ့ တစ်ပြိုင်နက်တည်း ဖြစ် ခေတ်သစ် တွေးပြီးငေးမနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ပါဆယ်ကို လူကြီးကိုယ်ထဲ ပစ်ပေါက်လိုက်တ

"ရော့၊ ဦးဟာဦး၊ ပြန်ယူသွား၊"

ကားက ထွက်စအရှိန်နဲ့မို့ ပိုက်ဆံအုပ်တွေ ပြန့်ကျဲကာ လူကြီ ထိုင်နေတဲ့ ကားနောက်ခန်းထဲ ပြန့်ကျဲဝင်ရောက်ကုန်သည်။

"ဟာ ဟေ့"

လူကြီး မျက်လုံးပြာစကော အာမေဋိတ်သံတွေ နှုတ်ထွက်လျှ ခေတ်သစ် လှည့်ပြန်မပင် ငုံမကြည့်တော့ပါ။ အံကြိတ်ကျောခိုင်းခဲ့သည် ချက်ချင်း။

"ခေတ်သစ် နေဦး၊"

ဟန်တားသံနောက်က ခြေသံပါလာမှန်း သိသည်၊ ခေတ်သ လှည့်မကြည့်တော့ပါ။ တစ်ဆက်တည်း သူ့အထုပ်သူဆွဲကာ ဦးကိုကို နှုတ်ဆက်ပြီး၊ အလုပ်ပါထွက်ခဲ့တာ ထိုညနေကတည်းက ဖြစ်သည်။

✿ ✿ ✿



## အခန်း (၄)

ဖေါ်ရွက်နုစိမ်း၊ သက်မ အလီလီချသည်။ တစ်ခုခုကို ပြန်ပြော နည်း၊ ရင်ထဲမှာ နင်လို့နေသည်။ တစ်ဖက်က သူမရဲ့ဘော့စ်။ တစ် ဖက်က အရည်အချင်းရှိတဲ့ လက်အောက်ဝန်ထမ်း။ သူမဘော့စ်က ကိုစွက်မဆို ဆက်ဆံမကျွံအောင် ဆောင်ရွက်တတ်သူ။

သူမလက်အောက်ဝန်ထမ်းက ဆက်ဆံ၊ကို အစအနပျောက် အောင် ခြေရာဖျောက်ကျောခိုင်းသွားဖို့ ဝန်မလေးသူ။ ဒီအဖြစ်အပျက် မှာ မျက်နှာချင်းမဆိုင်ရဘဲ တင်းမာမှု ပေါက်ကွဲထားသလို ရင်ထဲမှာ ယ်ပွဲငြိမ်နေလေတဲ့အဖြစ်။

ကွမ်းငုံကာ နှုတ်ခမ်းကို တင်းအောင်ဆွဲစေ့ပြီး ငြိမ်သက်နေတဲ့ တ်သစ်က တစ်ခုခုအတွက် ပြတ်သားနေသလိုရှိမှန်း ဖေါ်ရွက်နုစိမ်း မှန်းမိလေသည်။ ဒါကြောင့်မို့ ထိုင်နေရာမှထကာ ခေတ်သစ်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားပြီး –

"ထားလိုက်တော့ ခေတ်၊ ဟုတ်ပြီလား၊ ဘာပြဿနာမှဖြ
တာမှ မဟုတ်တာ"

"ဟုတ်ပါတယ် မမစိမ်း၊ အလုပ်ကိစ္စက မမစိမ်းနဲ့ တိုက်ရိုက်
ဆိုင်တာပါ၊ ကျွန်တော်က မမစိမ်းကိုယ်စား သွားတာ၊ ကိုယ်စား ရှင်း
တာကို လက်မခံတဲ့သဘောပဲလို့ ယူဆပါတယ်"

"ကဲပါလေ၊ မမစိမ်းပဲ လိုက်သွားပြီး ရှင်းပြပါ့မယ်၊ နေပါဦး
အဲဒီတုန်းက ခေတ်က ဘာဖြစ်လို့ ဘော့စ်တုံ့ပြန်ပေးတာကို လက်မခံဘဲ
King Center က တစ်ပါတည်း ထွက်ခဲ့တာလဲ"

"မြင်ကို မမြင်ချင်လို့"

"ဟွန်း၊ ခုတော့"

"ဟုတ်တယ်၊ King Center က ထွက်ပြီး မမစိမ်းဆီမှာ
ဝန်ထမ်းခေါ်လို့ လျှောက်ပြီး အလုပ်ဝင်တယ်၊ ဒါပဲ၊ မေ့ထားတာကြာပြီ
အခုချိန်ထိ မမစိမ်းဘော့စ်က မမေ့သေးဘူးဖြစ်မယ်၊ ဒါကြောင့် နှင်
ထုတ်တာ"

"ဘော့စ်ရဲ့တုံ့ပြန်မှုကို ခေတ် လက်ခံလိုက်ရင် ဒီလိုနှင်ထုတ်
ဖြစ်မယ် မထင်ဘူး"

"အဟွန်း"





ခေတ်သစ်ရင်ထဲက ခံပြင်းမှုက ခုမှ အုံကြွလာပါသည်။

"ဟုတ်တယ်လေ၊ မမစိမ်းပြောချင်တာက ခေတ်ရဲ့ကူညီမှုကို
...ခံစိတ်နဲ့ ဘော့စ် တုံ့ပြန်တဲ့သဘောပါ"

"ဘယ်နည်းနဲ့ပဲ တုံ့ပြန်ပါစေ၊ လက်ခံခွင့်နဲ့ ငြင်းပယ်ခွင့်က
...တော့်ရဲ့ကိုယ်ပိုင်စိတ်ဆန္ဒပါ၊ ကျွန်တော့်စေတနာကို ငွေပမာဏနဲ့
...သတ် ဘောင်ပိတ်လိုက်ဖို့ တုံ့ပြန်တဲ့ မမစိမ်းဘော့စ်ရဲ့သဘောထား
... ကျွန်တော် မနှစ်မြို့ဆုံးပဲ၊ နှစ်မြို့ခိုင်းတဲ့မျက်နှာကို မမြင်ချင်ဘူး။
...ကြောင့် ရှောင်ခဲ့တာ၊ ခုတော့ ဘွားခနဲ ပက်ပင်းလာဆုံနေတယ်၊
...ည်"

"ဒါပဲနော်၊ မမစိမ်းဆီက ခေတ် အလုပ်ထွက်စရာမလိုဘူး"

ခေတ်မျက်နှာရိပ်ကိုကြည့်ရုံနဲ့ ခေတ် တစ်ခုခုလုပ်တော့မယ်
...တာ ဒေါ်ရွက်နုစိမ်း အကဲခတ်မိလေသည်။ ဒေါ်ရွက်နုစိမ်းစကား
...ခင် မဲ့ပြုံးပြုံးဖြစ်နေတဲ့ ခေတ် မျက်နှာမော့ကာ ခံပြင်းစွာရယ်ချ၏။

"ဒီမှာ မမစိမ်း၊ မမစိမ်းရဲ့ဘော့စ်ဟာ တော်တန်ရုံဦးနှောက်
...နဲ့ တုံ့ပြန်တာမဟုတ်ဘူး။ လမ်းပေါ်ကကိစ္စကို အမှိုက်ရှင်းသလို ငွေနဲ့
...ုတ်ချင်တာ၊ တကယ်လည်း ငွေနဲ့ ရှင်းပစ်တာပဲ၊ အဟင့် ကျွန်တော်
... ငွေနဲ့အရှင်းခံတဲ့ကောင် မဟုတ်ဘူး။ စိတ်ဓာတ်ချင်း ရှင်းလိုက်တာ
...ပေါ်မှာ မမစိမ်းဘော့စ် တင်းသွားပုံရတယ်၊ ဒါကြောင့် လုပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘိုစွတ်ကိုထားရုံပြီး လှုကိုနှင်တာ၊ ခမ်းမနည်းပါဘူး၊ နောက်ထပ်အလှ
ဆွေ အများကြီးပါ၊ ရှာရင်တွေ့မှာပဲ''

''ဟင်''

ပြောရင်းဆိုရင်း သားရေအိတ် ပန်းလွယ်ကာ ထမင်းချိုင့်
ယူတဲ့ ခေတ်သစ်။ ဒေါ်ရွက်နုစိမ်း တကယ်မျက်လုံးပြူးသွားလေသည်

''ခေတ် မင်း''

''ဘိုင့်ဘိုင်''

ခေတ်သစ် အပြုံးရင့်ရင့်နှင့် လက်ပြနှုတ်ဆက်ကာ ထွက်သွား
လေသည်။

''ဟဲ့ ခေတ် နေဦး''

ဒေါ်ရွက်နုစိမ်း အပြေးတစ်ပိုင်း လိုက်တားသည်။ ဝင်တာထဲ
တခြားဝန်ထမ်းအုပ်စုတွေကလည်း မမစိမ်းနဲ့အတူ တားကြပါသည်
ခေတ်သစ် နောက်လှည့်ကြည့်ရုံ၊ ထုံးစံမရှိပါ။ ဝင်တာထဲက ရဲရဲရင့်
ထွက်ခဲ့လျှင် –

'ဂျွိ'

ဝင်တာရှေ့မှာ ထိုးရပ်ပိတ်ဆို့တဲ့ ပရာဒိုကားသစ်ကြီး ခေတ်
သစ်ခြေလှမ်း ရုတ်ခြည်းတန့်သွားသည်က ကားနောက်ခန်းမှ ဆင်းလာ
တဲ့ ဦးအလင်းတာန်းနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားသောကြောင့်ဖြစ်သည်





''ခေတ်သစ်''

အရှိန်အဝါကြီးစွာခေါ်တဲ့ ဦးအလင်းတာန်း။ ခေတ်သစ်အကြည့်
ရွှေလိုက်ပြီး ဦးအလင်းတာန်းရှေ့က ဖြတ်ထွက်ဖို့ ခြေလှမ်းပြင်၏။

''ခေတ် နေဦး''

နောက်ကလိုက်လာတဲ့ ဒေါ်ရွက်နုစိမ်း လှမ်းဆွဲကာ တားသည်၊
တားပေါ်က ဦးအလင်းတာန်းနဲ့ ထက်ကြပ်မကွာဆင်းလာတဲ့ ဦးသက်တန့်
ကျော်ကလည်း ရှေ့ကပိတ်ရပ်လျက် ဖြစ်သည်။ ရှေ့နောက်ပိတ်ထားသလို
ကြီးဖြစ်တာမို့ ခေတ်သစ် ထွက်ပေါက်မဲ့ကာ ခြေလှမ်းရပ်ထားပြီး –

''မင်း ဦးအပေါ် ဘယ်လိုမြင်နေတာလဲ''

ဦးအလင်းတာန်း စိုက်ကြည့်ရင်းမေးသည်။

''ကြည်လင်ပါတယ်''

ဟု ခေတ်သစ် မျက်နှာမော့ထားလျက်နဲ့ တုံးတိတိဆိုသည်။
ဦးအလင်းတာန်း ပြုံးလိုက်သည်က ပုံစံကျရိုက်သင်ထားတဲ့ နှုတ်ခမ်းမွေး
မှစ်ဖက်ရှန်းကြွသွားမတတ် ဖြစ်ကာ၊ ခေတ်သစ်ပခုံးထက် အရှိန်အဝါ
ကြီးမားစွာ လက်တစ်ဖက်တင်လေပြီး –

''ကြည်လင်တယ်ဆိုရင် ဦးရဲ့တုံ့ပြန်မှုကို လက်ခံပါ''

ညာဘက်ပါးစောင်မှာ မြှုထားတဲ့ ကွမ်းကို ဘယ်ဘက်ပါးစောင်
ပြောင်းပို့ရင်၊ ခေတ်သစ် ခေါင်းယမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

သိချင်စိတ်နဲ့ စူးစိုက်ကြည့်နေတဲ့ ဦးအလင်းတန်း။ ပြီးတော့ စင်တာထဲက ဝန်ထမ်းတွေ။ ဦးသက်တန့်ကျော်ပါပေ့ါ။ ခေတ်သစ် ဘာကို မှမမှုစွာ ခေါင်းမော့ထားလျက်နဲ့ –

"ငွေကြေးနဲ့တိုင်းပြန်တာတဲ့ ဦးရဲ့စိတ်ရင်းကို မနှစ်မြို့လို့ ဒါပါပဲ"

ခေတ်သစ် ကြည်လင်ပြတ်သားစွာဆို၍ အားလုံးရှေ့က ရှင်ကော့ထွက်ခဲ့သည်က သူ့စိတ် သူ့အယူအဆနဲ့ ဖြစ်သည်။

"ဟော့"

"ခေတ်"

"နေဦးကွ"

ဟန့်တားသံတွေအားလုံး ပြိုထွက်လာသည်။ ထိုအသံတွေထဲမှာ ဦးအလင်းတန်းအသံ မပါဝင်ပါ။ သေချာတာက သူ့ကျောပြင်ကို စိုက်ကြည့်ရင်း နှုတ်ခမ်းကို တင်းအောင်စေ့ထားမည် ဖြစ်သည်။

ဦးအလင်းတန်း –

ဘယ်တုံးက ရေစက်ကြောင့် တင်းမာခြင်းကမ္ဘည်းတိုင်တွေ ရင်ဘတ်ထဲ ကိုယ်စီ စိုက်ထူမိတာလဲ။

ဒါကိုတော့ ဘုရားပဲ သိနိုင်မည်ထင်သည်။

✿ ✿ ✿



## အခန်း (၈)

"မြင်းစခန်း"

ရွှေခေးသုတ်ထားတဲ့ ဖောင်းကြွစာလုံးက ကနုတ်ပန်းနဲ့ ဘောင် ...ထားတဲ့ သစ်သားဆိုင်းဘုတ်အလယ်မှာ စိတ်ဝင်စားဖွယ် ကြွ...လို့နေပါသည်။

"ဟယ်တော် မြင်းစခန်းတဲ့"

ဆိုင်းဘုတ်ပေါ်က ထိုစကားလုံးကိုရွတ်မိသွားသည်နှင့် အသံချို ...ညြလေး အသံထွက်၏။

အမိုးပွင့် ကားနောက်ခန်းမှာ ထိုင်ကြတဲ့ တခက်နွယ်နဲ့ ယမင်း ... ပြူးပြူးပြဲပြဲကြည့်သလို ကားမောင်းနေရာမှ ပန်းတံခါးလည်း ...ကြည့်သည်။

"ဟုတ်တယ်ဟဲ့ မြင်းစခန်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲ၊ မြင်းစခန်းဆိုတော့ မြင်းတွေအများကြီး ရှိမှာပဲနော် တခက်"

"ဖြစ်နိုင်တယ်၊ ဆင်စခန်းပုံစံမျိုးပဲ ဖြစ်မယ်၊ ဒါပေမဲ့ မြင်းတွေ ဆိုတော့ ပိုစိတ်ဝင်စားစရာကောင်းမှာပဲ နွံ့"

"သွားကြဖို့လား"

"လစ်ကြတာပေါ့ အသင်ရယ်"

"အမယ် ရှင်တို့ချည်းပဲ စူးစူးစမ်းစမ်း စိတ်ဝင်စားမယ်မထင် နဲ့၊ ဟောဒီက ပန်းတံခါးလည်း စိတ်ဝင်စားပါတယ်နော်"

ကားစက်ရှိန်လျှော့ချရင်း ပန်းတံခါး ဝင်ပြောတော့ သူငယ်ချင်း အားလုံး အားရဝမ်းသာဖြစ်ကာ ရယ်သူရယ်၊ လက်ခုပ်တီးသူတီး တစ်ကားလုံး မြူးကြွသွားသည်။

"ကဲ ပန်းတံခါးရေ စိတ်ဝင်စားရင် ကားပြန်ကွေ့"

"အိုကေ"

အသင်ချေ ပြောသံနောက်မှာ ပန်းတံခါးက ဆိုင်းဘုတ်ရှိ တစ်ဖက်လမ်းမကို ကားကွေ့၏။ မြို့ပြင်လမ်းရို့ ကားအသွားအလာ ခပ်ကျဲကျဲသာ။ မြင်းစခန်းသို့ဆိုပြီး မြားညွှန်ထားတဲ့ မြေဝါလမ်း ကားခေါင်းတည့်ကာ အရှိန်လျှော့ကာ ရပ်ဖို့လုပ်သည်။

"ဟဲ့ ဘာလို့ရပ်တာလဲ၊ ဆက်မောင်းလေ"





ကားမောင်းသူဘေးက ဆိုဟာထိုင်ခုံပေါ် ကြွကြွလေးထိုင်နေတဲ့ သချေ ပြော၏။ ပန်းတံခါး ကားစက်သတ်ကာ ရပ်လိုက်ပြီး –

"မောင်းမှာပါ၊ ဒါပေမဲ့ ဖြစ်ပုံမလား၊ သွားလို့"

"ဟွန်း"

ဘာမဆို အားတက်သရောရှိလှတဲ့ ပန်းတံခါး။ တကယ်လုပ် ာမယ်ဆိုရင် တွန့်ဆုတ်ဆုတ်ဖြစ်လေ့ရှိတာလည်း ပန်းတံခါးပါပဲ။

ကြည့်ပါလား။ တိုင်ပင်ညှိနှိုင်းစရာမလိုဘဲ အားလုံးစိတ်ဝင် ား သွားချင်,စပ်စုချင်တဲ့ကိစ္စ။ ပန်းတံခါးကိုယ်တိုင်လည်း စိတ်ဝင်စား ချက်နဲ့ ထုံးစံအတိုင်း တွန့်ဆုတ်ဆုတ်ပြောလေသည်။

"ဘာလို့ မဖြစ်ရမှာလဲ"

နွံ့ယမင်း၊ မေးထိုးရင်း ဆိုးဆိုးဆတ်ဆတ် ပြောလေသည်။

"ဟုတ်သားပဲ၊ ဘာလို့ မဖြစ်ရမှာလဲ၊ နော် အသင်"

တခက်စွယ်လည်း အသချေကို ဆွဲပြော၏။ အသချေခေါင်း တ်လျက် –

"ဘာလို့မဖြစ်နိုင်ရမှာလဲ ပန်းတံခါးရယ်၊ သွားရင် ဖြစ်တဲ့ဥစ္စာ၊ မှာသာ မောင်းစမ်းပါ"

ပန်းတံခါး ကားစက်သတ်လိုက်ပြီး –

"ဟဲ့ သွားရင်ဖြစ်တာတော့ ဟုတ်တာပေါ့၊ ပန်းပြောတာက



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေကို အသိမပေးဘဲ သွားလို့ဖြစ်မတဲ့လား။ အသင် ရှင့်အတွ
ပြောတာနော်၊ အခုတောင် နိုးထွက်လာကြတာ မဟုတ်လား''

ပန်းတံခါးပြောခါမှ စိတ်အားထက်သန်နေရှာတဲ့ အသင်
သုံးယောက် ပခုံးလေးတွေ တွန့်ကျုတ်သွားသည်။ အသင့်ကိုလည်
အားလုံး ပြိုင်တူကြည့်သည်က အကြောင်းမဲ့မဟုတ်ပါ။ အသချေ် သက်
လေးချကာ နှာခေါင်းရှုံ့တွလိုက်သည်က မမူစွာ။ ပြီးတော့ မြင်းစခန်း
မြားညွှန်ထားတဲ့ မြေဝါလမ်းကို မျက်စိတစ်ဆုံး ငေးကြည့်လေပြီး -

''ဘာဖြစ်လဲ''

''ဟဲ့ အသင် ဘာဖြစ်လဲရမလဲ၊ မိုးမီးလောင်မှာပေါ့ဟ၊ အသ
ဖခမည်းတော်အကြောင်း အသင်သိရဲ့သားနဲ့''

ပန်းတံခါးစကားအဆုံးမှာ တခက်နွယ်နဲ့ နွဲ့ယမင်း ခေါင်းဆတ်
သည်။ အသချေ်က မျက်နှာလေးမော့ကာ ဟက်ခနဲ ရယ်လေသည်။

''ဖေဖေ့အကြောင်းသိလို့ လွယ်နေတာပေါ့''

''ဘယ်လို''

ပန်းတံခါး ကားလက်ကိုင်ပေါ်က လက်တစ်ဖက်ဖြုတ်ချ
အသချေ်ဘက် တစ်ကိုယ်လုံးလှည့်ကာ မေး၏။ အသချေ်က မှန်ချထား
ကားတံခါးပေါ်လက်တင်၍ အလှတပ်ထားတဲ့ မျက်မှန်ကိုဖြုတ်လေပြီး
ပန်းတံခါးဘက် လှည့်ပြောသည်။





''ဟုတ်တယ်လေ ပန်းရဲ့၊ ဖေဖေ့အကြောင်း သိနေတော့ မလွယ်
သား။ ဖေဖေက အသင့်ကို စိတ်မချလို့ဆိုပြီး ဘယ်သွားသွား အထိန်း
တွေ ကားတစ်စီးတိုက် ထည့်လွှတ်နေကျလေ၊ ခုလည်း ဘာထူးလဲ''

သူငယ်ချင်းအားလုံး ခေါင်းတဆတ်ဆတ်ညိတ်ကာ သဘော
ကျသွားလေပြီ။ အသင်ပြောတာ ဟုတ်ပါ၏။ အသချေ်ရဲ့ဖခမည်းတော်
အသချေ်ကို ဘယ်တုန်းကမှ တစ်ယောက်တည်း အပြင်ထွက်ခွင့်
လေ့မရှိပါ။

ကော်ဖီဆိုင် သွားထိုင်မယ်ဆိုလည်း အထိန်းအယတွေပါ၏။
ျင်းသွားရင်လည်း ပါပြန်သည်။ သူငယ်ချင်းတွေနဲ့ချိန်းပြီး ဘယ်
သွား အနောက်က တကောက်ကောက်လိုက်စေသည်။

အသချေ် ဘယ်သွားသွား သွားချင်တဲ့ဆီသွား။ တစ်ခွန်းပြော
သွားခွင့်ပေးသည်။ သို့သော် အထိန်းအယ အစောင့်အရှောက်တွေ
မြဲဖြစ်သည်။ အခုလည်း ဒီအတိုင်းပဲ။

စာမေးပွဲပြီးလို့ ပဲခူးဆင်းလည်မယ်ပြောတာနဲ့ ခွင့်ပြုသည်။
ချေ်တို့သူငယ်ချင်းလေးယောက်နောက်က တောင်းအေ့စ်ကားတစ်
ဆက်ကြပ်မကွာ ပါလေသည်။

ဒရိုင်ဘာ ကိုနောင်၊ အသင့်ကို ငယ်ငယ်ကတည်းက ထိန်းလာ
ဒိန်ကြီး ဒေါ်ရင်ဓွေး၊ အသင့်ဖခမည်းတော် နှမ ဒေါ်အလင်းဝေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့စင်ပွန်း။ လမ်းခရီးမှာ လိုအပ်တာ အတိုအထွာလုပ်ပေးဖို့နဲ့ အိမ်စေ
ကောင်မလေးနှစ်ယောက်။ စုစုပေါင်း ငါးယောက်တိတိပါသည်။

ထိုငါးယောက်စလုံး အသင်္ခိုကို မျက်စိအောက်က အပျောက်
မခံကြပါ။ အသခေ့ရဲ့နဲ့ သူငယ်ချင်းတွေ ဘယ်သွားသွား၊ ဘယ်လည်လည်
လည်ချင်တဲ့ဆီလည်၊ ဘယ်နှစ်ရက် ဘယ်မှာနေပြီး လည်ပတ်ပါ
တစ်ခွန်းမှ ဟန့်တားတာ အာညာမရှိပါ။

အသခေ့ရဲ့တို့ သွားရာနောက်ကိုတော့ ထိုငါးယောက် ထက်ကြ
မကွာ လိုက်ပါပြီးသား။ ထိုသို့လိုက်ပါဖို့ အမိန့်ပေးထားသည်က အသင်္
အဖေ။ အသင့်ဖေဖေက အလုပ်တွေများတာမို့ ကိုယ်တိုင်လိုက်ဖို့ အချိ
မပေးနိုင်ပါ။

သို့သော်လည်း သမီးအလိုကျ သွားစေလိုတဲ့ခရီးတိုင်းကိုတော့
သူစိတ်ချရတဲ့ငါးယောက်ကို ရွေးချယ်လွှတ်ပြီး မျက်ခြည်မပြတ် စော
ရှောက်နေခြင်းဖြစ်သည်။

ထိုသို့စောင့်ရှောက်နေရင်းကြားထဲက အသခေ့ အကြံထုတ်
လေသည်။ ကြိုတင် တိုကင်လုပ်ထားတာမို့ ပဲခူးရောက်သည်နှင့် ပန်းဆိုး
ပွင့် တည်းခိုခန်းမှာ တည်းကြ၏။

တည်းခိုခန်းရောက်ပြီးသည်နှင့် ရွှေမော်ဓောဘုရား အရင်
ကြမယ်ပေါ့။ အန်တီမေက ထုံးစံအတိုင်း အသင့်သဘောလေ။





ဘုရားပေါ်ရောက်တော့ လူကြီးတွေက ဘုရားကို စိတ်အေး
အေးဖူး၊ ပုတီးစိပ်နဲ့ တရားဘက် အာရုံဝင်နေစဉ်မှာ အသင်
ပြ၏။

သူငယ်ချင်းတွေကလည်း အသင် မျက်ရိပ်ပြတာကို သဘော
လသည်။ အထိန်းအယတွေမရိပ်မိအောင် တစ်ယောက်စီ နောက်
ဘာ ရှောင်ထွက်၏။

ဘုရားရှိခိုးသူ၊ ပုတီးစိပ်သူနဲ့ တရားအပေါ် အာရုံရောက်နေတဲ့
အယတွေ နောက်ကြောင်း ဘာမှမရိပ်မိစွာ။

အသင်တို့လေးယောက်စလုံး ဘုရားအပြင်ဘက် ထွက်ခဲ့ကြ
ဘုရားအပြင်ဘက်မှာ တခက်နွယ်ရဲ့သူငယ်ချင်း လွဲလွဲချိုက
ပြိုင်ကားနှင့် အဆင်သင့်စောင့်လျက်ရှိသည်။

ပြိုင်ကားပေါ် အသင်တို့လေးယောက် ကမန်းကတန်း တက်
ည်။ ပန်းတံခါးက ကားကို ကိုယ်တိုင်မောင်း၏။ လွဲလွဲက လက်ပြ
တ်ရင်း ကျန်ရစ်ခဲ့သည်။

ဘုရားရှေ့မှာတော့ အသင်တို့လေးယောက်စီးလာတဲ့ မာဇ္ဒတူး
နဲ့ အန်တီမေတို့အထိန်းအယတွေ စီးလာတဲ့ ကားနှစ်စီးက သေးချင်း
ထားဆဲ ဖြစ်သည်။

ကားရှိနေတယ်ဆိုရင် အန်တီမေတို့ အသင်တို့ကို ဟိုဟိုဒီဒီ

www.burmeseclassic.com



ထွက်သွားကြတယ်လို့ ထင်မှာမဟုတ်ပေ။ ဘုရားပရဝုဏ်ရဲ့ တစ်နေ
ရာမှာ ရှိနေမှာပဲဆိုပြီး လိုက်ရှာနေကြမယ်လေ။ အဲဒါ အကောင်းဆုံး

အကြောင်းပြလွယ်အောင် အသင်စီစဉ်ပြီး အထိန်းအယ
မရိပ်မိအောင် ခိုးထွက်ခဲ့ခြင်း။

ဘယ်ဆီပဲ အလည်အပတ်သွားသွား အထိန်းအယ
မျက်လုံးအောက်က ဖဲ့ထွက်သွားလေ့မရှိတဲ့ အသင်တို့သူငယ်ချင်းတ

ဒီတစ်ခါမှ မျက်လှည့်ပြခိုးထွက်ခဲ့သည်က ရင်ခုန်ပျော်မြူး
အမိုးပွင့်ပြိုင်ကားနဲ့ လွတ်လပ်တဲ့ လေပြည်အရသာကို ပေ့ါပါးစွာရှူ
ရင်း မိန်းလမ်းမကြီး ဦးတည်ရာအတိုင်း မောင်းထွက်ခဲ့တာ မြို့ပြင်ဘ
ရောက်မှန်းမသိ ရောက်ခဲ့လေသည်။

ဘယ်ရောက်ရောက် မြင်ကွင်းက အသစ်ချည်းပဲမို့ သူငယ်ချ
တစ်စု ပျော်မဆုံးဖြစ်ကာ မြို့ရဲ့အရှေ့မြောက်ဘက်အရောက်မှာ 'မြ
စခန်း' ဆိုတဲ့ ဆိုင်းဘုတ်လည်း မြင်ရော အားလုံး မတိုင်ပင်ရဘဲ စိ
ဝင်စားကြ၏။ ညှိစရာမလိုဘဲလည်း မြင်းစခန်းသွားကြဖို့ သဘောတူ
သည်။ ထိုအထဲမှာမှ ပန်းတံခါးက နောက်ကြောင်းမအေးတာကို သ
တရနဲ့ ထုတ်ပြောတဲ့အခါ အသချေါက ဘာမှမထူးသလို ခံစားလျက် –

"အိုး ဟယ် ဘယ်သူမှမသိအောင် ထွက်လာတဲ့ဥစ္စာ၊ ထွ
လာပြီးတဲ့အတိုင်း လွတ်လွတ်လပ်လပ် လည်ကြတာပေ့ါ"





"အန်တီမေတို့စိတ်ပူပြီး ခေါင်းတောက်အောင် ရှာနေမှာစိုး
တော်ကြာ အသင့်ဖေဖေကို အကြောင်းကြားလိုက်ရင် ဘယ့်နှယ်
လဲ"

ပန်းတံခါးက မဖြစ်သေးတာကို တွေးပူကာ ဖြေသည်။ အသချေါ
ပ်လက်ဝါတီးကာ သဘောတကျရယ်လေပြီး –

"ရှင်ကလည်း ရွှေဆယ်မိုင်လောက်ထိ တစ်မျော်တစ်ခေါ် ပူ
ကောလားဟယ်၊ တကယ်ပဲ၊ ပန်း ရှင်က နေရာတကာ ပူပူနေတာ
ည့်မရချင်ဘူး။ ဒီမှာ အသင်တို့ကားက ဘုရားရှေ့မှာပဲလေ၊ ကား
တော့ ဒီပတ်ဝန်းကျင်ပဲ ထင်ပြီး ပတ်ရှာနေမှာပေ့ါ၊ ပြီးတော့
ကို ချက်ချင်းအကြောင်းဖို့က ဒီနေ့အဖို့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့"

"ဝေးလိုက်တာဟယ်၊ ဖေဖေ ခုရက်ပိုင်း အလုပ်ကိစ္စတွေ
ကို ကိုင်တွယ်ဖြေရှင်းနေရတာလေ၊ ဖေဖေ့ဖုန်း သုံးလုံးစလုံး
ားတယ်၊ ဖေဖေ့အတွင်းရေးမှူးတွေလည်း ဖုန်းဖွင့်ခွင့်မရှိဘူး၊
ကြောင့် အသင် ခိုးလုပ်ကြည့်တာ၊ အရသာလေးက မဆိုးဘူးဟ၊
တစ်နေ့လုံး အသင်တို့ ခြေရာဖျောက်ထားမယ်၊ ဘယ့်နှယ်လဲ၊
ကောင်းဘူးလား"

အသချေါက သူမအကြောင်းပြချက်နဲ့ သူမ ပျော်ပျော်ရွှင်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။ အသင် ထိုသို့ပြောတော့လည်း သူငယ်ချင်းတွေ သဘော
တကျ ခေါင်းညိတ်ပြီး -

"အင်း ကောင်းတယ် ကောင်းတယ်၊ ရှင် တွန့်ဆုတ်မနေ
မောင်းမှာသာ မောင်းစမ်းပါ၊ မြင်းစခန်းမှာ ကဲရအောင်ဟယ်"

နွဲ့ယမင်းက ကဲချင်စိတ်ထလာကာ ခပ်သွက်သွက်ပြောသေး

"ဟုတ်တယ်၊ မောင်း မောင်း ဆက်သာမောင်း"

တခက်နွယ်ကလည်း ကားပေါ်ရပ်နေရာမှ ခုန်ပေါက်ဆော
မတတ်ဖြစ်ကာ အားပေးလေသည်။ ဒီလိုဆိုတော့လည်း ပန်းတံခါး ပူ
မနေချင်တော့ပါ။ သူမလည်း ပျော်ပျော်ကြီး ကဲချင်စိတ်နိုးကြွနေပြီ မဟုတ်
လား။

အသခင်ျက လက်ဟန်နဲ့ မောင်းလို့ပြောလျှင် ပန်းတံခါး တွေ
မနေတော့ပါ။ မျက်နှာလေး ရွှင်မြူးကာ စက်တပ်ထားတဲ့ကားကို ပြန်
ရင်း -

မြင်းစခန်း -

ရှင် ဘယ်ပြေးမလဲ။

အသင်တို့ လာနေပြီလေ။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



အခန်း (၉)

"ပွမ် ပွမ်"

မြေဝါလမ်းက တောတန်းဘက်အရောက်မှာ ညာဘက်ချိုးလေ

ပန်းတံခါး ကားဟွန်းသံပေး၍ ထိုလမ်းချိုးအတိုင်း မောင်းလေ

အသွားအလာ လုံးဝရှင်းနေတဲ့ ထိုလမ်းမှာ ကျောပိုးအိတ်
လွယ်ထားတဲ့ လူရွယ်တစ်ဦး ကျောပေးလျှောက်သွားနေတာနဲ့ ဆုံသည်။

ကားဟွန်းသံကြားသော်လည်း ထိုလူရွယ် လှည့်မကြည့်ပါ။
လမ်းပေါ်မှ ဘေးသို့ဆင်းလျှောက်လျှင် ပန်းတံခါးက နောက်
ဆင်တွန်းတီးပြန်သည်။

"ပွမ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း လှည့်မကြည့်ပါ။ လမ်းဘေးတောတန်းနဲ့ ကပ်သ ကပ်အောင် ဆင်းလျှောက်တဲ့ ထိုလူရွယ်။ ပန်းတံခါး နှာခေါင်းရှုံ့ ပွစိရွတ်သည်။

အသချော်က သဘောတကျ ရယ်လေသည်။ တခက်နွယ်နဲ့ ယမင်းက ပန်းတံခါးနည်းတူ ထိုလူရွယ်ကို လှမ်းကြည့်စေချင်သည်

ဘာရယ်တော့ မဟုတ်ပါ။

အရပ်ကြီးမြင့်ဖြောင့်ကာ ဂျင်းဘောင်းဘီရှည်နဲ့ တီရှပ်လ ရှည်ဝတ်ထားသောကြောင့် နောက်ပိုင်းကိုယ်ဟန်က တအားကြ ကောင်းကာ ဆွဲဆောင်မှုရှိနေလို့ဖြစ်သည်။

ယောကျ်ားဆိုတာ ဒီလိုမြင့်မြင့်ဖြောင့်ဖြောင့်ရှိမှ သဘော တတ်တဲ့ ပန်းတံခါးတို့သုံးယောက်စလုံးရဲ့စိတ်ကို အသချော် ကြိုတင် နေလို့ဖြစ်သည်။

ဟိုက လှည့်မကြည့်တော့ နှုတ်ခမ်းတွေ အလိုမကျ တွန့်ကျ သည်။ ဒါနဲ့တင် အားမရနိုင်ဘဲ ထိုလူရွယ်ကို ကားကျော်သွားတော့ သုံးယောက်သား လည့်ပြန်ငဲ့ကြည့်သည်။

“ဟဲ့ ပန်း ရှေ့လည်း ကြည့်မောင်းပါဦး”

လို့ အသချော်ပြောမှ စောစောက သဘောမကျဖြစ်နေတဲ့ ပန်း တံခါးမျက်နှာလေး လန်းကာ ရှေ့ပြန်လှည့်ရင်း –





“ဟဲ့ အသင် ရှင် လှည့်ကြည့်စမ်းပါ၊ မိုက်တယ်ဟ၊ ယောကျ်ား ဘာ ဒါမျိုးလေးမှ၊ ဟင့် ဟင့် ဟင့်၊ ရင်တွေတောင် ခုန်လာပြီ၊ ည့်လေဟယ်”

“အသင် ကြိုတုန်း ကြည့်ပါဟဲ့”

ပန်းတံခါး ပြောသလို တခက်နွယ်လည်း တွန်းထိုးပြောလေ ည်း သူတို့သုံးယောက်က ဒီလိုပဲ။

ခပ်ချောချော ခပ်မိမိ ကောင်လေးများမြင်ရင် ကြည့်လိုက်ရမှ ည်း ကြည့်ပါဦးတဲ့။ သူ့ဘာသာသူ သူ့လမ်းသူသွားနေတဲ့ဥစ္စာ။ စုပြုံ ည့်ရုံနဲ့ အားမရဘဲ အသချော်ကိုပါ ကြည့်ခိုင်းပြန်သည်။

“ကြည့်လိုက်စမ်းပါ မြန်မြန်”

ပန်းတံခါး ကားအရှိန်လျှော့မောင်းရင်း အသချော်ကို ကြည့် ပြန်သည်။ သူငယ်ချင်းတွေ အတင်းအကျပ်ပြောနေတော့လည်း သချော် လည့်ပြန်ငဲ့ကြည့်မိလေပြီ။ သူငယ်ချင်းတွေ ငေးမယ်ဆိုလည်း လောက်စရာပဲ။

အလယ်ခွဲဆံပင်ညိုညိုက ပန်းတိုက်ထိရှည်ကာ ဖြောင့်စင်းမနေ၊ ိုင်းခုံတွေကြွသလို လှိုင်းထကာ အဖျားခွေခွေကောက်ကောက်လေး တွေနဲ့ ဆံပင်ပုံက လေးထောင့်ဆန်သော သူ့မျက်နှာနဲ့ အတော်လိုက်၏။

အထောင်တွေ အမောက်တွေနဲ့ ဒီဇိုင်းဆန်းသစ်တဲ့ ခေတ်ပုံ

www.burmeseclassic.com



ငယ်တွေရဲ့ ဆံပင်ဒီဇိုင်းကြားမှာ သူ့ဆံပင်ပုံက တကယ်ရှားမည်။

တော်ရုံတန်ရုံ ကောင်ချောလေးတွေလည်း သူ့ဆံပင်ပုံနဲ့ ဖက်မှာ မဟုတ်ဘူး။ သေချာသည်။

အရပ်မြင့်သလို ခန္ဓာကိုယ်ဖြောင့်မတ်ပြီး ရှန်းရှန်းကြွကြွ က ဆွဲဆောင်မှုအရှိဆုံးပဲဖြစ်သည်။

သူကပဲ ဆွဲဆောင်မှုရှိနေလို့ဖြစ်မယ်။ ဘယ်ယောက်ျား ကိုမှ စိတ်ဝင်တစား ငေးမကြည့်ဖူးတဲ့ အသဒ္ဒေါ။

ဒီတစ်ခါတည်း ငေးကြည့်ဖူးပါတယ်။ လည်ပြန်ငဲ့အကြည့် အကြည့်တို့ဆုံသည်က ရင်မှာ တသိမ့်သိမ့် နွေးသွားသလို ခံစား

ကားနဲ့အဝေးမှာ ပြတ်ကျန်ခဲ့တဲ့ သူ့အရိပ်က အသဒ္ဒေါ ဝန်းမှာ စွဲကာ –

“အသင် စွဲတယ်နော်”

နွဲ့ယမင်း အငေးမပျက်ဆိုလေသည်။ အသဒ္ဒေါမျက်နှာ ရှက်ရိပ်နဲ့ ပန်းနုရောင်နု နှင်းဆီပွင့်ဖတ်လေးလို အလှသွေးကြွကာ–

“ဟွန်း စွဲဘူး”

လို့ မလုံမလဲပြောမိ၏။ လည်ပြန်အကြည့်ကိုလည်း ပြန်ရုပ် ကာ ရှေ့ပို့သည်။

“တကယ်လား”





ပန်းတံခါးက ကားမောင်းနေရာမှ မကြည့်ဘဲမေးသည်။

“အမယ် ရှင်တို့လို ငမ်းငမ်းတက်ဖြစ်တဲ့အစားထဲက မဟုတ် ပေါင်နော်”

“ကြည့်ကြသေးတာပေါ့”

“ဟုတ်ပါ့”

ပန်းတံခါး စကားအဆုံးမှာ တခက်နွယ်နဲ့ နွဲ့ယမင်းထောက်ခံ အသဒ္ဒေါမျက်နှာလေး ပြုံးယောင်နဲ့ လှပစွာမဲ့၍ –

“ရှင်တို့ပဲ ကြည့်ဆိုလို့ ကြည့်တာပါနော်”

“အသင့်ကို ဘယ်သူက အပြစ်ပြောနေလို့လဲ”

တခက်နွယ်က ရယ်ရင်းမေးသည်။

“အို သိဘူး”

ဖြေရင်း အသဒ္ဒေါမျက်နှာလေး ပန်းဆီရောင် ရဲသွားပြန်သည်။ သူငယ်ချင်းတွေက မေးလေ့ဝေ့ကာ ချစ်စနိုးနဲ့ ပြုံးကြည့်ကြသည်က အသဒ္ဒေါကို တကယ်ပဲ မလုံမလဲ ဖြစ်စေတော့၏။

သူငယ်ချင်းအားလုံးက သဘောတကျရယ်လေပြီ။ ဘာကြောင့် မှန်းမသိပါ အသဒ္ဒေါ ရင်ခုန်သလိုလို ခံစားရကာ –

“မြင်းစခန်းကလည်း ရောက်ပဲမရောက်နိုင်ဘူး”

လို့ စကားလမ်းကြောင်း ပြောင်းပြောတော့ သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးချည်ဆန့်ချည်နဲ့ ကရော်ကရော်လုပ်ကာ နောက် အသချေ့စိတ်ကို တကယ်ရှက်စေ၏။

"ရှင်တို့ဟာလေ"

"အလိုလေး သူ့ဘာသူ မျက်လုံးထဲ ဘယ်သူ့မြင်နေလဲ မသိဘဲနဲ့ ဟိုမှာ မတွေ့ဘူးလား၊ မြင်းစခန်းရှေ့တည့်တည့် ရောက်နေပြီလေ"

ပန်းတံခါးပြောခါမှ ပိုရှက်သလို ဖြစ်လာ၏။ အဟီး ဟုတ်တော့လည်း ဟုတ်သား။ သစ်လုံးတွေနဲ့ ခတ်ထားတဲ့ အဝင်ဆိုင်းဘုတ်က –

"မြင်းစခန်းမှ ကြိုဆိုပါ၏"

တဲ့။ အသချေ့ ဆိုင်းဘုတ်ကို ရှေ့တည့်တည့်ဖြစ်နေပေမယ့် မမြင်မိပါ။ သူငယ်ချင်းတွေ ခပ်နောက်နောက်ပြောသလို အသချေ့ မျက်လုံးထဲမှာ ဘယ်သူ ကျူးကျော်ဝင်ရောက်နေလို့လည်း မသိပါ။

သူပဲလား။ အိုး သွား မတွေးတော့ဘူး။

ပန်းတံခါးက အသင့်ဖွင့်ထားတဲ့ ကြိုဆိုပါ၏ ဆိုင်းဘုတ်အောက် တံခါးကျယ်ကြီးမှ မြင်းစခန်းထဲ ကားကွေ့ဝင်လျှင် အသချေ့လည်း သူ့ပုံရိပ်ကို မျက်လုံးထဲက ဖျောက်ဖျက်ဖို့ ကြိုးစားရလေပြီ။

ဖျောက်ဖျက်ဖို့ ကြိုးစားခါမှ –

✿ ✿ ✿



## အခန်း (၁၀)

"အမေ"

"ဟေး"

ခေါ်သံကြောင့် ဒေါ်အိမ်မိုး ထူးရင်းမော့ကြည့်၏။ ခွန်ပြည့်အားပြည့်ရှိလှသော သားဖြစ်သူကို ဘွားခနဲမြင်လျှင် ဒေါ်အိမ်မိုးမျက်ဝန်းအစုံ ဆောက်ပကာ နူးညံ့သိမ်မွေ့မှုတွေနဲ့ လက်ဖြာသွားပြီး –

"သား"

ဟု ရင်ခေါင်ထဲမှ ကြည်နူးမှုအပြည့်နဲ့ ခေါ်မိလေသည်။

"အမေ"

သားကလည်း မိခင်မြင်လျှင် ရင်ထဲက ပူလောင်သောက မှန်သမျှ ငြိမ်းအေးသာယာသွားလေပြီ။ အမေဟု ဒုတိယအကြိမ်ခေါ်ရင်း မိခင်ရင်ခွင်ရိပ် အပြေးကလေး ဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် လာမယ်ဆို ဖုန်းဆက်ပေါ့ကွယ်၊ ဟင့် ဟင့်"

ဒေါ်အိမ်စိုး သားကို ဆီးကြိုပွေ့ဖက်ရင်း လှိုက်လှိုက်လှဲလှဲ ဆိုသည်။ ခေတ်သစ် အမေ့ကိုယ်လုံး ဝဖိုင့်ဖိုင့်ကို ဖက်ထားရင်း အမေ့ နပူးကို အမောပြေ မွှေးရှိုက်မိလေသည်။

သနပ်ခါးရနံ့သင်းသော ကိုယ်ရနံ့က ခေတ်သစ်နှလုံးသားကို တကယ်အေးငြိမ်သွားကာ –

"ရပါတယ် အမေရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ သားအဖေကို ကြိုခိုင်းမှာပေါ့ ခုရော ဘာနဲ့လာလဲ"

"လမ်းလျှောက်လာခဲ့တာပေါ့"

"အိုး ပင်ပန်းရောပေါ့၊ ကြည့်စမ်း ဒါကြောင့် သားကိုယ်မှာ ချွေးစိုနေတာကိုး၊ ကဲ ထိုင်"

ဒေါ်အိမ်စိုး သားကို ကွပ်ပျစ်ပေါ်မှာ ထိုင်စေသည်။ ခေတ်သစ် ကျောပိုးအိတ်ချွတ်ကာ ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်သည်။ ဒေါ်အိမ်စိုး ရေအိုး စဉ်ရှိ မြေအိုးထဲက သောက်ရေတစ်ခွက် ချက်ချင်းခပ်ပေးသည်။

"အမောပြေအောင် ရေသောက်ဦး သားရဲ့"

"ဟုတ်ကဲ့ အမေ၊ ညီလေးရော"

ရေဖန်ခွက် လှမ်းယူပြီး သားက မသောက်သေး။ ရေနံရောင်





မှောင်နေသော နှစ်ဆောင်ပြိုင် ပျဉ်ထောင်အိမ်ဘက် ငေးကြည့်ရင်း သတိတရမေး၏။

ဒေါ်အိမ်စိုးပြုံးကာ သားကို ကြည့်မဝနိုင်စွာ ငေးကြည့်လေပြီး

"ထုံးစံအတိုင်းပေါ့ သားရယ်၊ ဟင့် ဟင့်"

ထုံးစံအတိုင်းဆိုတော့ ခေတ်သစ် သဘောပေါက်လေသည်။ ညီလေးက ဖေဖေ့ကို အကူအညီပေးနေပြီပေါ့။

ညီလေးတောင် ဖေဖေ့ကို အနီးကပ်ကူညီလုပ်ကိုင်ပေးတာ မျိုးကျူးစရာကောင်းလှသည်။ သူကသာ တာဝန်မကျေသလို ရှိလှသည်။

တကယ်ဆို ဖေဖေ့ကို သူ ကူညီနေရမယ့်အရွယ်ကောင်းပါ။ ဒါပေမဲ့ သူ့ဘဝကြီးကို ဖေဖေ့လို ရိုးရိုးသားသား မမြှုပ်နှံချင်။

အပြင်ထွက်ပျံသန်းနေချင်တဲ့စိတ်နဲ့ မိသားစုကိုခွဲထွက်ခဲ့မိတာ။ ဘယ်တော့မှတော့ နောင်တမရပါ။ ဒါပေမဲ့ ဘယ်လောက်ပဲ အမြင့်မှာ ပျံသန်းလို့ကောင်းပါစေ အချိန်တန်ရင် ကိုယ့်အသိုက်အမြုံကို ပျံလာပြီး နားခိုရတာ သဘာဝပါပဲ။ ခုလည်း ထိုနည်းလည်းကောင်း။

အနုပညာကောင်းကင်စင်တာကနေ ကိုယ့်စိတ်ကိုယ့်သဘောနဲ့ အလုပ်ထွက်ခဲ့တဲ့ ခေတ်သစ်။ နောက်ထပ် အလုပ်မရှာရသေးခင် မိဘ နိုင်မြို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

"သား ခွင့်နဲ့လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းဖတ်တွေ ထွေးပစ်ကာ ပလုတ်ကျင်း၏။ ရေတစ်ငုံ အမောပြေသောက်ပြီးသွားတဲ့သားကို ဒေါ်အိမ်စိုး ထုံးစံအတိုင်း မေးသည်။

"ဟင့်အင်း"

ဒေါ်အိမ်စိုး နားရှုပ်သွားကာ သားကိုစိုက်ကြည့်ပြီး ...

"ဒါဆို နက်ဖြန် ပြန်မှာပေါ့၊ ဟုတ်လား"

"မပြန်ဘူး"

"ဟင်"

သားက ခေါင်းခါရင် ရေတစ်ဖန်ခွက်ကုန်အောင် သောက်လေသည်။ ဒီတစ်ခါတော့ သားရဲ့အိမ်ပြန်လာတာ ထူးခြားတယ်လို့ ဒေါ်အိမ်စိုး ထင်သည်။

သားက ခွင့်နဲ့လာတာဆိုရင် အနည်းဆုံး တစ်ပတ်နှစ်ပတ် မိသားစုနဲ့ နေလေ့ရှိသည်။ ခွင့်နဲ့မဟုတ်ဘဲ မိဘကို သတိရလို့လာတာဆိုရင် ဒီနေ့လာရင် တစ်ညအိပ်၊ မနက်ဆို ပြန်သွားတတ်သည်။

ခုတော့ ခွင့်နဲ့လာတာလည်း မဟုတ်သလို မိဘကို သတိရလို့ အလွမ်းပြေလာကြည့်တာလည်း မဟုတ်ဘူး။ နက်ဖြန်လည်း မပြန်ဘူးဆိုတော့ ဒေါ်အိမ်စိုး မအံ့ဩဘဲမနေနိုင်ပါ။ တစ်ခုခုကြောင့် နွမ်းဖျော့သလို ဖြစ်နေတဲ့ သားဖြစ်သူကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေရင်း

"သားက ဒီတစ်ခါလာတာ တစ်မျိုးပါလား၊ နေရောကောင်း





ရဲ့လား သားရဲ့"

ဒေါ်အိမ်စိုးမေးရင်း သားရဲ့မဟာနဖူးကို လက်ခုံနဲ့စမ်းသည်။ သားနဖူးက ပုံမှန်အတိုင်း နွေးနေဆဲ။

"ကောင်းပါတယ် အမေရဲ့၊ သား အလုပ်ကထွက်လာလို့"

"ဟေ အဲလိုလား"

ဒေါ်အိမ်စိုးမျက်နှာ ပြည့်ပြည့်ကြီး ပြုံးပန်းတွေနဲ့ တောက်ပလို့သွားသည်။ အလုပ်ထွက်လာတာဆိုတော့ ဒေါ်အိမ်စိုး တကယ်လည်း ဝမ်းသာလို့သွား၏။

"ကောင်းတာပေါ့ သားရယ်၊ သူများ အလုပ်လုပ်တယ်ဆိုတာ ကိုယ့်အလုပ်ကိုယ်လုပ်တာလောက် မကောင်းဘူးပေါ့ သားရယ်၊ အစကတည်းက အမေ သဘောမတွေ့ပါဘူး။ သားက လုပ်မယ်ဆိုလို့သာ အမေ ခွင့်ပြုရတာလေ၊ ဟော အခု အလုပ်ထွက်လာတာဆိုတော့ အမေ ဝမ်းသာတယ်ကွယ်၊ မိသားစုစုံစုံလင်လင်နဲ့ နေရတာ အပူအပင်ကင်းတယ်လေ၊ ဘာပဲပြောပြော အမေတော့ ဝမ်းသာတယ်၊ သားအဖေသိရင်လည်း ဝမ်းသာဦးမယ်၊ သားညီလေးသိရင် ဝမ်းသာလွန်းလို့ ကျွမ်းတောင်ထိုးဦးမှာ သားရဲ့၊ ဟင့် ဟင့် ဟင့်"

အားရဝမ်းသာဖြစ်နေတဲ့ အမေ့ကိုကြည့်ရင်း ခေတ်သစ် မျက်နှာကြည့်လို့ကာ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လေသည်။ အမေက သူများ

www.burmeseclassic.com



...တွေနဲ့ မတွေ့ပါ။

သားအလုပ်ထွက်လာတာကို ဝမ်းမြောက်ဝမ်းသာဖြစ်လို့နေသည်။ အမေ့သဘောက ကိုယ့်အလုပ်အကိုင်နဲ့ ကိုယ့်ဘဝကို အေးအေးချမ်းချမ်း ရပ်တည်လိုသည်။ မိသားစုနဲ့ တစ်လုံးတစ်စည်းတည်းပေါ့။

"နေဦး၊ သားအဖေနဲ့ သားညီလေးကို အမေ သွားပြောလိုက်မယ်"

"နေ နေ အမေ၊ အဖေတို့ အလုပ်ပျက်နေဦးမယ်၊ သားပဲ သွားတွေ့လိုက်မယ်"

"အေး၊ အဲဒါလည်း ကောင်းတယ်"

အမေ့မျက်နှာပြည့်ပြည့်က ဝမ်းသာလွန်းလို့ ချိုချိုအီအီကြီး ဖြစ်လို့သွားသည်။ ခေတ်သစ် ရေဖန်ခွက်ကို ကွပ်ပျစ်ပေါ် ပြန်ချသည်။

ကွပ်ပျစ်ဘေးမှာ အုံ့မှိုနေတဲ့ သရက်ပင်ပင်စည်မှာ ချိတ်ထားတဲ့ မြက်ဦးထုပ်ယူပြီး ကွပ်ပျစ်ပေါ်က ဆင်းလျှင် –

"နေဦး သား"

ဒေါ်အိမ်စိုး ပြောရင်း လက်ကလည်း ကွပ်ပျစ်ပေါ်မှာ အဆင်သင့်ရှိနေတဲ့ စတီးကွမ်းအစ်ကို ဆွဲယူပါသည်။ ကွမ်းအစ်အံ့ခွက်တွေကို အဆင့်လိုက် ဖြုတ်လေပြီး လတ်ဆတ်သော ခြံထွက်ကွမ်းရွက်စိမ်းစိမ်းပေါ် ထုံးသုတ်၊ ကွမ်းသီးစိတ်၊ ဆေးရွက်ကြီးမှုန့်နဲ့ နွယ်ချိုမှုန့် အနည်းငယ်ထည့်ပြီး သွက်သွက်ကလေး ကွမ်းယာလုပ်ပေးနေတဲ့ အမေ့လက်ချောင်းလေးတွေကိုကြည့်ရင်း ခေတ်သစ်နှလုံးသားမှာ ကြည်မြရွှင်လန်းသွားသည်။ အမေ့လက်ရာ ကွမ်းယာမစားဖြစ်တာ သူ ဘယ်လောက်ကြာပြီလဲ။





လွမ်းလှပြီ အမေ။

ခေတ်သစ် ပြောစရာမလို။ အလိုက်သိသိ ကွမ်းယာပေးတဲ့ အမေ့မျက်နှာ ပြုံးပြုံးကိုကြည့်ရင်း ခေတ်သစ် ရင်မှာ ကြည်နူးသွားလေသည်။

"ကဲ ရော့"

အမေက ကွမ်းယာကို ကမ်းပေးလျှင် ခေတ်သစ်လက်နဲ့ မယူဘဲ ပါးစပ်ဟပေးလိုက်သည်။

အမေက ကြည်နူးစွာပြုံး၍ သားကို ခွံ့ပေး၏။ ကွမ်းလေးငုံကာ မြက်ဦးထုပ်ဆောင်းပြီး ခြံနောက်ဘက် ထွက်သွားလေတဲ့ သားဖြစ်သူကို အမြင်တစ်ဆုံးငေးကြည့်ရင်း ဒေါ်အိမ်စိုးရင်မှာ အရာရာပြည့်စုံသွားသလို ခံစားရလေသည်။ မြင့်မြင့်ထွားထွားဖြစ်သလို ခွန်အားဗလနဲ့ပြည့်နေတဲ့ ဒီသားကြီးက သူတို့မိသားစုရဲ့ စွမ်းအားလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟင်"

မြင်းဖောင်းထဲရှိ ညီငယ်အနားမှာ မိန်းကလေးလေးယေ…
ဝိုင်းနေတာမြင်လျှင် ခေတ်သစ်မျက်ဝန်းက မယုံနိုင်အောင် အံ့ဩ…
သွားသည်။

ထိုမိန်းကလေးလေးယောက်က သူနဲ့ လမ်းတစ်ဝက်မှာ …
သေးတယ် မဟုတ်လား။ မလိုအပ်ဘဲ ကားဟွန်းတပွမ်ပွမ်တီးကာ …
သစ်ကို လှည့်ငေးသွားသည်။ ခေတ်သစ် မသိချင်ဟန် မျက်နှာရှော…
ခဲ့၏။

ဒါပေမဲ့ တစ်ယောက်နဲ့တော့ မျက်လုံးချင်း ထိထိမိမိ ခ…
တိုက် ဆုံခဲ့သေးတယ်။ အဲဒီတစ်ယောက်ကိုတော့ ခေတ်သစ် မှတ်မိ…
ထိုမိန်းကလေးက ညီငယ်နဲ့ အနီးကပ်ဆုံးမှာရပ်နေသည်။ သူမက က…





…မိန်းကလေးသုံးယောက်ထက် သိသိသာသာ မြင့်လေသည်။

စတော်ကင်လို အကျပ်အစည်းဆောင်းဘီရှည်တွေရည်း ဝတ်…
…ထားပေမယ့် ကျစ်လျစ်သောကိုယ်ဟန်က ကြော့ရှင်းနေ၏။ ခါးလေး
…သိမ်၍ တင်ပါးဝိုင်းဝိုင်းလေးဖြစ်ကာ ပေါင်တံဖြောင့်စင်းသွယ်ကျသွားတဲ့
…ကောက်ကြောင်းက အားတစ်မျိုးနဲ့ ညို့အီနေတယ်လို့ဆိုရင် လွန်မယ်
…ထင်ပါဘူး။

လိမ်ခွေပြီး ပခုံးနဲ့ကျောပေါ် ဖြာကျနေတဲ့ ထိုသုံးယောက်ဆံပင်
…ဝိုင်းနဲ့လည်း မတူ။ သိသာနေသည်က အညိုရောင် ဆံပင်ရှည်တွေက
…တင်ပါးဖုံးသည်အထိ အုံကြွရှည်လျားကာ ဘယ်ဘက်ဘေး တစောင်း
…မြင့်မြင့်စည်းနှောင်ပြီး ဦးထုပ်ပုံအလှကလစ်ပန်ထားသည်က တစ်မျိုး
…ကြည့်ကောင်းနေသည်။

ကျားသစ်ကွက်နဲ့ အပြင်က အနက်ရောင်တွဲစပ်ထားတဲ့ နှစ်
…ထပ်ပုံလက်တိုအကျီက အနက်ရောင်ဘောင်းဘီရှည်နဲ့ လိုက်ဖက်သလို
…သူမနဲ့လည်း အတော်ကြီးလှနေ၏။

ဆံပင်အဖြောင့်စည်းသိမ်းထားသောကြောင့် မျက်နှာပြင်လေးက
…ရှိတဲ့အတိုင်း ဝင်းမွတ်စင်ကြယ်စွာ ဖူးအိနေမှန်း မလှမ်းမကမ်းက
…ကြည့်ရုံနဲ့ သိသာသည်။ အကြည့်ချင်းဆုံခဲ့သော ဝိုင်းစက်စက် မျက်ဝန်း
…လေးက အညိုရောင် မျက်တောင်လှလှများအလယ်မှာ စိမ်းညို့ပြီး



www.burmeseclassic.com

ထင်းနေသော မျက်ခုံးနက်တွေအောက်မှာ ညှို့နိုင်စွမ်းရှိနေသည်။

နှာတံက ချွန်မြမြကြီးလည်း မဟုတ်ပါ။ ကျစ်ကျစ်လျစ်လျ

နှင့် စင်းပြီး ပေါ်လွင်၏။ နောက်ပြီး သူမရဲ့နှုတ်ခမ်းဖူးဖူးလေးက အ

ဆုံးပါပဲ။ ကွမ်းသွေးရောင်ဆေးဆိုးထားတဲ့ နှုတ်ခမ်းအစုံက ထောင့်ချိုး

ပြီး ပုံစံကျ စိုလဲ့ဖူးကြွနေသည်က ပွင့်ချပ်တွေ အစီအရီ ထပ်ကြွလျက်

သော ဒေလီယာပန်းဖူးကို မြင်ရသလို စွဲမက်စေတဲ့ စိတ်နောက်

ရင်ခုန်ချင်စိတ်လည်း တိုးကြွလာလေသည်။

အိုး သူ ဘာတွေကို တွေးနေပါလိမ့်။ ငေးနေမိတဲ့ ခေတ်သ

အလိုလိုနေရင်း မလုံမလဲဖြစ်ကာ ခေါင်းတစ်ချက် ယမ်းခါမိလေပြီ။

ငေးကြည့်နေတာကြောင့် ရပ်မလိုလိုဖြစ်သွားတဲ့ ခြေလှမ်း

ပုံမှန်အတိုင်း ပြန်လှမ်းသည်။ မြင်းဖောင်းဆီသွားဖို့ သစ်ပင်တန်းဘေး

ကပ်လျှောက်လာတဲ့ ခေတ်သစ်ခြေလှမ်းက ညီငယ်တို့နဲ့ နီးသထက်

လာသည်။ မြင်းတွေရွေးရင်း ညီငယ်နဲ့ စကားအဆက်မပြတ်ပြော

အသံတွေ တဒိုင်းဒိုင်းကြားနေရသည်။

"အစ်မတို့ မြင်းစီးရဲလို့လား"

ညီငယ်က မြင်းပုလေးဝေဟင်ကို ပွတ်သပ်ရင်း ထို

ယောက်လုံးကို ပြန်ကြည့်ပြီးမေးသည်။

"အောင်မယ်၊ စီးရဲပါတယ်နော်"





သူမက ဦးဆောင်ဖြေသည်။

"စီးရဲရင် စီးလို့ရတယ်၊ ဒါပေမဲ့ ခဏစောင့်ရမယ်"

"ဘာဖြစ်လို့"

သူမသူငယ်ချင်းတစ်ယောက်က မေးသည်။ ညီငယ်က သူ့လုပ်

ခွင်မှာ အတော်ကျွမ်းကျင်နေတဲ့ပုံစံနဲ့ ဆိုသည်။

"အစ်မတို့ စီးရဲပေမယ့် ဒီအတိုင်း စီးသွားလို့မရဘူး။ နည်းပြ

ယောက်စီ ထည့်ပေးမယ်၊ အဖေနဲ့ နည်းပြသုံးယောက်က သင်တန်း

းလေးယောက်ကို လေ့ကျင့်ပေးနေလို့"

"ဟေး"

သူမက လက်တစ်ဖက် ခါးထောက်ရင်း ညီငယ်ကို စိုက်ကြည့်

"ဟုတ်တယ် အသင်ရဲ့၊ နွဲ့တို့က တစ်ခါမှ စီးဖူးတာ မဟုတ်

အရင်ဆုံး မြင်းစီးတတ်အောင် သင်ရမယ်၊ တတ်သွားမှ စီးတာ

ာင်းတယ်"

"ကျွန်တော်ပြောတာ အဲဒီအစ်မ ပြောသလိုပဲ၊ တတ်သွားရင်

မတို့စိတ်ကြိုက် စီးလို့ရမယ်၊ မတတ်သေးရင် နည်းပြနဲ့ အရင်သင်

ယ်"

"ဟွန်း အကြာကြီးမစောင့်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကြာပါဘူး၊ ဟောဟိုမှာ အဖေတို့ လာနေပြီ"

မြင်းလှေ့ကျင့်ကစားကွင်းဘက်ကနေ တမ်းစီပြီးလာနေတဲ့ သင်တန်းသားလေးယောက်က မြင်းပုလေးတွေပေါ်မှာ၊ သင်တန်းနည်းပြ လူရွယ်သုံးယောက်နဲ့ အသက်ကြီးကြီး လူကြီးတစ်ယောက်က မြင်းဘေးမှ လျှောက်လာနေကြသည်။

"ဟေး"

မစောင့်ရတော့မှန်းသိသွားတော့ သူမတို့လေးယောက် ခုန်ပေါက်ဝမ်းသာသွား၏။

"အစ်မတို့ ဘယ်မြင်းကြိုက်လဲ၊ ရွေးယူ"

ညီငယ်က မြင်းဇောင်းထဲမှာ အစာစားနေတဲ့ မြင်းပုတွေကို လက်ညှိုးထိုးရင်း ညွှန်ကြားသည်။ မြင်းဇောင်းထဲမှာ ဆယ်ကောင်တိတိ ရှိနေသေးတဲ့ မြင်းပုတွေဆီ သူမတို့မျက်လုံးတွေ ရွှင်မြူးစွာ ရောက်၏။

ထိုမြင်းပုလေးတွေက မြင်းစီး စသင်မယ့်သူတွေအတွက် အသင့်တော်ဆုံး မြင်းကလေးများဖြစ်သည်။

အုန်းခွံရောင် အညို၊ အဖြူနဲ့ ဝမ်းဗိုက်မှာ အဖြူရစ်တွေပါတဲ့ မြင်းပုတွေထဲက နွဲ့ယမင်းက အညိုရောင်မြင်းပုလေးကို သဘောတကျ ရွေး၏။ တခက်နွယ်က အုန်းခွံရောင်မြင်းပုဝဝလုံးလုံးလေးကို မျက်စိကျသည်။ ပန်းတံခါး မြင်းကျားကိုရွေးတော့ အသချော်က တစ်ကိုယ်လုံး





ဉ်ဆွတ်ဖြူနေတဲ့ မြင်းပုလေးကို နှစ်ခြိုက်စွာရွေးလေသည်။

စိတ်ကြိုက်မြင်းကိုယ်စီရွေးပြီးပြီမို့ နည်းပြသုံးယောက်က သင် န်းသားတွေကို တန်းဖြုတ်ကာ မောနေပြီဖြစ်တဲ့ မြင်းပုတွေကို ဇောင်း ပြန်လွှတ်ပေးသည်။

"အဖေ ဒီမမတွေ မြင်းစီးသင်မလို့တဲ့"

"အေးလေ သင်ပေးမှာပေါ့"

လူကြီးက မမောနိုင် မပန်းနိုင်ဆိုသည်။ မိန်းကလေးတွေ ရွေး တဲ့ မြင်းကိုယ်စီကို တပည့်သုံးယောက်ခွဲပြီး ရှေ့က ဦးဆောင်ထွက် တော့ ထိုမိန်းကလေး သူမတို့စီးရမယ့် မြင်းနောက် ပျော်ပျော်ရွှင်ရွှင်။

အသချော်က သူမ,စီးရမယ့် မြင်းနားမှာ ရပ်နေဆဲ။ အဖေက နောက်လိုက်သင်ပေးဖို့ မြင်းဇက်ကြိုးဆွဲကိုင်တော့ –

"အဖေ နားတော့၊ ဒီမမကို ကျွန်တော် သင်ပေးလိုက်မယ်"

ညီငယ် သွက်သွက်လေးပြောပြီး မြင်းဇက်ကို ကြိုးဝင်ဆွဲ၏။ က ဇက်ကြိုးလွှတ်မပေးဘဲ –

"ဟာ မဟုတ်တာဘဲ သားငယ်ရယ်"

အဖေက ခွင့်မပြုချင်ဘဲ ပြော၏။ ညီငယ်က မျက်နှာကို မှုန် ်ထားရင်း ကလေးပီပီ ဖွတ်တရွတ်ဆန်ဆန် ပြောလေသည်။

"ရတယ် အဖေရဲ့၊ ကျွန်တော် သင်ပေးလို့တတ်ပါတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦး၊ ဦးမောနေပြီ ခဏနားလိုက်လေ၊ ဒီမောင်ထေ သင်ပေးတာကို အသင် စီးကြည့်မယ်၊ အဆင်မပြေတော့ ဦးသင်ပေး ဟုတ်ပြီလား"

သူမလည်း ဆိုတော့ အဖေ ညီကို တားရခက်သွားသည်။ ညီ အလိုကျခေါင်းညိတ်ကာ -

"သမီးသဘောပါ၊ ဦးသားက ငယ်သေးတော့ သိပ်စိတ်ချ နိုင်သေးလို့ပါ"

"အဖေကလည်း သား ငယ်ပေမယ့် အတွေ့အကြုံအများကြီး ရှိတယ်လေ၊ အဲဒါပဲ အဖေက သားကို အထင်သေးလွန်းတယ်"

ညီငယ် အဖေ့ကိုပြန်ပြောတော့ အဖေက ပြုံးနေသည်။ ညီ ငယ်ပေမယ့် စိတ်မချဘူးပြောရင် သိပ်မကြိုက်ချင်ဘူး။

အစုဝဲကတည်းက မြင်းလည်ပင်းဖက်ပြီး ကြီးလာတဲ့ သူ့ကို သူလည်း အပြည့်အဝ ဂုဏ်ယူနေတဲ့ ညီငယ်။

"လာ ဖြူဖွေး၊ သွားမယ်"

ပြောရင်း ဖြူဖွေးလည်ပင်းရှိ မြင်းဖက်ကြိုးကို ရှေ့က ဆွဲကာ လေ့ကျင့်ကွင်းဆီ ထွက်သွားတဲ့ ညီငယ်။ သူမလည်း နောက်က ပါသွား လေသည်။

အဖေ့မှာ ကျေနပ်စွာပြုံးရင်း ညီငယ်ကို သဘောတကျ ငေး





ကြည့်ရှုသည်။ မြင်းဖောင်းထဲမှာ သူ့လိုပဲ ကြီးပြင်းလာတဲ့ ညီငယ်။ သူ့လိုပဲ မြင်းတွေကိုချစ်ကာ ရင်းနှီးကျွမ်းဝင်နေသလို မြင်းစီးသင်သူတွေကိုလည်း အရွယ်နဲ့မလိုက်အောင် သင်တန်းပေးလို့ တက်နေပါပြီ။

သူ မရှိချိန်မှာ အဖေ့ကို အပြည့်အဝကူညီပေးနိုင်တဲ့ ညီငယ်ကို တိတ်ဆိတ်စွာ ငေးကြည့်ရင်း ကျေးဇူးတွေ အထပ်ထပ်တင်နေမိသည်။

အဖေက ညီငယ်ကို သိပ်စိတ်ချဟန်မတူ။ ခပ်လှမ်းလှမ်းက လိုက်သွားဖို့ ခြေလှမ်းပြင်တော့ -

"အဖေ"

ခေတ်သစ် လှမ်းခေါ်လိုက်တော့ ဦးကောင်းသော် ဆတ်ခနဲ လှည့်ကြည့်သည်။ သားကြီးကို မားမားမတ်မတ်ကြီးမြင်တော့ ဖခင်မျက်နှာ ဝင်းပသွားလေပြီ။

"ဟာ သား"

"ကျွန်တော်ပြန်ရောက်ပြီ အဖေရဲ့၊ အဖေ နားလို့ရပြီဗျ။ အဖေ့ကို ကူညီဖို့ လာခဲ့တာလေ၊ အဖေ ဝမ်းသာတော့ဗျာ"

ပခုံးကို လှမ်းဖက်တဲ့ အဖေ။ ခေတ်သစ်လည်း အဖေ့ပခုံးကို ပြန်ဖက်ကာ တရစပ်ပြောလေသည်။ ထိုအခါ ဦးကောင်းသော် ခွန်အား အပြည့်ရသလို မာန်အပြည့် ပြုံးရယ်ကာ -

"သားရယ် သားကို အဖေမျှော်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ၊ အဖေ သွားနားတော့၊ လိုအပ်ရင် ညီငယ်ကို ကျွန်တော် ဝိုင်းကူလိုက်မယ်"

"အေး ကောင်းတယ်ကွ၊ ဒါမှ အဖေ့သားကြီး"

အဖေက ခေတ်သစ်ပခုံးကို တင်းနေအောင်ဖက်ရင်း အားပြည့်အင်ပြည့် ဆိုလေသည်။ ကွမ်းသွေးရောင် ရဲနေသော သွားများပေါ်သည်အထိ အားရဝမ်းသာဖြစ်နေတဲ့ အဖေ့အပျော်က ခေတ်သစ်ရင်ထဲ ကူးစက်သွားလေသည်။

"အဖေ သွားနားတော့"

"အင်းပါကွ"

အဖေ ခေါင်းညိတ်၏။ ထို့နောက် ပခုံးပေးတင်ထားတဲ့ တဘက်ဟောင်းလေးနဲ့ မျက်နှာက ချွေးစတွေ ပွတ်သုတ်ရင်း နှစ်သောင်ပြင်နေတဲ့ အိမ်ဘက် လျှောက်သွားတဲ့ အဖေ့ခြေလှမ်းတွေက ရွှင်မြူးတက်ကြွလို့နေသည်။

မိဘရင်ခွင်မှာ ခေတ်သစ် တကယ်ကြည်နူးကာ အေးမြလို့သွားသည်။ ဟောဒီမြင်းဖောင်းဟာ သူတို့မိသားစုဘဝ၊ သူတို့မိသားစုရဲ့ ထမင်းအိုးစစ်စစ် မဟုတ်ပါလား။ ဒါကြောင့် ညီငယ့်ဆီ ဦးတည်နေတဲ့ ခြေလှမ်းက သွက်လို့နေတာ။

✿ ✿ ✿



## အခန်း (၁၂)

"တွေ့လားဟင် ကိုသစ်"

"မတွေ့ဘူးကွ"

"ဟင်"

ဒေါ်အလင်းမေမျက်နှာက စိုးရိမ်ခြင်းကြီးစွာ ဖြူရော်သွားလေ ဦးသစ်လွင်က တူမချောအုပ်စု ပျောက်သွားသောကြောင့် စိုးရိမ်လှ သော်လည်း ကူကြံရရနေနိုင်ပါသေးသည်။ ဇနီးကို နှစ်သိမ့်ပေးသော ကဝန်းနဲ့ကြည့်ရင်း –

"သိပ်လည်း စိတ်ပူမနေပါနဲ့ မေရယ်၊ တာရှိနေတယ်ဆိုတော့ ဝေးသွားကြမယ် မထင်ဘူးကွ၊ နေဦး ကိုသစ် အပြင်ဘက် ပြန်လိုက်ကြည့်ပေးမယ်၊ စိတ်ပူမနေနဲ့နော်"

ဦးသစ်လွင် ချော့ချော့မော့မော့ပြောရင်း ဇနီးသည်ရှေ့က ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခွာသွားသည်။ ဒေါ်အလင်းမေကတော့ မျက်နှာပျက်ပျက်နဲ့ ပျာယီးပျာယာဖြစ်လို့နေသည်။

အထိန်းတော်ကြီး ဒေါ်ရင်ခွေလည်း ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ –

"ဆရာကြီးသိရင်တော့ မိုးမီးလောင်တော့မှာပဲ"

ဆိုတော့ ဒေါ်အလင်းမေ ခေါင်းယမ်းလျက် –

"အို အသိခံလို့ မဖြစ်သေးဘူး ဒေါ်ခွေရယ်၊ အစ်ကိုကြီးက အလုပ်ကိစ္စတွေ တအားရှုပ်နေတာလေ၊ မဖြစ်သေးပါဘူး၊ ဟဲ့ စုပုံနဲ့ ဝင်းအိ နင်တို့ ဒီလမ်းတစ်လျှောက် ပြန်လိုက်ကြည့်၊ စားသောက်ဆိုင်တွေ ဘာတွေလည်း ချန်မထားနဲ့"

"ဟုတ်"

"ဟုတ်ကဲ့"

ကောင်မလေးနှစ်ယောက်ထွက်သွားဖို့ပြင်တော့ ဒေါ်အလင်းမေ ဆက်ပြောပြန်သည်။

"ဟဲ့ လမ်းဘေးက ဆိုင်တန်းတွေလည်း သေချာကြည့်ဦးနော်၊ သမီးက လမ်းဘေးဆိုင်တွေ ဘာတွေလည်း ဝင်ထိုင်တတ်တယ်"

"ဟုတ်ကဲ့၊ ကြည့်ခဲ့ပါ့မယ်"

"ကဲ မြန်မြန်လိုက်ကြည့်၊ တွေ့ရင် ချက်ချင်းလာပြော"





"ဟုတ်"

ကောင်မလေးနှစ်ယောက် ခိုင်းတဲ့အတိုင်း သုတ်သုတ်ကလေး ထွက်သွားလေသည်။

ဒေါ်အလင်းမေ စိုးရိမ်စိတ်နဲ့ ခေါင်းခြောက်ကာ ဘုရားပရဝုဏ်အတွင်း ဟိုလျှောက်လိုက် ဒီလျှောက်လိုက်နဲ့ ဂနာမငြိမ်ဖြစ်လို့နေသည်။

အထိန်းအယကြီး ဒေါ်ရင်ခွေလည်း ထိုနည်းလည်းကောင်းပင်။ ဟိုလျှောက်ဒီကြည့်နှင့် မျက်လုံးက မငြိမ်။ တစ်နေရာမှာ တွေ့နိုးနိုးနဲ့ မြော်ကြည့်နေရှာသည်။

"သမီးလေး တစ်ခါမှ ဒီလိုမျက်ခြည်ပြတ်အောင် ထွက်မသွားဖူးပါဘူးကွယ်"

"အဲဒါပေါ့ စိုးရိမ်ရတာ ဒေါ်ခွေရယ်၊ မေတို့လည်း ဘုရားရှိခိုးနေ၊ ပုတီးစိပ်ရင်းနဲ့ သမီးဘက်ကို အာရုံမရောက်ဖြစ်သွားတာလေ၊ တကယ်ဆို သမီးလေးကို စောင့်ကြည့်တဲ့သူက ကြည့်နေရမှာလေ"

"အင်း ပြောပါတော့ မေရယ်၊ ဒေါ်ခွေလည်း ဒီတစ်ခါ သတိလက်လွတ်ဖြစ်သွားလို့ပါ"

"ဒေါ်ခွေကို အပြစ်တင်တာမဟုတ်ပါဘူး လာ ဒေါ်ခွေ၊ ဘုရားဟိုဘက်မှာ နတ်ကနားပွဲသံ ကြားတယ်၊ သွားကြည့်ရအောင်"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရင်စွေနှင့်ဒေါ်အလင်းမေ တိုင်ပင်စရာမလိုဘဲ နှစ်ယောက် သဘောတူညီဖြစ်ကာ နတ်ကနားပွဲဆီ ခြေလှမ်းသွက်သွက်လေး ဦးတည် သွားသေး။

နတ်ဆိုင်းသံက အတော်ဝေးဝေးကတည်းက ကြားနေရသည် ထိုနေရာမှာ ရှိပါစေလို့လည်း ဆုတောင်းနေကာ ကနားပွဲဆီအရောက်မှာ

"မမမေ ကနားပွဲမှာလည်း မတွေ့ရဘူး"

ဟု ဒရိုင်ဘာကိုနောင် လူအုပ်ကြားမှထွက်လာရင်း သတင်း ပေးသည်။

"ဟင် ဒါဆို ဘယ်နေရာတွေ ကျန်သေးလဲ၊ လိုက်ကြည့်ပါဦး ကွယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ဒရိုင်ဘာ ကိုနောင် ခေါင်းညိတ်ရင်း ဘုရားပတ်ဝန်းကျင် စတိုးဆိုင်ကြီးများဆီ ဦးတည်သွားသည်။

နတ်ကနားပွဲမှာ ကြည့်ရှုနေတဲ့ပရိသတ်က အတော်များသေး သည်။ ကိုနောင် မျက်စိလျှမ်းပြီး မတွေ့တာလည်း ဖြစ်နိုင်တယ်လို့ ... ဆပြီး –

"လာ ဒေါ်စွေ၊ လူအုပ်ကြီးထဲဝင်ပြီး ကြည့်ရအောင်"

"ကောင်းသားပဲ မမမေ၊ သမီးလေးက မျက်လှည့်ပွဲတို့ ကနား





ပွဲတို့ကိုလည်း ကြိုက်ရင် ကြည့်နေကျမဟုတ်လား၊ လူတွေအများကြီးဆို တော့ သေချာကြည့်မှ၊ ကိုနောင်က မျက်စိလျှမ်းတတ်ပါဘိ၊ သူ မတွေ့ ရင်လည်း ဒေါ်စွေတို့ လိုက်ကြည့်လို့ တွေ့ရင်လည်း တွေ့ကောင်းပါရဲ့ ကွယ်"

ဒေါ်ရင်စွေပြောရင်း လူအုပ်ကြီးထဲ တိုးခွေ့ဝင်ကြည့်ကာ အသင်္ချေတို့တစ်စုကို ရှာကြည့်လေသည်။

ဒေါ်အလင်းမေက ခပ်လှမ်းလှမ်းကနေ ကြည့်၏။ ကနားပွဲနား က ဆိုင်တန်းတွေပါမကျန် ဒေါ်အလင်းမေ လျှောက်ကြည့်လေသည်။

အချိန်တွေသာ ကုန်သွားသည်။ အသင်္ချေတို့အုပ်စုကို မတွေ့ရ ပါ။ ကားရပ်ထားတဲ့နားမှာ အားလုံးလူစုမိကြတော့ ဘယ်သူမှ မတွေ့ ကြောင်း ခေါင်းချည်းခါလေသည်။

ထိုအခါ ဒေါ်အလင်းမေရင်မှာ မီးတောက်တွေဖြစ်လာကာ သမီးလက်ကိုင်ဖုန်းကို ခေါ်ကြည့်သည်။ လက်ကိုင်ဖုန်းက အကြောင်းပြန် သည်က –

"ဓရိယာပြင်ပ ရောက်နေပါသဖြင့်"တဲ့။

"ကဲပါ စိတ်အေးထားစမ်းပါ မေရယ်"

"မေတော့ ဘယ်လိုရှာလို့ ရှာရမှန်းမသိတော့ဘူး"

"ကဲပါ အေးအေးဆေးဆေး ခဏနားပြီး ပြန်ရှာကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လာကွာ''

ဦးသစ်လွင် ဖျောင်းဖျောင်းဖျဖျပြော၍ ဇနီးသည်လက်ဆွဲ ဘုရားနဲ့ မျက်နှာချင်းဆိုင်ရှိ စားသောက်ဆိုင်ထဲ ဦးဆောင်ခေါ်သွား

အထိန်းအယတွေလည်း စိုးရိမ်ပူပန်သောမျက်နှာတွေနဲ့ နောက် က ပါသွားကာ အသခေ့်ျတို့ပြန်အလာကို ခေတ္တဝင်နားရင်း စောင့်ဆိုင်း နေကြသည်။

သမီးလေး မျက်စိအောက်က ပျောက်နေတာသိရင် သမီးအ သွေးတက်ပြီး သေသွားနိုင်တယ်။ တကယ်ပါ။

ကိုကြီးဘဝမှာ ဒီသမီးလေးတစ်ယောက်တည်း ရှားရှားပါး ရှိတာမဟုတ်လား။

✿ ✿ ✿



အခန်း (၁၃)

''ဟီ''

တောအုပ်ထဲက ဟီပြီး ခုန်တကြွကြွပြေးထွက်လာတဲ့ မြင်းဖြူ တစ်ကောင်ရယ်။

အသခေ့်ျတို့အားလုံး ကွင်းပြင်ထဲ မြင်းပုလေးတွေ ကိုယ်စီ နှင်နေရာမှ ငေးကြည့်မိ၏။

''ဟီ''

ရွှေခြေနှစ်ဖက် စုံချသလို ပြေးလွှားလျှင် နက်ပြောင်ရှည်လျား သော လည်ဆံမွေးများ ဖွားခနဲ ဖြာလွင့်နေသည်က တအားကြည့် ကောင်းနေသည်။

''ကြည့်စမ်းဟယ်၊ လှလိုက်တဲ့ မြင်းဖြူကြီးနယ်''

''ဟုတ်ပဲ့''



www.burmeseclassic.com

www.burmeseclassic.com



ပန်းတံခါးက အသံမြိုင်မြိုင်နှင့် ထောက်ခံကာ မျက်တော
မခတ်တမ်း ငေးလျက်။

"တော်တော်လှတာပဲနော် နွဲ့"

"ဟုတ်တယ်ဟဲ့၊ နွဲ့တော့ မြင်းပြာကြီးကို လိုချင်လာပြီ တခ
ရယ်"

နွဲ့ယမင်းနဲ့ တခက်နွယ် သဘောတကျပြောလျှင် –

"အမယ် လိုချင်လို့ရမလား တခက်ရဲ့"

"ဘာဖြစ်လို့လဲ အသင်"

"ဘာဖြစ်ရမလဲ၊ အဲဒီမြင်းပြာကြီးကို အသင် အရင်တွေ့
လေ၊ အသင်ပဲ လိုချင်တယ်၊ မြင်းပြာကြီးကို စီးလည်းစီးချင်တယ်"

အသချေ အကဲပိုပိုပြောတော့ သူငယ်ချင်းသုံးယောက် မျ
စောင်းနဲ့ ကြည့်သည်။

"စီးချင် သွားစီးလေ"

"အေး ဟုတ်တယ်၊ စီးမယ်"

ပန်းတံခါး ရွဲ့ပြောတာကို အသချေက အဟုတ်ထင်ကာ မြ
ပုလေးကိုယ်ပေါ်မှ ဆင်းလေသည်။

"အဲ့ အသင် မြင်းက အကြီးကြီးနော်"

"ကြီးလို့ပဲ စီးချင်တာ နွဲ့ရဲ့၊ မောင်လေး မမ အဲဒီမြင်းပြာကြီး





စီးမယ်နော်၊ သွားဖမ်းခဲ့"

အသချေကို မြင်းစီးလေ့ကျင့်ပေးနေတဲ့ ကောင်လေးကို အသင်
လှမ်းပြောလိုက်သည်။ ကောင်လေး ခေါင်းကုတ်ပြီး –

"မရဘူး မမရဲ့"

"ဟဲ့ ဘာလို့မရမှာလဲ၊ စီးသင်ပေးခ နှစ်ဆပေးမယ် သင်ပေး
နော်"

ကောင်လေး ခေါင်းကုတ်ပြီး မြင်းပြာကြီးကို ငေးကြည့်သည်။
မြင်းပြာကြီးကတော့ အုတ်လမ်းအတိုင်း ခုန်ခုန်ကြွကြွပြေးကောင်းနေဆဲ။

"ကဲ သွားဖမ်းခဲ့"

အသချေက ဇွတ်ပြောကာ ကောင်လေးကို တွန်းလွှတ်နေသည်။
ကောင်လေးက အသချေအလိုကျ မြင်းဆီပြေးမသွားဘဲ ခေါင်းယမ်းလျက်
ပြောသည်။

"ဟင့်အင်း"

"ဘာဖြစ်လို့"

"အဲဒီမြင်းပြာက ကိုကို့မြင်းဗျ"

"အဟွန်း"

အသချေ လက်တစ်ဖက် ခါးထောက်ကာ ကောင်လေးကို စိုက်
ကြည့်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစ်ကိုမြင်းလည်း ဘာဖြစ်လဲ"

"ဟုတ်သားပဲ ကောင်လေးရယ်"

သူငယ်ချင်းများကလည်း မြင်းပေါ်က ဆင်းလာရင်း အသချော် ဘက်က ဝင်ပြောသည်။ ကောင်လေးက သူမတို့အားလုံးကို မော့ကြည့်ရင်း

"ကိုကိုက သူ့မြင်းကို သူများစီးတာ မကြိုက်ဘူးဗျ"

"အမယ် နင့်အစ်ကိုကြိုက်အောင် ငါ လုပ်တတ်ပါတယ်ဟဲ့ နေဦး"

အသချော်က ပြောပြောဆိုဆို ကွင်းလယ်ချထားတဲ့ စားပွဲပေါ် သူမတို့ရဲ့ပိုက်ဆံအိတ်တွေ တင်ထားတဲ့ဆီ ချက်ချင်းသွားသည်။

ကောင်လေးကတော့ နားမလည်စွာ ငေးကြည့်လျက်။

အသချော်က သူမပိုက်ဆံအိတ်ထဲက ချောကလက်ပြားတစ်ပြား ထုတ်လာပြီး ကောင်လေးလက်ထဲတိုးပေးပြီး –

"ရော့ အဲဒီချောကလက် ပေးလိုက်"

"ဟင်"

ကောင်လေးက နားမလည်စွာ ချောကလက်ပြားနဲ့ အသချော်ကို တစ်လှည့်စီကြည့်လျက် အံ့သြလို့နေသည်။

"မြင်းစီးခလည်း ပိုပေးမယ် ကလေးရဲ့၊ ချောကလက်ပြားက အဆစ်ပေးတာလေ၊ ကလေးကိုကို ချောကလက်မြင်ရင် ပေးစီးမှာပါ"





"ဟွန်း"

ကောင်လေး ချောကလက်ပြားကို ကိုင်လျက်သားနဲ့ ခေါင်းကုတ်သည်။ ကိုကိုက ချောကလက်ပြားနဲ့ လာဘ်ထိုးတိုင်း ပေးစီးမတဲ့လား။ ပြီးတော့ ကိုကိုက –

ခေတ်မင်းရဲ့အတွေးပင် မဆုံးသေးပါ။ အသချော်က အတင်းတွန်းသပြီး –

"ကဲ မြန်မြန်သွားပါ ကလေးရယ်၊ ကလေးကိုကို့ကို ဒီချောကလက်ပေးပြီး မြင်းပြာကြီး ဆွဲလာခဲ့၊ ဟုတ်ပြီလား"

အသချော်က ထိုကောင်လေးရဲ့အစ်ကိုဆိုတာ ကောင်လေးထက် အငယ်ဆုံး တစ်နှစ်၊ နှစ်နှစ်ကြီးမှာလို့ တွက်ချက်မိတာကြောင့် ကလေးကို ချောကလက်နဲ့ ဆွဲဆောင်လိုက်ခြင်းဖြစ်၏။

ကလေးတွေဆိုတာ ချောကလက်ကြိုက်တယ်မဟုတ်လား။ ကောင်လေးက ပြောရခက်ဟန်နဲ့ အသချော်ကို စောင်းငမ်းစောင်းငမ်း ကြည့်ပြီး ထွက်သွားလေသည်။ ကောင်လေးထွက်သွားတော့ အသချော် ပျော်သွားသည်။ မြင်းပြာကြီး စီးရချည်သေးရဲ့ဆိုတဲ့ ရင်ခုန်စိတ်နဲ့ပါ။

"အသင် ရှင် အရင်စီး၊ ပြီးရင် မြင်းပြာကြီးကို နွဲ့တို့ တစ်ယောက်တစ်လှည့် စီးမှာနော်"

လို့ နွဲ့ယမင်းက စကားစသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီမြင်းပုလေးတွေ စီးရတာ မကောင်းဘူး၊ ဟို မြင်းပြာကြီးစီးရရင် ဖိမ်ပဲလို့"

ပန်းတံခါး သွားရည်တမြားမြားနဲ့ဆိုသည်။ တခေါက်နွယ်ကလည်း

"သူငယ်ချင်းတွေပဲဥစ္စာ တစ်ယောက်တစ်လှည့် စီးကြတာ ပေါ့နော်"

တဲ့။ မြင်းပြာကြီး စီးချင်လို့ အသင်နား ဝိုင်းလာတဲ့ သူငယ်ချင်းတွေကို ရန်တွေ့ချင်သလို ခါးထောက်လျက်။

"အခုမှလာပြီး မျက်နှာချိုသွေးနေကြတယ်ပေါ့လေ၊ ပေးမစီးပေါင်"

"အဲလိုတော့ မတင်းပါနဲ့ဟယ်"

"စောစောက ကောင်လေးကို ဝိုင်းပြောပြီး ရှင်တို့အိတ်ထဲပါတဲ့ သကြားလုံးတွေ ချောကလက်တို့နဲ့ ဆွဲဆောင်ပါလား၊ သူတို့ဟာတွေ ကုန်မှာတော့ တွန့်တိုပြီးတော့၊ ခုမှ လာဖားနေတယ်"

"အသင်ကလည်းဟယ်"

သူငယ်ချင်းတွေ မျက်နှာချိုသွေးလေ၊ အသင်က မျက်နှာလေး မော့လေနဲ့ –

"ဟုတ်တယ်လေ၊ ရှင်တို့က ငြိမ်နေပြီးတော့၊ နောက်ပြီး အသင်လို ဉာဏ်သုံးလို့လား၊ ဒီမှာ ကလေးဆိုတာ ချောကလက်မြင်ရင် သွား





ကောက်ခနဲကျွမှာလေ၊ မတွေ့ဘူးလား၊ ကောင်လေး ချောကလက် ပြီး သူ့အစ်ကိုကို အသင်ပြောတဲ့အတိုင်း လာဘ်ထိုးဖို့ သွားနေတာ"

အသင်ပြောလို့ မဆုံးခင် –

'ခွီး'ခနဲ ရယ်သံ ထွက်လာသည်။ ထိုရယ်သံတွေက သူငယ် နောက်မှာ ရပ်နေတဲ့ နည်းပြလူရွယ်သုံးယောက်ရဲ့ရယ်သံ။ ထိုရယ် လှောင်သလိုလိုကြီးမို့ အသင်တို့အားလုံး ထိုသုံးယောက်ကို ငဲ့ သည်။

"ဟဲ့ ရယ်စရာပါလို့လား"

အသင်က ထိုသုံးယောက်ရှေ့ ဆိုးဆိုးဆတ်ဆတ် သွားရင်း သည်။ ထိုသုံးယောက် ပါးစပ်ကို လက်နဲ့ပိတ်ပြီး ခေါင်းယမ်းသည်။

"ပုံစံတွေက ရယ်စရာမပါဘဲနဲ့ ရယ်ချတာ ဘာသဘောလဲ"

"ဟို ဟိုလေ"

တစ်ယောက်က တဟိုဟိုနဲ့ စကားရပ်လိုက်လျှင် –

"ဟဲ့ ဘာဟိုလဲ၊ ပြောလေ"

"ဟို ခေတ် ခေတ်မင်းကိုကိုဆိုတာက ကလေးမဟုတ်ဘူးဗျ"

"ဘာ"

အလယ်ကတစ်ယောက်က ပြောလျှင် အသင်တို့ ဘာခနဲဖြစ် ပြီးဝိုင်းကြည့်၏။ ထိုအခါ ဘေးကတစ်ယောက်က ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ခေတ်မင်းကိုကိုဆိုတာ ခေတ်မင်းထက် ဆယ့် ငါးနှစ်ကြီးတယ်''

''ဘုရားရေ''

ခေတ်မင်းဆိုတဲ့ ကောင်လေးက ဆယ်နှစ်ကျော်လောက်သာ ရှိတဲ့ကလေး မဟုတ်လား။ သူ့ကိုကိုဆိုရင် အလွန်ဆုံး နှစ်နှစ်ကြီးတဲ့ ကလေးပဲပေါ့။ ခုတော့ ထင်သလိုမဟုတ်ဘဲ ဆယ့်ငါးနှစ်ကြီးတာတဲ့။

အသခဲ့ျတို့ ဘုရားတ,ရှင်း လက်ချောင်းတွေထောင်ပြီး ရေ တွက်ကာ မယုံနိုင်အောင် ဖြစ်လို့သွားသည်။

''ဟုတ်တယ်ဗျ၊ ဟိုမှာလေ ခေတ်မင်းကိုကိုဆိုတာ''

ကျန်တစ်ယောက်က လက်ညှိုးထိုးပြလျှင် –

''ဟင်''

အသခဲ့ျတို့ အသက်ရှူလွဲသွားလေသည်။ ခေတ်မင်းဆိုတဲ့ ကောင်လေးပခုံးကိုဖက်ကာ လှေကျင့်ကွင်းထဲ လှမ်းလာနေတဲ့သူ။ အော မှာလည်း မြင်းပြာကြီးလည်း ပါလာသည်။

''အဲ အဲဒါ''

ပန်းတံခါးက အံ့ဩလွန်းလို့ စကားတွေ ထစ်ကုန်သည်။

''ဟုတ်တယ်လေ၊ လမ်းမှာတွေ့ခဲ့တဲ့ တစ်ယောက်ပဲပေါ့''

နွဲ့ယမင်းပြောလျှင် တခက်နွယ်လည်း ထောက်ခံသည်။





အသခဲ့ျမှာ အံ့ဩလွန်းလို့ အသံပင်မထွက်နိုင်တော့ပါ။ လမ်းမှာတုန်းက သည်ပြန်အကြည့်နဲ့ ဆုံတဲ့သူ။

အိုး အသခဲ့ျ ရင်တွေခုန်ကာ မလုံမလဲဖြစ်ပြီး မျက်နှာနုနုလေး သွေးရောင်ရဲသွားသည်။

အနီးနားရောက်လာလေ မတ်မတ်ကြွကြွ သူ့အသွင်က ရင်ကို ဒိတ်ဒိတ်ခုန်လေ။ လှည့်ပတ်နေတဲ့ အသခဲ့ျသွေးတွေက မူမှန်တော့ ပါ။ ရင်ဆိုင်ဖို့လည်း သတ္တိတွေမဲ့ကာ –

''အိုး ပြန်မယ်''

လို့ တစ်ခွန်းတည်းပြောပြီး တစ်ချိုးတည်းလှည့်ကာ ပြေးထွက် ခဲ့လာသည်။

''ဟဲ့ အသင်''

''နေဦးလေ''

သူငယ်ချင်းတွေ ဟန့်တားကြပေမယ့် လှည့်မကြည့်တော့ပါ။

''ဟဲ့ ဟဲ့ ဟိုမှာ အသင်သွားနေပြီ၊ လိုက်သွားမှပေါ့''

ပန်းတံခါး ဆိုတော့မှ အားလုံးအသိဝင်လာကာ အသခဲ့ျ နောက် ပြေးလိုက်ခဲ့သည်။ အသင့်ရင်ခွင်မှာ လှုပ်ရှားလာကာ အချစ်ဆို တာ ရှက်တတ်တာက စ,တာလားဟင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

“ဟွန်း ဘယ်လိုဖြစ်တာလဲ”

မြင်းစီးသင်ပေးတဲ့ နည်းပြလူရွယ်သုံးယောက်စလုံး အံ့သြလို့သွားသည်။

“အေးလေကွာ”

ပြေးထွက်သွားတဲ့ ကောင်မချောလေး လေးယောက်ရဲ့နောက်ကျောကိုကြည့်လိုက်၊ မြင်းပြာကြီးနဲ့ လှမ်းလာနေတဲ့ ညီအစ်ကိုနှစ်ယောက်ကို ကြည့်လိုက်နဲ့ နားမလည်နိုင်ဖြစ်ရလေသည်။

ခေတ်မင်းက ဝမ်းသာမျူးကြွနေသည်၊ ချောကလက်ပြားလေးကိုကြည့်လိုက် အစ်ကိုဖြစ်သူကို မော့ကြည့်လိုက်နှင့် –

“ပေါ့ ဟိုမမတွေရော”

“ပေး ဘာဖြစ်လို့”





ခေတ်မင်း အံ့သြလွန်းလို့ ငေးကြည့်သည်။ မမ ဦးဆောင်သွား မချောအားလုံး လှေကျင့်ကွင်းကိုလွန်ကာ မြင်းဇောင်းဘက် ရောက်သွားလေပြီ။

“မမ”

ခေတ်မင်း အော်ခေါ်ကာ အစ်ကို့လက်ကို ပခုံးပေါ်က ဖယ်ချ ပြေးလိုက်သည်။

“မမ နေဦးလေ”

ညီငယ် ပြေးလိုက်သွားတဲ့နောက် ခေတ်သစ် လှမ်းကြည့်ရင်း မ,ချသည်။

“ကိုခေတ်ကို သူတို့က ကလေးထင်နေကြတာဗျ”

“ဟင်”

ခေတ်သစ် မျက်ခုံးနက်ချည်း စုံလိုက်ပင့်တက်သွားသည်။ စိုးသိုက်က ဆက်ပြောဖြစ်သည်။

“မင်းမင်းက ငယ်နေတယ် မဟုတ်လား။ မင်းမင်းကိုကိုဆိုတော့ သူတို့စိတ်ထဲ မင်းမင်းနဲ့ တစ်နှစ် နှစ်နှစ်ကွာ ကလေးလို့ ထင်ပုံယ်၊ ဒါကြောင့် ကလေးအကြိုက် ချောကလက်ပေးခိုင်းတာဗျ။ သလိုမဟုတ်တော့ ရှက်သွားတာဖြစ်မယ်”

စိုးသိုက်စကားအဆုံးမှာ ခေတ်သစ် သဘောပေါက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ကို။ ခေတ်သစ်နှုတ်ခမ်းအစုံက ကြည်နူးခြင်းအသိနဲ့ ပြုံးယေ
သမ်းလျက် –

"ပြန်လာမယ့်ပုံ မပေါ်တော့ဘူး ကိုခေတ်"

"အင်း"

"မြင်းတွေ ဖောင်းထဲပို့လိုက်တော့မယ်"

ခပ်ဝဝကိုယ်နဲ့ဖြစ်သော သောင်းဦးက မြင်းသိမ်းတော့လို့ ပြေ
သည်။ ညီငယ်ပါ ထိုမိန်းကလေးတွေနောက် ပါသွားပေမယ့် လှည့်ပြ
လာမယ့် အရိပ်အယောင်မတွေ့တာကြောင့် –

"သိမ်းချင် သိမ်းလိုက်"

လို့ ခေတ်သစ် ခွင့်ပြုလိုက်သည်။ ဝင်းချိုက ရှေ့ကနေ မြင်း
လေး ဆွဲသွားလျှင် စိုးသိုက်နဲ့ သောင်းဦးလည်း မြင်းကိုယ်စီ ဆွဲသွာ
သည်။

အသခံချေစီးတဲ့ မြင်းပုလေးက ဘယ်သူမှ ဆွဲခေါ်မသွားပေမယ့်
ထိုမြင်းပုလေး သဘောပေါက်ကာ နောက်က လိုက်ပါသွားလေသည်။

ထိုစဉ် –

"ကိုခေတ် ဒီမှာ ဟိုအစ်မတွေရဲ့ ပိုက်ဆံအိတ်တွေ ကျန်ခဲ့တယ်
ဗျ"

ရှေ့ဆုံးမှ မြင်းပုဆွဲသွားရင်း ဝင်းချို အော်ပြောသည်။ ခေတ်





...် လှည့်ကြည့်လျှင် မြင်းစီးသင်ရင်း ရေငတ်လျှင်၊ ဆာလျှင် စားနိုင်
...က်နိုင်အောင် ရေနဲ့ သစ်သီးတချို့ ထားပေးထားတဲ့ စားပွဲပေါ်မှာ
...ာင်နဲ့ အရွယ် မတူသောအဖိုးတန် လက်ကိုင်အိတ်လေးလုံး။ လေး
...က်စလုံးရဲ့ ပိုက်ဆံအိတ်တွေ။

ပြေးသွားကြတာ ကိုယ့်ပိုက်ဆံကိုယ် မေ့သွားတဲ့အထိ။

ခေတ်သစ် ခေါင်းယမ်းကာ ပိပိပြင်ပြင်လေး ပြုံးမိသွားသည်။

အကြည့်ချင်းဆုံတဲ့တစ်ယောက်က ရှက်ပြီး ဦးဆောင်ပြေးထွက်
...တာ သူ့ကြောင့်ဆိုတာ အသေအချာ။

ဘာကြောင့်ရှက်ရတာလဲ။

အသံတိတ်မေးရင်း မြင်းပြာကြီးကိုတစ်ဖက်၊ သူမတို့ရဲ့ပိုက်ဆံ
...တွေကို တစ်ဖက်နဲ့ ရင်မှာပွေ့ပိုက်ကာ အပြေးလေးလိုက်သွားရှာ
... ညီငယ်ဆီ ခြေဦးလှည့်လျက် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

“အဲဒါ ဘယ်လိုလုပ်ကြမလဲ”

“ဘာလဲ နွဲ့ရဲ့၊ အရင်းမရှိ အဖျားမရှိ”

“လက်ကိုင်အိတ်တွေ ကျန်ခဲ့တာလေ”

အသင်္ချေ့မျက်နှာကို မှန်ရှေ့ပြန်လှည့်၍ နိုက်ခရင်မ်ကို ဆိတ်ဆိတ်စွာ လိမ်းနေလိုက်သည်။

လက်ကိုင်အိတ်ကိုယ်စီ ကျန်ခဲ့မှန်း လမ်းတစ်ဝက်ရောက် သတိထားမိကြသည်။ နွဲ့ယမင်းက ပြန်လှည့်ယူမယ်လေလို့ ပြောပေ အသင်္ချေ့မျက်နှာ ရှက်လွန်းလို့ ရဲနေရာမှ –

“အိုး သွားမယူနဲ့”

လို့ ယတိပြတ် ပိတ်ပြောလိုက်၏။ ရှက်စိတ်နဲ့ အသင်္ချေ နေမှန်း သူငယ်ချင်းတွေ နားလည်ကြသည်မို့ နွဲ့ယမင်းအဆိုကို အ





တ်မပြုတော့ပါ။

အသင်္ချေ ကားကို အရှိန်မြှင့်မောင်းကာ သူ့မျက်ဝန်းနဲ့ လော ာလတ်လတ် မဆုံချင်တာနဲ့ မြင်းစခန်းကို ကျော်ပေးခဲ့တဲ့ အဖြစ် ည်း။

ဟိုတယ်ပြန်ရောက်တဲ့အထိ လက်ကိုင်အိတ်ကျန်ခဲ့တဲ့ကိစ္စပဲ။ ကျည်ကျည်ဖြစ်နေကြတဲ့ သူငယ်ချင်းသုံးယောက်။ ညအိပ်ရာဝင်တော့ ည်း သိသိကြီးနဲ့ပဲ ထပ်တလဲလဲ မေးနေပြန်သည်။

“အသင် ပြောဦးလေဟယ်၊ ဘယ်လိုလုပ်ရမလဲလို့”

ပန်းတံခါး ခုတင်ပေါ်က ဆင်းလာရင်း မေးသည်။

“တခက်အိတ်ထဲမှာ လက်ဝတ်လက်စားတွေ ထည့်ထားတာ ပျောက်ကုန်ရှုံကုန်ရင် ခက်ရချည်ရဲ့”

ပန်းတခက်နွယ်လည်း အနားမှာလာထိုင်ရင်း တကျည်ကျည် ပြောပြန်သည်။ အသင်္ချေ အရေးမပါဟန်လေးနဲ့ မျက်နှာကိုမဲ့ကာ နိုက်ခရင်မ်ကို လက်ချောင်းလေးများနဲ့ ညီညာနှံ့စပ်အောင် မျက်နှာအနှံ့လိမ်း လိုက်ဘဲ –

“ပူမနေနဲ့”

“ဟဲ့ မပူလို့ရမလား”

“ရတယ်၊ ရှင်တို့ဟာတွေ ပျောက်သွားရင် ပြော၊ ပိုပိုသာသာ



www.burmeseclassic.com

www.burmeseclassic.com



လျှော်ကြေးပေးလိုက်မယ်၊ သိတယ် မဟုတ်လား၊ အသချော်ဆိုတာ"

ကိုကိုတက်ချမ်းသာသော သူကြွယ်ကြီးသမီးဆိုတဲ့ ဂုဏ်မာ

လေးနဲ့ မျက်နှာလေးဝင့်ကာ ပြောရှာတဲ့ အသချော်လေ။

သူငယ်ချင်းတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရှု

သက်မချရလေသည်။

"တခက်ပြောတာက"

"သိတယ်၊ ဆက်မပြောနဲ့၊ ပျောက်ရင် တာဝန်ယူတယ်၊ ရှ

တယ်နော်၊ 'အသင့်'အိတ်လည်း ကျန်ခဲ့တာပဲ၊ တကာတဲ အရေးမပါ

ကို ပူနေကြတယ်"

"ဟုတ်ပါတယ်၊ နွဲ့တို့ပြောတာက အဲဒီအိတ်တွေကို သွားပြ

ယူဖို့ ဖြစ်မလား"

နွဲ့ယမင်း ရှင်းပြသလို ပြောလေသည်။ အသချော်က နှိုက်ရေ

စိတ်ကြိုက်လိမ်းပြီးသွားတဲ့ မျက်နှာဖူးဖူးလေးကို မှန်ထဲမှာပဲ စေ့

စပ်စပ်ကြည့်ရင်း –

"ဖြစ်ရမှာပေါ့ဟဲ့"

"လွယ်နေပါလား အသင်ရယ်၊ အန်တီမေတို့ သိသွားမှာပေ

"မသိအောင် သွားယူမယ်၊ စိတ်ချ၊ ရှင်တို့အိတ်တွေ နက်ပြ

ရရစေ့မယ်၊ စိတ်ချလက်ချ သွားအိပ်ပါတော့လား၊ နားကိုငြီးနေရော"





အသချော် ပိတ်ပြောလိုက်တော့ သူငယ်ချင်းတွေ စောဒက

လိုတော့ပါ။ ဆက်မပြောကြဖို့ တစ်ယောက်ကိုတစ်ယောက် မျက်စ

ာ အိပ်ရာဆီ ရွေ့သွားကြရင်း –

"သမီးလေးရယ် နောက်ဆို အန်တီမေတို့ကို မျက်လှည့်ပြပြီး

လစ်ထွက်မသွားရဘူးနော်၊ သမီးလေး ဘယ်သွားချင်လဲ, ဘယ်

ချင်လဲ၊ ကြိုက်တဲ့ဆီသွား၊ လည်ချင်တဲ့နေရာ လည်ပါကွယ်၊ အန်တီ

လိုက်ပို့မှာပေါ့၊ အန်တီမေတို့မသိဘဲ လစ်ထွက်သွားတာ အကြောင်း

ပေမယ့် အန်တီမေတို့နောက်ကွယ်မှာ တစ်ခုခုဖြစ်သွားရင် အန်တီ

င်ကျိုးရချည်ရဲ့ကွယ်၊ သမီးဖေဖေသာသိရင် အိုး မတွေးရဲဘူး

ယ်"

ဒေါ်အလင်းမေ စိတ်လှုပ်ရှားစွာဆိုသည်က အကဲပိုလို့ မဟုတ်

ငယ်ချင်းအားလုံး သိကြသည်။

အသချော်ဆိုတဲ့ တစ်ဦးတည်းသောသမီးဟာ အသင့်ဖခင်ရဲ့

အသင်ဖခင်ရဲ့အသက်ဆိုလည်း မမှားပါ။ တစ်ခုခုဖြစ်သွားမှာ

အရိပ်လိုလိုက်ပြီး စောင့်ရှောက်စေတဲ့ အသင့်အဖေရဲ့မေတ္တာ

ားလွန်းလေစွ။

"နော် သမီး၊ မျက်လှည့်ပြပြီး ထွက်မသွားရဘူးနော်"

သူမတို့အုပ်စု ကားပေါ်ကနေတောင် မဆင်းရသေးပါ။ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အလင်းမေ အူယားဖားယားပြေးလာကာ အသချေ်ကိုဖက်ပြီး ပြော[illegible] က အမျှင်မပြတ်။ နောက်ပြီး သူမတို့ဘက်လှည့်ပြီးလည်း –

"နွဲ့တို့ ပန်းတို့ရယ် သမီးအလို သိပ်မလိုက်ကြနဲ့၊ ဘယ်[illegible] သွား အန်တီမေတို့ ပါမှလေ နော်၊ နောက် အဲဒီလို လစ်ထွက်မသွားကြ[illegible]

ဟု အန်တီမေ တားမြစ်လေသည်။ အန်တီမေအလိုကျ သူ[illegible] ချင်းတွေအားလုံး ခေါင်းညိတ်ခဲ့ရတယ် မဟုတ်လား။ အသချေ်က[illegible] မမှုသလိုပင်။

ခုလည်းကြည့် ပိုက်ဆံအိတ်ကျန်ခဲ့တဲ့ကိစ္စ။ အန်တီမေတို့[illegible] အသိမပေးဘဲ သွားယူလို့ ဖြစ်မတဲ့လား။ အန်တီမေကလည်း ဒီ[illegible] အလစ်ပေးမှာ မဟုတ်ဘူး။

သူမတို့အခန်းပတ်လည်က အခန်းချင်းကပ်လျက်အခန်း[illegible] မှာ ဝိုင်းဝန်းစောင့်အိပ်တဲ့အထိ။

အန်တီမေနဲ့ အန်ကယ်လွင်က ခေါင်းရင်းခန်းမှာ၊ အိမ်[illegible] မလေးနှစ်ယောက်နဲ့ အထိန်းအယကြီးက ခြေရင်းခန်း။ ဒရိုင်ဘာ ကို[illegible] က ဘေးချင်းကပ်အခန်းမှာလေ။

သူမတို့သူငယ်ချင်းလေးယောက်က အိပ်ခန်းကျယ်ထဲ[illegible] ဘယ်လိုလုပ် အလစ်ချောင်းထွက်လို့ရမလဲ။ နေ့ဆို ပိုဆိုးဦးမှာ။

အားလုံးက သူမတို့လေးယောက်ထက် စောစောထပြီး [illegible]





[illegible]မယ်၊ ဘယ်သွားမယ်ဆို လိုက်ပို့မယ်၊ အနောက်က တကောက်ကောက် [illegible]ပြီး မျက်ခြည်အပြတ်ခံမှာ မဟုတ်တာ သိသာနေသည်။

နွဲ့တို့က စိတ်ရှုပ်စွာပဲ ခေါင်းကုတ် ဟိုကုတ်နဲ့။

အိပ်ရာပေါ်ထိုင်ရင်း အသချေ်က နိုက်ခရင်မ်လိမ်းပြီးတော့ [illegible]ထားတဲ့ ဂါဝန်ဖြူဆွတ်ဆွတ်လေးကို သိမ်းမရင်း မှန်တင်ခုံရှေ့က [illegible]သည်။

သူမအတွက် သီးသန့်ပြင်ထားတဲ့ တစ်ယောက်အိပ်ခုတင်မှာ [illegible]ထိုင်ရင်း တွဲလောင်းချထားတဲ့ခြေကိုလှုပ်ကာ မြူးမြူးလေးဖြစ်လို့နေ[illegible]သည်။

အသချေ် ထိုပုံစံနဲ့ မြူးနေပြီဆိုရင် ဘာမဆို ဖွတ်တရွတ်လုပ် [illegible]မယ်ဆိုတာ သူငယ်ချင်းအားလုံး သဘောပေါက်ပြီးသားဖြစ်သည်။

"အသင်"

တခက်နွယ် အလေးအနက်ခေါ်ရင်း အသချေ်ခုတင်ဆီ ကူး[illegible]သည်။

"အန်တီမေတို့မသိအောင် သွားယူမယ်မဟုတ်လား၊ ဘယ်လို [illegible]ယူမှာလဲ၊ ပြောပါဦး"

"စောင့်ကြည့်လေ ဟွန်း"

အသချေ်မျက်နှာလေး ဝင့်ကာပြောရင်း ကိုယ်ကို မွေ့ရာပေါ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အိခနဲ့ လှဲချလိုက်၏။ တစ်ဆက်တည်းလည်း ကျောခိုင်းလေသည်။

နောက်ဆုံး သူငယ်ချင်းတွေပဲ စိတ်လျှော့ရကာ သုံးယောက်သာ မွေ့ရာပေါ်မှာလူးလိမ့်ရင်း အသချေ့အစီအစဉ် ဘယ်လိုဖြစ်မလဲဆိုတာ တိတ်ဆိတ်စွာတွေးရင်း အိပ်ပျော်သွားကြလေသည်။

မွေ့ရာတစ်ခုမှာ တစ်ယောက်တည်း လဲလျောင်းနေသော အသချေသာ အိပ်မပျော် ဖြစ်ရလေပြီ။

ဘာကြောင့်လဲဆိုတော့—

✿ ✿ ✿



## အခန်း (၁၆)

အကြည့်ခံခဲ့မှုတာ ခဏဖြစ်ပေမယ့် ကြည့်ရှုန်းတောက်ပနေတဲ့ မျက်ဝန်းစိုးမိုးနေလျှင် အသချေ အိပ်မပျော်နိုင်တော့ပါ။

သူငယ်ချင်းတွေ အိပ်ပျော်လွန်ကာ ဟောက်သံပင် ထွက်နေပါ စောင်းအိပ်နေကြတဲ့ ဘေးပတ်လည်အခန်းတွေမှာလည်း လှုပ်ရှားမှု သက်ကာ အိပ်မောကျနေပြီမှန်း သိသာလေသည်။

အသချေတစ်ယောက်တည်းသာ အိပ်မပျော်။ အိပ်မပျော်တော့ ည်း မွေ့ရာပေါ် လူးလိမ့်မနေချင်။

အိပ်ရာပေါ်မှ ချက်ချင်းထ၏။ ကျောပေါ်ပြန့်ကျဲနေတဲ့ ဆံပင် ကို သိမ်းစုကာ ရွှေသားပေါ် ပတ္တမြားပွင့်လေးများစီထားတဲ့ စတော် သိရိုသီးပုံပါတဲ့ ခေါင်းစည်းနဲ့ ဆံပင်ကို ဘေးစောင်း ခပ်ဖွဖွစည်းနှောင် း ဘယ်ဘက်ရင်အုံရှေ့ အလျားလိုက် ချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခုတင်ပေါ်က ဆင်းကာ ခြေလှမ်းဖွဖွလှမ်း၏။ ကျွ
တံခါးကို အသံမမြည်အောင် ဖြည်းဖြည်းလေးဖွင့်ပြီး အခန်းထဲက ထွ
ခဲ့လေသည်။

ဘယ်သွားလို့သွားရမှန်း မသိသေးတော့ လသာဆောင်ဆီ
ဦးလှည့်လာကာ။

အပြင်မှာ လရောင်ပျပျ လင်းနေသည်။

လသာဆောင်လက်ရန်းကိုကိုင်ပြီး အပေါ်စီးကကြည့်လျှင်
ဦးပွင့်တည်းခိုခန်းရှေ့ဘက်က ဥယျာဉ်တစ်ခုလို အပင်တွေ ဝေဝေဆာ
လုပနေသည်။

အပင်တွေအောက်မှာ ခုံတန်းပုပုလေးတွေလည်း ရှိ၏။
ဘက်ဆို ထိုခုံတန်းတွေပေါ်မှာ တည်းခိုတဲ့သူတွေ ရှိနေကြပေမယ့် ညဘ
ဆိုတော့ ခုံတန်းတွေပေါ်မှာ ထိုင်သူမဲ့နေတာကလည်း ကြည့်လို့ရှ
သည်။

အဝင်အဝက အလှမီးလုံးကြီးတွေက အရောင်မျိုးစုံဖြာလဲ့
ဥယျာဉ်နဲ့တူသော တည်းခိုခန်းမျက်နှာစာကို အလင်းရောင်စုံခင်းကျ
သလျက်။

ထိုစဉ် လှုပ်လှုပ်ရှားရှားတွေ့ရသော ပုံရိပ်တစ်ခု။

ညာဘက်ထောင့် ခုံတန်းဆီမှ ထလာဟန်တူသည်။





လှူသွားလမ်းမှလျှောက်ရင်း ပေါ်တီကိုအောက်ဆီ ဦးတည်သွား
ခဲ့သူ။

ညက မအေးလှပေမယ့် အဖြူရောင်ခွတ်ခွတ်တီရှပ်လက်ရှည်
နဲ့ ကွာတား‌ဘောင်းဘီတိုပွပွလည်း တစ်ရောင်တည်းဖြစ်ကာ အထင်ရှား
ဆုံးက သူ့အရပ်မြင့်မြင့်နဲ့ သူ့ဆံပင်ပုံပဲဖြစ်သည်။

ပခုံးတိုက်နီးပါးရှိတဲ့ လှိုင်းခုံလို ရှန်းကြွကြွဖြစ်နေတဲ့ သူ့ဆံပင်
ပုံစံက သူမှလွဲပြီး ဘယ်သူမှ မဖြစ်နိုင်တော့ပါ။

သူဆိုတဲ့အသိက အသည်းမျက်ဝန်းအစုံက ရောင်စုံမီးလုံးကြီး
ဆို အရောင်တွေလဲ့ကာ တောက်ပလို့သွားသည်။ ရင်လည်း ခုန်ကာ –

''ဟိတ်''

လို့ လှမ်းခေါ်မလိုဖြစ်သွားတဲ့ ပါးစပ်ကို အသည်း လက်နဲ့
အမန်းကတန်း ပိတ်လိုက်ရသည်။ လှမ်းခေါ်လို့ ပတ်ဝန်းကျင်က ကြားသွား
ရင် ခက်ရချည်ရဲ့။

အောက်ထပ်က ဧည့်ကြိုကောင်တာမှာ နိုက်ဂျူတီကျတဲ့ ဝန်
ထမ်းနှစ်ဦးထက်မနည်း ရှိတတ်တယ်မဟုတ်လား။ ဒါကြောင့် ပါးစပ်ကို
သက်နဲ့ ပိတ်လိုက်မိခြင်း။

နေဦး သူသိအောင် –

ဟုတ်ပြီ။ အသည်း အကြံကောင်းလေး ရသွားသည်။ သူ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတွေ ဆင်ဝင်အောက်ဆီ ဝင်ရောက်ပျောက်ကွယ်မသွားခင် အသ
လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။

✿

"ဒေါက်"

ပခုံးကို လာမှန်တဲ့ အရာဝတ္ထု။

ပခုံးမှာထိကာ စကြံလမ်းပေါ် ကျလေ၏။ ခေတ်သစ် ကော
ကြည့်လိုက်တော့ ကတ္တီပါအနားတွန့် အလယ်မှာ စတော်ဘယ်ရီသ
ရဲမှည့်နေသော အလှခေါင်းစည်းတစ်ခု။

ခေါင်းစည်းကို ဆုပ်ကိုင်ရင်း အပေါ်မော့ကြည့်လိုက်တော့ -

"ဟင်"

ခေတ်သစ်မျက်ဝန်းအစုံ တကယ်ရွှန်းတောက်သွား၏။ ဆံပ
လေးများ ဖြာဝဲနေတဲ့ သူမမျက်ခုံးနုနုလေးက ဝင်းပပထင်ရှားနေသည်

သူမက ပြုံးနေသည်။ ရိုးရိုးအပြုံးတော့ မဟုတ်ပါ။ ရှက်ေ
ရေးနဲ့ မလုံမလဲဖြစ်နေတဲ့ ပြုံးနုနုလေးနဲ့။

"လာ"





သူမ လက်ရပ်ခေါ်လျှင် ခေတ်သစ် ပြုံး၍ ခေါင်းယမ်း၏။
သူမ မျက်မှောင်လေးချီ၍ ပြန်ကြည့်တဲ့အခါ ခေတ်သစ်က လက်ရပ်
ခေါ်ကာ ခုံတန်းလေးဆီ ညွှန်ပြသည်။

လာခဲ့လေ၊ ခုံတန်းမှာ ထိုင်ကြရအောင်လို့ အမူအရာနဲ့ပြော
ည်က ရင်ဖိုစရာ။ အသံတိတ်ပြောပြီးလည်း ခေတ်သစ်က ညွှန်ပြတဲ့
ခုံတန်းဆီ ပြန်လှည့်သွားသည်။

အသချော် ငြင်းလို့ရမတဲ့လား။

အသချော်ခေါင်းစည်းကြိုးက သူ့ဆီမှာ။ ပြီးတော့ . . .

✿

"ဘယ်သွားဖို့လဲ ခင်ဗျ"

ညှော်ကြိုကောင်တာရှေ့က ဖြတ်လျှင် တာဝန်ကျဝန်ထမ်းလူရွှယ်
ဆီးကြိုမေးလေသည်။ သူတို့ တာဝန်နဲ့မေးမှန်း အသချော် နားလည်
ကြောင့် -

"ခုံတန်းမှာ ထိုင်မလို့၊ ခွင့်ပြုနော်"

ဟု မျက်နှာချိုနဲ့ ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ဟိုတယ်ခြံပြင်ဘက်တော့ ထွက်ခွင့်မရှိပါဘူး။ ညဉ်

တော့လေ"

"အသင် နားလည်ပါတယ်၊ စိတ်ချပါ"

"ဟုတ်ကဲ့ခင်ဗျ။ ဒါပေမဲ့ ကျွန်တော်တို့က တာဝန်အရဖေ

အစ်မကို စောင့်ကြည့်နေပါ့မယ်၊ စိတ်အနှောင့်အယှက်ပေးတယ်လို့တော

မထင်နဲ့ဗျာ"

"အင်း"

အသခ်ျေ မသိမသာလေး ပြုံးမိသွားသည်။ ဒီဟိုတယ်က ဖေ

နွေညည တည်းခိုသူတွေကို အပြည့်အဝစောင့်ရှောက်သော ဝန်ဆောင်

ပေးမှန်း သိသာနေသည်။ ဒါကြောင့် ဖေဖေ့အစီအစဉ်အတိုင်း အန်ကယ်

သစ်က ကြိုတင်ဘိုကင်လုပ်ကာ တည်းစေတာကိုး။

ဖေဖေကတော့ အဲလိုပဲ။ အသင့်ကိုဆို အစစအရာရာအတွက်

စီမံပေးပြီးမှ လွှတ်တတ်တဲ့ ဖေဖေ့စိတ်ကို မအံ့သြတော့ပါ။

ဝန်ထမ်းတွေက သူတို့တာဝန် သူတို့ကျေပွန်အောင် ထမ်း

ဆောင်တာပဲ။ အသခ်ျေ စိတ်အနှောင့်အယှက်ဖြစ်စေတယ်လို့ ခံစားဖေ

ဖို့ မလိုပါ။ အရေးကြီးတာက သူနဲ့ ဆုံတွေ့ဖို့။

အသခ်ျေ ခေါင်းလေးညိတ်ကာ ညွှန်ကြားကောင်တာရှေ့

ထွက်ခဲ့သည်။ ဝန်ထမ်းလူရွယ်နှစ်ယောက်က အရိပ်တကြည့်ကြည့်





စောင့်ကြည့်နေမှာ သေချာသည်။

ကြည့်ရင်လည်း ကြည့်ပါစေတော့လို့ ဆုံးဖြတ်ကာ ခုံတန်းမှာ

ထိုင်ဘဲ ပင်စည်ကိုမှီပြီး ရပ်စောင့်နေတဲ့ သူ့ကိုမြင်လျှင် အသခ်ျေ

ခြေလှမ်းတစ်ချက်တော့ တန့်သွားသည်။ မျက်နှာမှာလည်း သွေးရောင်

ခဲ့ကာ –

"လာလေ"

ဟု ဦးစွာ ရင်းရင်းနှီးနှီး လှမ်းခေါ်သည်။ သူ ဆုပ်ကိုင်ထား

တဲ့ ခေါင်းစည်းကြိုးကိုလည်း လှမ်းပေးသည်။

"ယူလေ"

တဲ့။ အသခ်ျေ မျက်လွှာချကာ ခြေလှမ်းတွေ ရှေ့ရွှေ့ခဲ့သည်။

အပင်ရိပ်တွေ ရှိတာမို့ မီးအလင်းရှိန်က သူမကိုယ်မှာ တိုက်ရိုက်ဖြာကျ

နေပါ။

အလင်းရောင်ဟပ်ကာ လဲ့လဲ့လင်းနေတဲ့ ညလယ်မှာ သူမအလှ

က စူးစိုက်ငေးမောနေစရာကောင်းမှန်း ခေတ်သစ် ခံစားမိလေသည်။

သူ စိုက်ကြည့်နေမှန်း သိတာကြောင့် မျက်လွှာချထားဆဲနဲ့

ခြေလှမ်းရွှေ့ခဲ့ပြီး ခေါင်းစည်းကြိုးလှမ်းယူသည်။

"ဟင်"

ခေါင်းစည်းကြိုး ယူရုံရှိသေးသည် သူ့ ကျန်လက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



အသင့်လက်ကို မိမိရရဆုပ်ကိုင်လျက် –

အသချော် မျက်လွှာပင့်တက်သွားပြီး သူ့ကို မော့ကြည့်မိသ

က ရင်မှာဖိုခနဲဖြစ်စွာ။ ရွှန်းလဲ့စွာ ဆုံတွေ့သွားတဲ့ သူ့အကြည့်နောက်

အသချော် အသက်ရှူမှားသွား၏။ ရင်မှာလည်း တလှပ်လှပ်။

"ဖယ်"

လို့ ပြောပေမယ့် မဖယ်။ ခေါင်းစည်းကိုင်ထားတဲ့ လက်နဲ့

ကျန်လက်တစ်ဖက်နဲ့ပါ အသင့်လက်ချောင်းလှလှလေးတွေကို ဆုပ်

ထားရုံမက လက်ဖဝါးတစ်ခုလုံး ဆွဲပြီး သစ်ပင်မှောင်ရိပ်အောက်

ခေါ်သွားလျှင် –

"အို"

အသချော် ရင်ခုန်သံမြန်သွားကာ သူဆွဲခေါ်ရာနောက် တွ

ရာမှဲ့ ပါသွားတဲ့အဖြစ်ရယ်။

✿ ✿ ✿



## အခန်း (၁၇)

"အလို"

တခက်နွယ် အိပ်ရာမှရုန်းထပြီး အပျင်းဆန့်ရုံရှိသေးတယ်

ချင်း ရပ်တန့်သွားကာ တအံ့တသြ အသံထွက်လေသည်။

အံ့သြသွားသည်က ခုတင်နှစ်ခုအလယ်မှာ ခြားထားတဲ့ စားပွဲ

သူမတို့လက်ကိုင်အိတ်လေးလုံးစလုံး တင်ထားတာတွေ့ရသော

င့် ဖြစ်သည်။

ပန်းတံခါး မှောက်လျက်အိပ်နေရာမှလည်း မြင်ကာ ခေါင်း

င်သွားသလို ရေချိုးခန်းက ပြန်ထွက်လာတဲ့ နွဲ့ယမင်းကလည်း

သုတ်လျက်တန်းလန်းနှင့် မျက်လုံးပြူးသွားလေသည်။

အခုပဲ တိုက်တိုက်ဆိုင်ဆိုင် သုံးယောက်လုံး တစ်ပြိုင်နက်

ချင်း ဒီအိတ်တွေ ညတွင်းချင်း ဘယ်လိုရောက်လာတာလဲ။ မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ပါတဲ့ မျက်လုံးနဲ့ အသချေ့ကို လှမ်းကြည့်ကြသည်။

အသချေက ဘေးစောင်း ကိုယ်လေးကို ဖက်လုံးခွလျက် နှ
ခမ်းအစုံဟလျက်သားနှင့် အိပ်ပျော်နေလို့ ကောင်းနေသည်။

"အံ့ဩစရာကြီးဟယ်"

"ဟုတ်ပါ့"

တခက်နွယ် ပြောရင်း အပျင်းဆန့်မနေတော့ပါ။ အိပ်ရာပေါ်
ဆင်းသည်။ နွဲ့ယမင်းက မျက်နှာပေါ်က ရေစက်တွေကို ပခုံးပေါ် မြူ
တဲ့ တဘက်နဲ့ ပွတ်သုတ်မနေတော့ပါ။ လက်ကိုင်အိတ်တွေ တင်ထား
စားပွဲဆီ ထောက်ခံရင်း လှမ်းလာသည်။

"ဟင် ပန်းက အိပ်မက်ထင်နေတာ၊ မဟုတ်ဘူးနော်"

ပန်းတံခါး မျက်လုံးတွေပွတ်ရင်း အိပ်မှုန်စုံမွှား ပြောလေသည်
သုံးယောက်သား သူ့အိတ်ကိုသူဆွဲယူပြီး ဖွင့်ကြည့်ကြသည်။

တခက်နွယ်က လက်ဝတ်လက်စားတွေထည့်ထားတဲ့ သူ့မအိ
ကို ထိုနှစ်ယောက်ထက် ဦးစွာဖွင့်ကြည့်၏။ လက်ဝတ်လက်စားတွေ
သူမထည့်ထားတဲ့ လက်ရာမပျက် ရှိနေလျှင် အံ့ဩနေရာမှ ဝမ်းသာလု

"ဘာမှမပျောက်ဘူးဟဲ့"

ပန်းတံခါး အသံထွက်လာသည်။ ပန်းလက်ကိုင်အိတ်ထဲ
ပစ္စည်းက ဆံညှပ်လေးတစ်ချောင်းပင် လျော့မနေပါ။





"ဟုတ်တယ်၊ နွဲ့မှာလည်း ပိုက်ဆံတွေ အထပ်လိုက်က ပုံစံ
ဆောင် မပျက်ဘူး၊ တော်သေးရဲ့"

နွဲ့ယမင်းကလည်း ဆိုချေသည်။

"အေးနော်၊ ဒီလက်ကိုင်အိတ်တွေ ညတွင်းချင်းပြန်ရတာ အံ့ဩ
ရာကြီး၊ နေဦး အသင် မသိသေးဘူး၊ အသင် ဝမ်းသာအောင် နှိုးပြီး
ပြောလိုက်ရအောင်လား"

"ကောင်းတယ် တခက်ရဲ့"

ပန်းတံခါး စကားမဆုံးခင် တခက်နွယ် အသင့်ခုတင်နား
ရောက်သွားလေသည်။

"အသင် ထ ထ၊ ဒီမှာကြည့်စမ်း လက်ကိုင်အိတ်တွေ အခန်းထဲ
ပြန်ရောက်နေပြီတဲ့၊ ထကြည့်စမ်းပါ"

အသင့်ပခုံးကို လှုပ်ခါပြီးပြောနေတဲ့ ပန်းတံခါးအသံစာစာ
ကြောင့် အသင် နိုးသွား၏။

"ဘာလဲဟ"

မျက်လုံးကို လက်ခုံနဲ့ ပွတ်ရင်း အိပ်ချင်မပြေယ်စွာ မေး၏။

"ဒီမှာလေ လက်ကိုင်အိတ်တွေ စားပွဲပေါ်ရောက်နေတာ အံ့ဩ
ရာကြီး၊ ရော့ အသင့်အိတ်"

နွဲ့ယမင်းက ပြောရင်း အသင့်အိတ်အညိုရောင်ကို အသင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



...တော်ပေးသည်။ သူငယ်ချင်းသုံးယောက်က အံ့ဩလွန်းနေ...
သည်။ အသင်က အံ့ဩဟန်လည်း မပြဘဲ –

“ဩော် ဒါများလို့” ပြောလျှင် –

“အလိုလေး အသင် မအံ့ဩဘူးလား”

“ဟင့်အင်း၊ အသင်ပြောသားပဲ ပြန်ရစေရမယ်လို့၊ အခု ...
မဟုတ်လား”

အသင်ပြောရင်း လက်ကိုင်အိတ်ကိုဖက်ကာ တစ်ဖက်...
စောင်းအိပ်လိုက်သည်က အသင့်မျက်နှာလေး ကြည်နူးရိပ်လေးသန်း...
သွားတာကို သူငယ်ချင်းတွေ မြင်သွားမှာစိုးလို့ဖြစ်သည်။

သူငယ်ချင်းတွေရဲ့ အံ့ဩနေတဲ့မျက်နှာကို ကြည့်နေရတာလည်း
ရင်ထဲ မလုံပေ။ ဒါကြောင့် တမင်ကျောပေးကာ အိပ်ချင်မပြယ်သေးသည်...
နဲ့ ဆက်အိပ်နေလိုက်တဲ့အသင်ရယ်။

သူငယ်ချင်းတွေ သိချင်နေတဲ့ကိစ္စကို ပြန်တွေးမြင်မိလျှင်
အသင့်ရင်မှာ သိသိသာသာ ခုန်လာပြီ။

ရင်မခုန်ဘဲ နေမတဲ့လားကွယ်။

✿



“အို လွတ်လေ”

“မလွှတ်ဘူး”

စိုက်ကြည့်ရင်း သူ တိုးတိုးပြောလျှင် အသင်မျက်နှာလေး
... ရင်ခုန်စိတ်ကြောင့် နီထွေးနေတဲ့ အသင့်နှုတ်ခမ်းအစုံ လှုပ်
...ကာ –

“မလွှတ်လို့ရမလား”

“ရတယ်လေ”

“ရှင် အသင့်ကို ဘယ်လိုထင်နေတာလဲ”

အသင် ရှုန်းခါရင်း ခပ်တိုးတိုး ငြင်း၏။ သူက ပြုံးချိုနေသော
...အစုံကိုတွန့်ကာ ခေါင်းယမ်းပြီး –

“မင်းကရော ကိုယ့်ကို ဘယ်လိုထင်လဲ”

ဟု ထပ်ဆင့်မေးကာ အသင့်ကို စိုက်ကြည့်ပြန်သည်။
ကာလာမပါဘဲ ညှိသောမျက်တောင်ကော့လေးအလယ်မှ စိန်
...လက်ဖြာနေတဲ့ သူ့မျက်လုံးလေး ရှန်းလဲ့ကာ၊ အကြည့်တွေ
...ဆို မရအောင် ဆွဲညှို့နေတာကြောင့် ခေတ်သစ် အကြည့်မလွှဲ
...သည်။

မျက်ဆန်နက်နက်လေးက ဝိုင်းစက်တောက်ပနေသည်က



www.burmeseclassic.com

www.burmeseclassic.com



မဟုရာနယ်။

"လွှတ်ဆိုမှပဲ"

သူ့အကြည့်ကို အသင် မခံနိုင်။ မျက်နှာလွှဲလိုက်တော့

"ဘာလို့ရုန်းနေတာလဲကွာ"

"အောင်မာ ရှင် ပိုင်စိုးပိုင်နင်း ဆွဲလာတာလေ၊ ငြိမ်ခံ

လား"

အသင်မေးတော့ သူ သဘောကျစွာရယ်လေသည်။ ဆုပ်

ထားတဲ့ လက်ကို မလွှတ်သေးဘဲ –

"ထိုင်ဦးလေ"

ပြောရင်း သူက ဦးစွာ ခုံတန်းမှာ ပင်ထိုင်သည်။ သူ့ဘေး

မှာလည်း အတင်းပဲ ဆွဲထိုင်စေပြန်သည်။

"ရှင်ဟာလေ သိပ်ရဲတာပဲ"

အသင် ထိုင်ချလိုက်ရသည်။ အသင် ထိုင်ချလိုက်မှ အ

လက်ကို ဖွဖွလေး ဖြေလွှတ်ပေးရင်း အရယ်မပျက် ဆိုသည်။

"ရဲတယ်"

"ရဲတာပေါ့"

အသင် မျက်စောင်းနဲ့ပြောတော့ သူ အသံထွက်ရယ်ပြန်သ

ရယ်လိုက်တိုင်း သူ့ပါးပြင်လေးက ပန်းရောင်သန်းသွား၏။





သူက လက်နှစ်ဖက်ပိုက်ကာ အသင်နဲ့ ပခုံးချင်းကပ်တဲ့အထိ

ထိုင်၏။ စိုက်ကြည့်နေတာကို မလွှဲဖယ်နိုင်ဘဲ ပြောပြန်သည်။

"ဘာလို့ ရဲတယ်ထင်လဲ"

"ဟွန်း ဘယ်သိမလဲ"

"သိချင်လား"

ပခုံးချင်းတိုက်ပြီး သူမေးသည်က အသင့်ရင်ကို လှုပ်လှုပ်ရှား

ဖြစ်စေသည်။

"ဟွန်း ရှင်နော်"

လို့ မာန်သလိုဆိုပြီး သူနဲ့ဝေးရာ ထိုင်ခုံတစ်ဖက်စွန်းသို့ ရွေ့

ဖြစ်သည်။ ထိုအခါ သူ လက်ပိုက်ထားတာ ဖြုတ်၏။ တစ်ဆက်တည်း

ည်း အသင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျှင် –

"အို ရှင် ဘယ်လိုဖြစ်နေတာလဲ"

"မင်းကို ချစ်နေတာလေ"

"ဘုရားရေ"

အသင်ချော့ ဝုန်းခနဲ ထရပ်မိမလိုဖြစ်သွားသည်က စိတ်လှုပ်ရှား

မထင်မှတ်ဘဲ ကြားရတော့ အသင်နားကို အသင် မယုံနိုင်၊ အံ့

ြလွန်းလို့ မျက်လုံးလေးဝိုင်းကာ နှုတ်ခမ်းလွှာလေး ဟစီဟစီဖြစ်

သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားတဲ့ အသင့်ပခုံးကို ဆုပ်ကိုင်ထားရာမှ သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး ပွေ့ဖက်လိုက်တဲ့အခါ –

"အိုး"

အသင့်ရင်ခုန်သံ မြန်ကာ လှုပ်လှုပ်ရှားရှားဖြစ်သလို နွေးထွေးတဲ့ သူ့ရင်ခွင်အတွေ့ကြောင့်လည်း ရင်ဖိုလှိုက်ကာ အသက်ရှူတွေ မြန်လာလေပြီ။

"မင်း ကိုယ့်ကိုချစ်လား ကိုယ်မမေးဘူး၊ မင်းလည်း ကိုယ့်ကို ချစ်နေတယ်ဆိုတာ ကိုယ်သိတယ်"

အလိုလေး။

အသချော် သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ မေ့သွားသလို သူ့ကို မော့ကြည့်မရဲအောင်လည်း ရင်ခုန်လှုပ်ရှားသွား၏။

မင်းလည်း ကိုယ့်ကိုချစ်နေတယ်ဆိုတာ ကိုယ်သိတယ်တဲ့ ကြည့်စမ်း။ သူက ဘယ်လိုသိသွားရတာလဲ။

"ကိုယ်တို့နှစ်ယောက် ဆုံခဲ့တဲ့အကြည့်က တစ်ချက်ကလေး အဲဒီအကြည့်တစ်ချက်က နှလုံးသားတံခါးကို အပြန်အလှန် ဆွဲဖွင့်ခံလိုက်ရသလိုပဲ အချစ်တွေ ဝေါခနဲ ပါသွားတယ်၊ ကိုယ်ပြောတာ မင်းယုံရဲ့လား မင်းရင်ထဲမှာ ကိုယ့်အတွက် အချစ်တွေ ရှိနေတယ်၊ မင်းလည်း ကိုယ့်ကို ချစ်နေတယ်လို့ ကိုယ် ယုံကြည်တယ်၊ ဒါကြောင့် ကိုယ့်ကိုချစ်လား





ယ် မမေးဘူး၊ မေးစရာလည်း မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့် ည့်တာနဲ့ လှေကျင့်ကွင်းထဲကနေ မင်းလေး ပြေးထွက်ခဲ့တာက အချစ် လိုက်တာနဲ့ အတူတူပဲ"

သူ့စကားလုံးတွေနောက်မှာ အသချော့သွေးတွေ ချစ်ရိုပ်ကြောင့် ှိုလှုပ်ကြွသွားလေသည်ဟု ထင်ရသည်။ သူ့ရင်ခွင်ကျယ်ထဲမှာ သချော့ခေါင်းလေး ငိုက်ကျသွားသည်။

"ကိုယ်တို့နှစ်ယောက် ဆုံခဲ့တဲ့ အကြည့်တစ်ချက်က အချစ်တွေ ောင်ဖွဲ့တာတွေ ရောပါသွားပြီလေ၊ ထိန်းထားလို့လည်း မရ လေးက ရှက်လို့ ရှောင်ပြေးပေမယ့် ကိုယ်က ချစ်တဲ့စိတ်နဲ့ သိတယ်"

ခေါင်းငုံ့ချထားသော မျက်နှာလေးပေါ် ဆံပင်

ုပ်ထားသလိုဖြစ်နေတဲ့ အသချော်။

ဆံပင်ရှည်တွေကို တယုတယ နောက်သို့

ည်းကြိုးလေးနဲ့ စည်းနှောင်ပေးဖို့ ကြိုးစားနေတဲ့ သူ့

ှလှသည်။

အသင်မှာ ရင်ခုန်စိတ်နဲ့ ရှောင်လို့

း သူပြောနေတဲ့ အကြည့်တစ်ချက်နောက်မှာ

လေပြည်ညင်းလေးသာသာ



www.burmeseclassic.com

www.burmeseclassic.com



လေးသာ လင်းနေရှာတဲ့ ညဟာ ချစ်သူဖြစ်ကြဖို့ တကယ်လုံလော
နေပါပြီ။

"လက်ကိုင်အိတ်တွေ ကျန်ခဲ့တာ သတိရသေးလားဟင်"

"အသင့်မေးဖျားလေး ဆွဲပင့်ကာ သူ တိုးတိုးလေးမေးသည်
အသင် မျက်လွှာချလျက် ခေါင်းတစ်ချက်ဆတ်တော့ –

"ထင်သားပဲ"

စင်းချထားတဲ့ အသင့်မျက်တောင်လေးပေါ် သူ့လက်ချော
လေးတွေ တို့ထိရင်း ဆိုသည်။

"ကိုယ်က ဘယ်လိုရှာလို့ ရှာရမှန်းမသိဘူး၊ အခက်တွေ
တယ်၊ ဒီမြို့ခံတွေမဟုတ်မှန်းလည်း အကဲခတ်မိတယ်၊ တွေ့လိုတွေ
နဲ့ တည်းခိုခန်းတွေ လိုက်ကြည့်နေတာ၊ နာမည်မသိတော့ ပိုခက်တာ
ပန်းဦးပွင့်တည်းခိုခန်း Reception က ကိုငြိမ်းထက်က ကိုယ့်သူငယ်
ပဲ၊ ကိုယ်ပြောပြတော့ သူလည်း ပိုင်းရှာပေးမယ်ပေါ့၊ တွေ့ရင် လက်
အိတ်တွေ ပြန်ပေးဖို့၊ အဲဒါနဲ့ ကိုယ် ဒီမှာ နေလိုက်တာပဲ၊ တိုက်တို
ဆိုင်ဆိုင် ကြုံရတော့ ကိုယ် ဟန်ဆောင်မနေနိုင်တော့ဘူး။ ချစ်တော့လ
ကိုယ့်လက်က ရဲတာပေါ့၊ မဟုတ်ဘူးလား"

"ဟွန်း၊ ရဲနေတဲ့ အဲဒီလက်"

အသင် ရှက်လှန်းလို့ သူ့ရင်ဘတ်ကို တစ်ချက်ထုမိ၏။





ဘာတကျနဲ့ စိုက်ကြည့်ရင်း ရယ်ပြီး –

လက်ရဲရုံနဲ့ မရတော့ဘူး၊ အားလုံး ရဲတော့မယ်"

"ဘာ"

"..."

နားနားကပ်ပြီး တိုးတိုးပြောလျှင် အသခေျာ်မျက်နှာလှလှလေး
လွှန်ကာ ခြင်းခြင်းနီသွားလေသည်။ သူပြောတာ မရှက်စရာလား။

"မင်းနှုတ်ခမ်းလေးကို ကိုယ်နမ်းမယ်" တဲ့။

"ရှင်နော်"

လို့ တားလို့ပင် မဆုံးလိုက်ပါ။ ချစ်မိတော့ အပျိုစင်နှုတ်ခမ်း
လေးက ရင်ခုန်စွာပဲ ရင်းရကာ

သူ တော်တော်ရဲတာပဲလို့ မှတ်ချက်မပေးချင်တော့ပါ။ ချစ်သူ
တဲ့ညက အနမ်းဦးဖြင့် ချိုမြိန်စွာ စတင်တာတွေကို တွေးမိ ခံစား
ရင်း ရင်ခုန်သံမစဲနိုင် ဖြစ်ရလေပြီ။

တကယ်ပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"သမီး အသင်လေး"

သူငယ်ချင်းတွေနဲ့ ရင်ဆိုင်ရမှာ စိတ်က မလုံတာကြောင့် ဒ
ပျော်ချင်ဟန်ဆောင်ပြီး ငြိမ်သက်စွာ အိပ်နေမိတဲ့ အသင်ပေါ့။ အဖ
အုယကြီး ဒေါ်ရင်စေအသံကြားရမှ အသင် မျက်လုံးပွင့်ကာ ဖွင့်လေ

"နိုးပြီလား ကလေး"

"အွန်း"

အသင် အပျင်းဆန့်လိုက်တော့ ဒေါ်ရင်စွေ ကြည်နူးစွာ ပြ
သည်က မိခင်စိတ်ရင်းနှယ်။

"ထတော့လေ၊ အားလုံး မနက်စာစားခန်းရောက်နေကြ
ကလေးရဲ့၊ ထ ထ၊ ကြီးစွေက ကလေးနိုးတဲ့အထိ စောင့်တာပါကွယ်"

အိပ်ရာပေါ်က ထလိုက်တဲ့ အသင်ကို ဒေါ်ရင်စွေ ဖေးဖေး





ဆိုလေသည်။

"ရေချိုးရအောင် ကလေး နော်၊ ကြီးစွေ ရေနွေးစပ်ပေးမယ်၊ ဟုတ်ပြီလား၊ လာ လာခဲ့ ကလေး"

ကြီးစွေက စကားအမျှင်မပြတ်အောင် ပြောတတ်သလို ကြင်ကြင်နာနာနဲ့ လုပ်ကိုင်ပေးတတ်လေသည်။

အသင်ကိုယ်တိုင်ကလည်း အသင့်ကိစ္စကို ကြီးစွေလုပ်ပေးမှ ကျေနပ်တတ်တာ ငယ်ငယ်ကလေး တည်းကပါ။

အန်တီမေက ဖေဖေ့ရဲ့ညီမ။ အသင်ရဲ့အဒေါ်ရင်းဖြစ်ပေမယ့် ကြီးစွေလို အစစအရာရာ အသင့်စိတ်အလိုအတိုင်း လုပ်ပေးနိုင်စွမ်း မရှိပါ။

ကြီးစွေကတော့ အသင့်မျက်နှာကိုကြည့်တာနဲ့ အသင် ဘာဖြစ်ချင်မှန်း တန်းသိနေသည်။

အသင် အိပ်ရာကနိုးသည်နှင့် ရေချိုးခန်းဝင်မှာ သိနေသည်။ အသင့်ကို ကြင်နာစွာ နှိုးပြီးသည်နှင့် ရေချိုးခန်းဆီ ဦးဆောင်ဝင်သွားလေသည်။

အသင် ကြည်နူးစွာပဲ ထသည်။ ရင်ခုန်သံမငြိမ်စွာ ခံစားမိတဲ့ သူ့အကြောင်းတွေကြောင့် နှလုံးသားက လတ်ဆတ်နိုးကြွနေသော ခြေလှမ်းဖြင့် ရေချိုးခန်းဆီ ဦးတည်ကာ။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးကြွေဇလုံထဲမှာ ကြီးစွေ ရေအသင့်ခပ်ပြီး စောင့်နေရှာသည်။

"လာ ကလေး၊ ချိုးလို့ရပြီ"

"ဟုတ်"

ညအိပ်ဂါဝန်ချွတ်ပြီး ရေချိုးအဝတ်ပိုင်းလဲကာ ရေချိုးကြွေဇလုံကြီးထဲ အသင့်ကိုယ်လေး နှစ်ချလိုက်လျှင် တစ်ကိုယ်လုံး မွှေးကာလင်ဒါဆီဆပ်ပြာမှုန့်ရည် ရနံ့လေးလည်း မွှေးသင်းလျက်။ ထိုအခါ လန်းဆန်းသော ပန်းကလေးနှယ် အသင့်တစ်ကိုယ်လုံး လတ်ဆတ်မွှေးပျံ့သွားလေပြီ။

ကြီးစွေက ရေလဲပဝါစောင်ကြီး လက်မှာကိုင်ပြီး အသင့်စောင့်ကြည့်နေရှာသည်။ အသင် ရေချိုးတိုင်း အသင့်အတွက်က ကြီးစွေရှိနေခြင်းက ရိုးနေပါပြီ။

အသင့်ခြေဖနောင့်နဲ့ ခြေချောင်းကလေးများကြားကို ထုံးစံအတိုင်း ကြီးစွေ ချေးတွန်းပေးပြန်သည်။ ကြီးစွေရှေ့မှ အသင်က ပီဘိကလေးလေးနှယ်ပါ။

ကြီးစွေရှေ့မှာတော့ ကလေး။ မောင့်ရှေ့မှာတော့ အပျင်း။ မောင့်ကို တွေးမြင်ခံစားမိရုံနဲ့ မောင့်ကို သိပ်ချစ်တတ်နေတဲ့ မိန်းကလေးဟာ အသချေ်ပါလားလို့ အသင့်ကိုယ်အသင် သိနှင့်လျက် မရှက်နိုင်တော့





ဘဲ့ အပြုံးတို့ ဝေဆာကာ။

နှလုံးသားအသိနဲ့ ခံစားမှုက ပေါ်ထွက်လာတဲ့ အချစ်စိတ်ဟာ ဆန်းလှပေမယ့် ချစ်တော့လည်း ရှက်တတ်၏။ ရှက်တာတွေရဲ့နောက်မှာ ကြည်နူးမှုတ်သိပ်စွာပဲ ပြုံးတတ်နေပြန်ပြီ။

ဒါတင်မကာ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဗိုက်ကလည်း ဆာလာပြီ၊ ဝင်းအိရေ နင်တို့ မိဖုရားလေး သွားခေါ်ချေဦး''

မနက်စာ အသင့်ဖြစ်နေတဲ့စားပိုင်းမှာ ထိုင်နေရင်း ဒေါ်အလင်းမေ ဆိုလေသည်။ စုပုံ ဒရိုင်ဘာကိုနောင်နဲ့အတူ တစ်ပိုင်းတည်းထိုင်နေတဲ့ ဝင်းအိက ဒေါ်အလင်းမေစကားမဆုံးခင် –

''ဟုတ်ကဲ့''

ဆိုပြီး သွက်သွက်ကလေး ထသွားလေသည်။

''အန်တီမေကလည်း ဆာရင် စားပေါ့''

လို့ တစ်ဖက်စားပိုင်းမှာ သုံးယောက်သား အလွှတ်ထိုင်ပြီး စားသောက်နေရာမှ ပန်းတံခါး ဆိုလေသည်။

''ပန်းတို့အန်တီမေအကြောင်းလည်း သိသားနဲ့၊ သူ့တူမ မစား





သေးဘဲ ဘယ်တုန်းက အရင်စားဖူးလို့လဲ၊ ဆာလို့မက အူလိပ်နေရင် တောင် အောင့်ခံပြီး စောင့်နေကျ မဟုတ်လား၊ သိရဲ့နဲ့ ပြောမနေနဲ့ကွာ''

အန်ကယ်သစ်က ရယ်ရယ်မောမော ဝင်ပြောသည်။ အန်တီမေက မျက်စောင်းထိုးလေပြီး –

''စောင့်ရမှာပေါ့၊ မေ့မှာ ဒီတူမပဲ ရှိတာလေ၊ သမီးဆိုလည်း ဟုတ်တယ်၊ ကိုသစ်သာ မစောင့်နိုင်ရင် စားပါလေ''

''ဟုတ်သားပဲ၊ အန်ကယ်သစ် စားလေ''

တခက်နွယ်က ဝင်ပြော၏။ ဒီလိုကျတော့ အန်ကယ်သစ်က စားသေးပါ။ အန်ကယ်သစ်ကလည်း အသင့်ကို သမီးလေးလို တကယ် ချစ်ရတာမဟုတ်လား။

သူ့ချို့ယွင်းချက်ကြောင့် သားသမီးမရတဲ့ သူတို့ရဲ့အိမ်ထောင် ရေးမှာ ခြောက်သွေ့လွန်းလှသည်။ မေ့ရဲ့တစ်ဦးတည်းသော တူမလေး ရှိနေလို့သာ စိုပြည်နေခြင်း။ ဒါကိုသိလို့ တခက်နွယ် စခြင်း။ အန်ကယ် သစ်က ပြုံးပြုံးလေး ခေါင်းယမ်းပြီး –

''သမီးတို့အန်တီမေ သဘောအတိုင်းပါလေ၊ သူ့တူမ မစား ခင် ကြိုစားထားရင် တခက်တို့အန်တီ မျက်စောင်းထိုးနေပါဦးမယ်''

လို့ လေသံပျော့လေးနဲ့ဆိုတော့ အန်တီမေ မျက်စောင်းထိုး ပြန်သည်။ ဒီတစ်ခါထိုးတဲ့ မျက်စောင်းက နုနုဖပ်ဖပ်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်သစ်ကလည်း အန်တီမေသဘောအတိုင်း တူမ
ကို စောင့်နေတာပဲ မဟုတ်လား။ တခါက်နှယ်တို့က အန်တီနဲ့အန်ကယ်
ကြည့်၍ ပြုံးလေသည်။

"မမလေး လာနေပြီ"

ဝင်းအိက ပြန်ရောက်လာပြီး ပြောသည်။ ဒေါ်အလင်းမေ
ဝင်းအိစကားနောက်မှာ မျက်လုံးလေးတောက်ပကာ နောက်လှည့်ကြ
သည်။ ဟုတ်ပါ၏။ တူမချောလေး လာချေပြီ မဟုတ်လား။

စိမ်းဖျော့သော လက်ဖောင်းစကအင်္ကျီရှည်ကို ခါးပတ်ပြား
ဝတ်ထားတဲ့ တူမချောနှယ်။ ဆံပင်အားလုံး ဘေးတစောင်းစည်းနှော
ကာ ညာဘက်ရင်အုံပေါ် အလျားလိုက် ချထား၏။

ဘောင်းဘီရှည်အနက်ကြောင့်လည်း ထင်ပေါ်ကာ ကျောက်
ချည်း သက်သက်ဆင်ထားသောကြောင့်လည်း တူမချောကို ကြည့်
နဲ့ မြင်လွှာမှာ စိမ်းလန်းစိုပြည်သွားလေသည်။

"လာ သမီး၊ ဆာနေရောပေါ့ကွယ်"

"မဆာပါဘူး အန်တီမေရဲ့၊ ဟင့် ဟင့်"

အသင်ပြောရင်း အန်တီမေ့ပခုံးဖက်ကာ ကိုယ်လေးကိုင်
ပါးပြင်ကို ဖွဖွမွှေးပြီး နှုတ်ဆက်၏။

ထိုသို့ နှုတ်ဆက်ခြင်းကို အန်တီမေ သဘောတကျရှိလှသ





အန်တီမေ့မျက်နှာလေးက ရေဖျန်းထားတဲ့ ပန်းပွင့်လေးနှယ် ပီတိတွေ
လန်းဖြာသွားပြီး –

"အင်း သမီးလေးက လိမ္မာသား၊ ဒါကြောင့် အရိပ်တကြည့်
ကြည့် ချစ်နေရတာပေါ့၊ ကဲ ထိုင်လေ သမီး၊ သမီးအကြိုက် မှာထား
တယ်၊ စားတော့လေ၊ အဆင်မပြေရင်ပြော၊ ဝိတ်တာကို စောင့်ခိုင်းထား
တယ် သမီးရဲ့"

ဒေါ်အလင်းမေ အသင့်အတွက် ရွှန်းရွှန်းဝေ ပြောလေသည်။
ပြောလိုက်တိုင်းလည်း ပီတိရိပ်ကြည်ရွှင်ကာ –

"လာ အသင်ရေ၊ ရှင် မစားမချင်း ရှင့်အန်တီမေက စားဦး
မှာမဟုတ်ဘူး၊ အန်တီမေ ဆာနေဘောကြာပြီ၊ ရှင့်ကို စောင့်နေတာ
အူခေါက်နေလောက်ပြီ တကယ်"

နွဲ့ယမင်းက ပြောရင်း အသင်ကို သူတို့ဝိုင်းမှာထိုင်ပြီး မနက်
စာ အမြန်စားလေသည်။ အသင် မြူး၍ –

"စားမှာပါဟယ်၊ ကြီးဖွေ မလာသေးဘူး"

"လာပါပြီ အသင်လေးရယ်၊ လာပြီ"

ကြီးဖွေ အသံနဲ့အတူ လှုပ်ရောက်လာသည်။ သူမ ချွတ်လဲပြီး
ထားတဲ့ အဝတ်တွေ၊ ပြီးတော့ ပြန့်ကျဲနေတဲ့ အလှပြင်ပစ္စည်းတွေကို
ကြီးမေ လိုက်သိမ်းပေးလို့ ထက်ကြပ်မကွာ မပါလာနိုင်။ ကြီးဖွေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီဆိုမှ အသင်က စားသောက်ဖို့ ပြင်လေသည်။

ကြီးဓွေက ဝင်းအိတို့နဲ့ တစ်ပိုင်းထိုင်ကာ။

ဒီကလေးမက သူဌေးသမီးဆိုပေမယ့် အထိန်းတော်တွေအပေါ်မှာ ဘယ်တော့မှ နိုင်ထက်စီးနင်း မဆက်ဆံပါ။

ကြီးဓွေကိုလည်း အမြဲတမ်း ဦးစားပေးတတ်တဲ့ စိတ်ရင်းလေးကဖြူလှသည်။ ဒါကြောင့်လည်း ဒေါ်ရင်ဓွေ သူကလေးအပေါ် တစ်နေ့ထက်တစ်နေ့ တိုးလို့ မေတ္တာမိုး သည်းရသည်လေ။

အသချေ မနက်စာစားမှပဲ အန်တီမေတို့လင်မယားနဲ့ ကြီးဓွေစိတ်ချလက်ချ စားကြသည့်အဖြစ်။

✿

"ဒီနေ့ ဘာသွားလည်မလဲ အသင်"

ပန်းတံခါးက စားသောက်ပြီးသည်နဲ့ မအောင့်နိုင်ဘဲ မေးသည်။ သူတို့က ငြိမ်ငြိမ်မထိုင်ချင်သူတွေပါ။ ခြေထောက်မှာ ဇွေပါသူများနှယ်တစ်နေကုန် လည်ချင်ပတ်ချင်စိတ် ထ,နေသည်။

အသင် ချက်ချင်း မဖြေမိ။ နွှံဖန်ခွက်ကိုသာ သောက်မယ်





...ဘားဆဲနဲ့ စဉ်းစားသယောင်ငြိမ်နေတော့ –

"ဟုတ်တယ် သမီးရဲ့၊ သမီး ဘယ်လိုက်လည်ချင်သေးလဲ၊ ...သမီးသွားတဲ့ဆီ အန်တီမေတို့ လိုက်မယ်လေ"

"အင်း၊ ပဲခူးနန်းတော်နဲ့ ဟိုနားဒီနားလောက်ပဲ၊ နောက်နေ့မှ ...ထီးရိုးသွားမယ် အန်တီမေ"

"ကောင်းသားပဲ"

အန်တီမေ အသင်ပြောတဲ့အတိုင်း ထောက်ခံသည်။ မထောက်...သူငယ်ချင်းသုံးယောက်ပါ။ အလိုမကျတဲ့ မျက်နှာလေးနဲ့ မဲ့ကာ...ကိုတိုက်ပြောသည်။

"ဟဲ့ မြင်းစောင်းသွားကြမယ်လေ အသင်ရဲ့"

"ဟုတ်သားပဲ၊ ဟိုမြင်းပြာကြီးကို တစ်ကလုပ် တစ်ကလုပ်နဲ့ ...စီးရအောင်လား"

"နွဲ့လည်း မြင်းပြာကြီး စီးချင်တာပဲ တကယ်၊ နိုးသွားကြစို့...နော် အသင်"

သူငယ်ချင်းသုံးယောက် အသင့်ကို တွန်းထိုးပြီး ပွစိစိပူဆာ...သူတို့ပူဆာတိုင်း ဖြစ်မတဲ့လား။

"အန်တီမေ သိသွားမယ်ဟဲ့၊ ဒီတစ်ခါဆို မလွယ်ဘူး။ ရှင်တို့...သည်း"



www.burmeseclassic.com

www.burmeseclassic.com



အသင်ပြောတော့ နွဲ့က ခေါင်းညိတ်ထောက်ခံသည်။ ပန်း တံခါးက မြင်းဖောင်းသွားဖို့ ဘယ်လိုကြံရမလဲလို့ တွေးနေသလို၊ နွယ်က တစ်ခုခုကို ပြောချင်ဟန်လေးနဲ့ တခက်နားနားကပ်ပြီး သည်။

"အန်တီမေတို့ကိုပါ ခေါ်သွားရင် မကောင်းဘူးလား"

"အမယ်လေး အန်တီမေ ရင်ဘတ်ဖိနေပါဦးမယ်၊ လည်းသိသားနဲ့၊ ဖေဖေနဲ့ အန်တီမေက တိရစ္ဆာန်တွေ ဘယ်လော လန့်နေလဲ ဆိုတာ"

"ဟုတ်တယ်နော်"

ဒါကိုတော့ ပန်းတံခါးက အလေးအနက်ထောက်ခံပါသည် တစ်ခါက ပန်းတံခါးတို့ဆီ လာလည်ရင်းနဲ့ တစ်ဖက်ခြံက ခွေး မျောက်မကြီးပေါ့။ လှောင်အိမ်ထဲက ဘယ်လိုလွတ်သွားလဲမ အပင်ချင်းဆက်နေတဲ့ ပန်းတို့ခြံဘက် ဝင်လာပါရော။

ခြံထဲမှာ ဝိုင်းဖွဲ့ထိုင်စကားပြောနေကြတဲ့ ပန်းတို့အုပ်စုကို မြင်ရော မျောက်မစိတ်က ဘာဖြစ်သွားမှန်း မသိဘူး။

ဝိုင်းဝန်းမောင်းထုတ်ဖို့ ကြိုးစားတဲ့ ပန်းတို့ကို ရန်မူပြီး ရောင်ဝတ်စုံ ဝတ်ထားတဲ့ အန်တီမေကို လိုက်ကုတ်ပါလေရော

ထိုမျောက်မကြီးကြောင့် အန်တီမေ အတော်ခံလိုက်ရသည် ထိုကတည်းက အန်တီမေ တိရစ္ဆာန်တွေကို ကြောက်စိတ်ဝင်သွားတာ။ တိရစ္ဆာန်ရုံကို အသင်သွားမယ်ဆိုရင်တော့ အန်တီမေမှာ ကြောက် ကြောက်နဲ့ပေါ့။

အန်တီမေတင် မဟုတ်ပါ။ အသင့်ဖေဖေလည်း ခွေးတွေ ဝိုင်းကိုက်လို့ တစ်ခါ အလူးအလဲခံရတယ်လေ။ ဒါကြောင့် ဘယ်တိရစ္ဆာန် ကိုမဆို ကြောက်တဲ့စိတ် စွဲသွား၏။

"တိရစ္ဆာန်က စိတ်အခန့်မသင့်လို့ ကုတ်ဟယ်,ကိုက်ဟယ်ဆို ဘာမှတတ်နိုင်မှာ မဟုတ်ဘူး။ ခံရမှာက အရင်၊ ဘယ်တိရစ္ဆာန်နဲ့မှ ပတ်ပွန်းတတီး မနေရဘူး သမီး"

လို့ အန်တီမေ သတိပေးသည်က အကြိမ်ပေါင်းများစွာ။ ပန်း တို့က တိရစ္ဆာန်တွေ ကြောက်ပေမယ့်လည်း မြင်းတွေမြင်တော့ သဘော ကျသွားသည်။ မြင်းပုလေးတွေစီးရတော့ တစ်မျိုးအရသာ ရှိနေသည်။

ထိုမြင်းပြာကြီးကိုလည်း အားရပါးရ စီးချင်စိတ်ကိုယ်စီ ဖြစ် နေသော်လည်း အန်တီမေကို အသိပေးပြီး ခေါ်သွားလို့ရမှာ မဟုတ်ဘူး။ ဒါတွေကို ကြိုသိနေတော့လည်း သူငယ်ချင်းလေးယောက် ဘာမှမတတ် နိုင်သလို ဖြစ်ရသည်။

"သမီးလေး နို့ခွက်ကြီးကိုင်ထားပြီး မသောက်တာ ဘာဖြစ် လို့လဲ၊ မကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ လှစ်ခနဲ လှမ်းမေးသည်။

"နည်းနည်းပူနေသေးလို့ အန်တီမေရဲ့"

လို့ အသင် ညာပြောလိုက်ရသည်။

"ကပါ အန်တီမေ မသိအောင် မြင်းဇောင်းသွားဖို့ အခြေအနေ ကို ဖန်တီးကြတာပေါ့ မဟုတ်ဘူးလား"

တခက်နွယ်က စိတ်မလျှော့ချင်ဘဲ ပြောလေသည်။ အားလုံးက ထောက်ခံကြပေမယ့် အသင်ချောက လျှို့ဝှက်စွာ ပြုံးလေသည်။

ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းတွေ မသိသေးတဲ့ ဝှက်ဖဲ တစ်ချပ် အသင့်မှာ ရှိနေတယ်မဟုတ်လား။

✿ ✿ ✿



အခန်း (၂၀)

ည။ ညချိန်ခါက အသင်ချောအတွက် ရင်ခုန်စရာအကောင်းဆုံး ဖြစ်သည်။ လွန်ခဲ့သောည၏ လရောင်ပြိုးပြက်နေသောညအလှဟာ မောင် နဲ့အသင့်ကို ချစ်သူတွေ ဖြစ်စေခဲ့တယ် မဟုတ်လား။

တစ်နေ့ကုန်လွန်ပြီး တစ်ညထပ်မံရောက်ရှိတော့မယ်ဆိုတဲ့ အသိက အသင်နှလုံးသားနဲ့ သွေးသားကို နွေးလှိုက်နေစေသည်။

အားလုံးအိပ်မောကျနေတဲ့ညမှာ ချစ်သူနဲ့ တိတ်တဆိတ်ချိန်း တွေ့ခွင့်ရတာ ဘယ်လောက်ရင်ဖိုစရာကောင်းလဲကွယ်။ ဒါပဲတွေးရင်း အသင်ချော့နှလုံးသား နိုးကြွနေပါသည်။

တစ်နေ့လုံး လည်ပတ်ထားလို့ ပင်ပန်းပြီး အိပ်မောကျနေတဲ့ သူငယ်ချင်းတွေကို လှမ်းကြည့်ရင်း အသင်ချော ပြုံးလိုက်သည်က ရှင်မြူး သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်းတို့တွေ အသင့်နှလုံးသားဖာတ်လမ်းကို မသိကြသေး
သိများသိသွားရင် –

ဟင့်အင်း။ တတ်နိုင်သမျှ မသိအောင် သိုသိပ်ထိန်းထား
လိုအပ်တယ်လို့ အသင် ယူဆပါသည်။

ထိုအယူအဆနဲ့ ဖွင့်မပြောသလို ဒီညှ မောင်နဲ့ ချိန်းထား
ကိုလည်း ခင်းတို့ မသိပေ။ မသိတာပဲ ကောင်းပါတယ်။

သူတို့အိပ်ပျော်နေတုန်း အသင် တံခါးအသာလေးဆွဲဖွင့်ပြီး
အခန်းထဲ လှစ်ခနဲ ပြေးထွက်ခဲ့သည်။ အန်တီမေတို့ ဘာတို့ အားလုံးလည်း
သူငယ်ချင်းတွေလိုပဲ အိပ်မောကျနေသည်က အသင့်အတွက် အခွင့်
အရေး ရသလိုဖြစ်ကာ –

"လာလေ"

လှေကားအောက်ဆုံးဆင့်ရောက်သည်နှင့် စောင့်နေတဲ့ မောင်
က လက်ဆွဲခေါ်လေသည်။ ညမီးရောင် ပြာလဲ့လဲ့အောက်မှာ မောင့်
မျက်နှာက ရင်ခုန်စွာပြုံးနေသလို မျက်ဝန်းကလည်း တဖျပ်ဖျပ်တောက်
လို့နေသည်။

မောင့်ကို မော့ကြည့်မိတိုင်း အသင် ရင်တဒိတ်ဒိတ်ခုန်ရသေး
ပြီ။ စိုက်ကြည့်နေလို့ မရဲအောင်လည်း ရင်ဖိုကာ ဆွဲခေါ်တဲ့အတိုင်း
မောင့်လက်မောင်းမှာ နွဲ့တွဲပါလာတဲ့အဖြစ်။





"ခေတ်"

ညှေ့ကြိုကောင်တာရှေ့ရောက်တော့ ကောင်တာနောက်မှာ ကိုယ်
ပိုင်းပေါ်အောင် ထိုင်နေတဲ့ ကိုငြိမ်းထက်က ထလာရင်း ခေါ်သည်။

"ဆိုကွာ"

မောင်က ခပ်ပေါ့ပေါ့ပင် မေးထိုးမေး၏။ ကိုငြိမ်း ပြုံး၍ ခပ်
တိုးပြောသည်။

"ကိုယ့်မှာ တာဝန်အပြည့်ရှိတယ်ကွ၊ အချိန်သိပ်မကြာစေနဲ့"

လို့ အသခေျ်ကိုငဲ့ကြည့်ရင်း သတိပေးသလို ပြောသည်။

"မင်းကလည်း စိတ်ချစမ်းပါ"

လို့ ပြောပြီး အပြင်ကုတ်အင်္ကျီအိတ်ထဲက ကွမ်းတစ်ယာ
ထုတ်ဝါးသလို၊ ကိုငြိမ်းကိုလည်း တစ်ယာကမ်းပေးသည်။ ကိုငြိမ်း ကွမ်း
ယာ ပါးစပ်ထဲထည့်ဝါးပြီး –

"မအသခေျ် ခေတ်ကို သိပ်မယုံနဲ့ဗျ၊ အချင်းချင်းမို့ သတိပေး
တာ ဒီကောင်က 'ဇ'ရှိတယ်"

"ဟွန်း ဘာလဲ ဇ,ဆိုတာ"

"ကွမ်းစားတဲ့'ဇ'"

ကိုငြိမ်း စကားအဆုံးမှ အသင် ကျေနပ်စွာ ပြုံးမိသွားသည်။
မောင်က ဘာ,ဇလဲလို့ ထင်ပြီး မျက်လုံးပြူးသွားတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ရယ်ပြီး ကိုငြိမ်းပခုံးစွန်းကို လက်သီးနဲ့ လှမ်းထိုး

"သွားမယ်ကွာ၊ လိုက်ချောင်းမနေနဲ့"

ဟု ဆိုပြီး အသင်ကို ကိုငြိမ်းရှေ့က ဆွဲထုတ်ခဲ့သည်။

"ချောင်းစရာလားကွ၊ တည့်မြင်နေတာပဲ မဟုတ်ဘူးလာ

ကိုငြိမ်း လှမ်းပြောတော့ မောင်က ရယ်သည်။ အသင်လ

ရှက်ရိပ်လေးနဲ့ ရယ်ရင်း မောင့်ကို ယုံကြည်စိတ်နဲ့ မော့ကြည့်မိသ

ပါးလှပ်ပေမယ့် ထောင့်ချိုးလေးများပေါ်ကာ ပိရိသော

နှုတ်ခမ်းက ကွမ်းဝါးနေလို့ တွန့်ကြွကြွ လှုပ်ရှားနေသည်က တစ်

စေသည်။

ဟုတ်ပါရဲ့။ အသင်ကို နမ်းတုန်းက မောင့်နှုတ်ခမ်းဆီမှ

ရှုရှုသင်းအီအီရနံ့မျိုး ရသည်က ကွမ်းရနံ့မွှေးမွှေးကိုး။

ကိုငြိမ်းပြောမှပဲ အသင် သဘောပေါက်တော့သည်။ ကွမ်

တဲ့ ဖေတဲ့။ ကွမ်းနံ့လေး ပျံ့သင်းနေတဲ့ မောင့်နှုတ်ခမ်းပါးလေးကလ

အသင့်ရင်ခုန်သံကို ခြူနှော့လို့ နေပြန်ပြီ။

✿





"အို ဘယ်သွားဖို့လဲ"

တည်းခိုခန်းအနောက်ဘက်ခြံထောင့်ရောက်တဲ့အခါ အသင်

အံ့သြစွာ မေးမိသည်။ မောင်က ငဲ့ကြည့်ရင်း ပြုံးကာ –

"ဘာဖြစ်လို့လဲ"

"အိုး မေးရတာပေါ့။ ကြည့်ပါဦး ခြံထဲမှာလည်း လူတစ်ယောက်

မှ မရှိဘူး၊ ညကြီးအချိန်မတော် တစ်ခုခုဖြစ်ရင် ကျော်မကောင်း ကြား

ကောင်း ဖြစ်ကုန်မှာပေါ့"

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း အသခိုး ပြောသည်။

မောင်က ကွမ်းတံတွေး လှည့်ထွေးကာ။

ညက တဖြည်းဖြည်း နက်လာဖို့ပဲ ရှိတယ်လေ။

ခြံပြင်ဘက် လမ်းမီးတွေသာ လင်းနေပြီး လမ်းသွားလမ်းလာ

တွေလည်း မရှိတော့ အသခိုးစိတ်က ကြောက်တာမဟုတ်ပေမယ့် စိုးရိမ်

သံလေးနဲ့ ဖြစ်နေသည်။ ကွမ်းသွေးထွေးပြီး အသင်ဘက် ငဲ့ကြည့်တဲ့

မောင့်နှုတ်ခမ်းမှာ အပြုံးတွေ ပွင့်စေကာ –

"ဘာလဲ၊ အသင်က ဘာကိုစိုးရိမ်နေတာလဲ"

"သိဘူးလေ"

"အဟင့်၊ မောင့်နောက်လိုက်လာပြီပဲ"

"မောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ မောင် ဘာပြောမိလို့လဲ"

"ကြည့်ပါလား၊ မျက်နှာက ပြုံးစိစိနဲ့၊ မောင့်နောက်လိုက်လာပြီးပဲဆိုတာ ဘာသဘောလဲ"

အသင် မျက်မှောင်လေးချိုကာ ရန်တွေ့သလိုမေးသည်။ ခေတ်သစ် သဘောကျကာ ငုံ့ကြည့်ရင်း ရယ်မိသွား၏။ သူ့ချစ်သူက နှုတ်သီးကောင်း လျှာပါးမလေးပဲ။ ရန်ဖြစ်တတ်သလို ချစ်လည်း ချစ်တတ်နေရဲ့နဲ့

"ပြောလေ မောင်၊ မောင့်စကားက ဘာလဲ"

မောင်က ရယ်ပဲရယ်နေတော့ အသင် အားမရနိုင်တော့ပဲ မောင့်ရင်ဘတ်ကို ထုရင်း မေးသည်။ ခေတ်သစ် သူ့မလက်သီးဆုပ်လေးကို ဆွဲယူပြီး သူ့ပါးပြင်နှင့်ကပ်ကာ –

"အသင် မြင်းပြာကြီး စီးချင်တယ်ဆို"

"အွန်း"

"ဟိုမှာ မြင်းပြာကြီးလေ"

မောင့်လက်ညှိုးနောက် အသင့်မျက်လုံး ပါသွား၏။ သပြေပင်ကြီးအောက်မှာ ချည်ထားတဲ့ မြင်းပြာကြီးက မောင့်ကိုမြင်သည်နှင့် ဟီးခနဲ နှုတ်ဆက်သံပေးလျှင် –

"ဟင်"

အသင် မျက်လုံးအစုံ တောက်ပကာ –





"ကြည့်စမ်း စောစောကတည်းက ပြောပါလား"

"ကြိုမပြောတဲ့မောင့်မှာ အပြစ်ရှိပါတယ်၊ ဒဏ်ပေးဖို့ မကောင်းဘူးလား အသင်"

အသင့်ပခုံးကို လှမ်းဖက်ရင်း မောင် မေးလျှင် အသင် ခေါင်းတ်၍ အားပါးတရပြောသည်။

"ကောင်းတာပေါ့၊ မောင့်ကို ဒဏ်ပေးသင့်တယ်"

"ဒဏ်ပေးမယ်ဆိုလည်း ပေးလေ၊ ဒီမှာ ပါးက ယားလာပြီ"

ပြောရင်း ခေါင်းလေးငုံ့ကာ အသင့်ရှေ့ ပါးထိုးပေးတဲ့ မောင့်ထောက။ အသင် သဘောပေါက်သွားလျှင် နှုတ်ခမ်းအစုံ တွန့်ခနဲ်သွား၏။

ချစ်သူပေမယ့် ဒီလိုတော့လည်း အသင် ရှက်လို့နေသည်။ က်လွှာစင်းကာ ပြုံးပြုံးလေး ထိုးပေးတဲ့ မောင့်ပါးပြင်ကို ထိတွေ့မိလျှင် သင့်လက်ချောင်းနုနုလေးနဲ့ မောင့်ပါးပြင်ကို တွန်းဖယ်မပစ်ရက်တော့ပါ။

ယောကျ်ားပီသတဲ့ မောင့်ပါးပြင်ဟာ အသင့်နှုတ်ခမ်းအစုံကို ဆွဲဆောင်လို့နေလျှင်။

ညဟာ ချစ်သူတိုင်းအတွက် အချစ်သင်္ကေတပါပဲ။

ဟုတ်တယ်နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ကိုကိုရေ ဖုန်းလာနေတယ်"

ညီငယ့်အော်ပြောသံလွင်လွင်လေး ကြားရလျှင် မြင်းဇာ မြ… ရိုက်နေရာမှ ခေတ်သစ် ခါးဆန့်ရပ်လေသည်။

ညီငယ်က မပြောရုံတမယ် ခြေလှမ်းကျဲနှင့် လက်ကိုင်ဖု… ယူလာပေးသည်။ ခေတ်သစ် ချောင်းရိုးထဲက တက်လာပြီး လက်ထဲ… တံစဉ်နဲ့ မြက်ဆုပ်ကို ရိုက်ပုံထားတဲ့ မြက်ပုံကြီးပေါ် ပစ်ချ၏။

ခြေထောက်မှာ ရွှံ့ဗွက်တွေ ပေနေတာကို မဆေးတော့… ညီကမ်းပေးတဲ့ လက်ကိုင်ဖုန်း လှမ်းယူသည်။

မပြောမချင်း မြည်နေတဲ့ဖုန်းက သူ့လက်ထဲရောက်သော်လည်… မြည်နေဆဲ။ ပေဂျာပေါ်က ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ခေတ်သ… မျက်မှောင်ကြုတ်သွားပါ၏။





မမစိမ်း။

ခေတ်သစ်ဖုန်းကို ပိတ်ပစ်ဖို့ စိတ်ဖြစ်သော်လည်း ဒေါ်ရွှက်န… …ကို လေးစားတဲ့စိတ်ကြောင့် ခံတွင်းထဲက ကွမ်းဖတ်တွေ ထွေးပစ်ရင်း …ထူးလိုက်ရသည်။

"ဟဲလို"

"ခေတ် မင်း ဘယ်လိုလဲကွာ၊ မမစိမ်းက မင်းဖုန်းဆက်လာ…နဲ့ တစ်ရက်ပြီးတစ်ရက် မျှော်နေတာ၊ စင်တာကို ဘယ်နေ့ပြန်လာ…ဲ ပြောလေ၊ ခေတ်ကို အားလုံးက မျှော်နေကြတယ်လေ၊ အလုပ်ပြန် …ပါကွယ်၊ ခေတ်မရှိရင် မမစိမ်း လက်မောင်းပြုတ်သွားမှာပေါ့ကွယ်၊ …ာ့စ်က ခေတ်ကို အလုပ်ထုတ်တာမှ မဟုတ်တာ၊ ဦးသက်တန့်ကျော် …တိုင်းလိုလို မေးနေတယ်၊ မောင်ခေတ်သစ် အလုပ်ဆင်းပြီလား၊ …လားနဲ့"

ဦးသက်တန့်ကျော်က ဘာကြောင့်မေးရတာလဲ။ ဦးအလင်းတန်း …ခိုင်းလို့လား။ ဒါတော့ မဖြစ်နိုင်။ ဒီလူကြီးက သွေးအေးအေးနဲ့ …သ်သားစိတ်ပြင်းထန်တဲ့ အဘိုးကြီး။ ခေတ်သစ် ရိုက်ပြီးတဲ့မြက်ပုံကြီး …ေ ထိုင်ချလိုက်ပြီး ခပ်မဲ့မဲ့ရယ်လျက် –

"ဘယ်သူမေးမေးလေ၊ မမစိမ်း တစ်ခွန်းတည်းဖြေလိုက်တော့၊ …န်တော် ဦးအလင်းတန်းလက်အောက်က အပြီးထွက်ခဲ့တာလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ခေတ် မင်း ဘော့စ်အပေါ် တုံ့ပြန်နေတာလား"

"ဘော့စ်နဲ့ ကျွန်တော်က ပြိုင်ဘက်မှမဟုတ်တာ မမစိမ်း တုံ့ပြန်ရလောက်အောင်လည်း ဖယားမရှိဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ် ကျွန်တော် ကျောခိုင်းခဲ့တာ၊ လှည့်ပြန်ကြည့်ဖို့လည်း စိတ်မဝင်စား နောက်လှည့်ပြီး မျက်နှာချင်းဆိုင်ဖို့လည်း စိတ်မကူးဘူး၊ ကျွန်တော် မရှိလို့လည်း ဘော့စ်ရဲ့လုပ်ငန်းကြီးတစ်ခုလုံး ရပ်ဆိုင်းသွားမှာမှ မဟုတ် တာ မမစိမ်းရယ်၊ ကျွန်တော့်နေရာမှာ ကျွန်တော့်ကို မျှော်မနေ လူစားထည့်လိုက်တော့ပျာ"

ခေတ်သစ်အသံက ပြတ်သားလို့နေသည်။ ဒေါ်ရွှက်နု အကြိမ်ကြိမ် ခေါင်းယမ်းလေပြီ။

"မဟုတ်သေးဘူး ခေတ်ရယ်၊ နေဦး၊ ခေတ်ဆီ မမစိမ်း ခဲ့မယ်၊ အခု ဘယ်မှာလဲ၊ တာမွေက တိုက်ခန်းမှာပဲလား"

"မဟုတ်ဘူး၊ ကျွန်တော် အမေ့ဆီရောက်နေတယ်"

"အေး၊ ဘယ်ရောက်နေနေ ခေတ်ဆီ မမစိမ်း လာခဲ့မယ်"

"အဲဒီကိစ္စအတွက်ဆို မလာပါနဲ့"

"ဟင်"

"ဟုတ်တယ် မမစိမ်း၊ အဖေနဲ့အမေက ကျွန်တော့်ကို အဲ အလုပ် မလုပ်စေချင်ဘူး၊ လောလောဆယ်အနေအထားအရ အမေ့





အမေ့နားမှာ ကျွန်တော် ရှိနေဖို့ လိုတယ်၊ ညီငယ် ကျောင်းဖွင့်တော့မယ်၊ ညီကျောင်းသွားရင် အဖေနဲ့အမေ့နားမှာ ကျွန်တော် ရှိရမယ်လေ၊ အဖေက အသက်ကြီးပြီမဟုတ်လား၊ အရင်လို မြင်းကိစ္စတွေ အင်ပြည့်အားပြည့် မလုပ်နိုင်တော့ဘူး၊ ကျွန်တော်ပဲ ဦးဆောင်လုပ်ရတော့မယ် မမစိမ်း"

"ကျွတ်၊ ခေတ် မင်းနဲ့ ခက်တယ်ကွယ်"

မမစိမ်း စိတ်ပျက်လက်ပျက် ရေရွတ်၏။ ခေတ်သစ် တုံ့ပြန်မပြောမိပါ။ ချောင်းရိုးထဲဆင်းပြီး မြက်ရိတ်နေရှာတဲ့ ညီငယ်ကိုပဲ ငေးကြည့်နေမိသည်။

တကယ်လည်း သူ့မိသားစုအတွက် သူ လိုအပ်နေပြီမဟုတ်လား။ ညီငယ်က မြက်ရိတ်နေရာမှ တစ်ချက်တစ်ချက် သူ့ကို ရပ်ကြည့်သည်။ ညီငယ်ကြည့်လျှင် ခေတ်သစ် အကြည့်လွှဲလေသည်။

"နည်းနည်း စဉ်းစားပါဦးကွယ်"

မမစိမ်းက လက်လျှော့ချင်ပုံမရပါ။ စဉ်းစားပါဦးလို့ ပြောပြန်သည်။ ခေတ်သစ် အားနာတာတွေဘာတွေနဲ့ စကားမဆက်တော့ပါ။

"ကျွန်တော် ပြောပြီးပြီပဲ၊ ဒါပဲနော် မမစိမ်း"

ခေတ်သစ်ပြောပြီး ဦးစွာ ဖုန်းပိတ်လိုက်၏။ မမစိမ်းတော့ အားမလိုအားမရဖြစ်နေမှာ သေချာပါသည်၊ ဘယ်သူ ဘယ်လိုဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါလေ။ ဦးအလင်းတန်းကိုယ်တိုင် အစည်းအဝေးခန်းထဲက ထွက်သွားလို့ အမိန့်ပေးခဲ့ပြီးပဲ။ ခင်ဗျားရဲ့အစည်းအဝေးခန်းထဲကတင် မကဘူး ခင်ဗျားရဲ့ဝန်ထမ်းအဖြစ်ကပါ ထွက်ခဲ့တဲ့ သူ့အပေါ် ဦးအလင်းတန်း ကျေနပ်နေဖို့ ကောင်းပါသည်။

သူလို ဝန်ထမ်းမျိုး ဦးအလင်းတန်းမှာ ခုတ်သတ်လို့မကုန်နိုင်အောင် များလှတယ်လေ။ မမစိမ်း ဒါတွေကို မသိဘဲနဲ့။ ဦးသက်တန့် ရှေ့ကျော် မေးတယ်ဆိုတိုင်း ဆက်သွယ်စရာမှ မဟုတ်တာ။

"ကိုကို"

"ဟေး"

ခေတ်သစ် ဘယ်လောက်ကြာအောင် ဝေ့နေမိသည်မသိ။ ညီငယ့်ခေါ်သံကြားမှ တစ်ကိုယ်လုံး ဘွန်းခနဲဖြစ်ကာ အသိဝင်လာသည်။ ညီငယ် ချောင်းရိုးထဲကနေ ပြန်တက်လာပြီး မေးသည်။

"ကိုကို တကယ်ပဲ အလုပ်ထွက်ခဲ့တာလား"

"အေးပေါ့ကွ"

လက်ကိုင်ဖုန်းကို တင်းအောင်ဆုပ်ကိုင်ပြီး ခေတ်သစ် ပြော[..]လျှင် ညီငယ် မျက်နှာလေး တွန့်မဲ့သွား၏။

"ဟွန်း ဟိုကအလုပ်က ဒီထက် ပင်ပန်းလို့လား"

ခေတ်သစ် ပြုံး၍ ခေါင်းခါပြီး ညီငယ်ကို ဆွဲယူပြီး ဖက်ထား[..]သည်။ ညီငယ်ကလည်း တံစဥ်ကိုလွှတ်ချပြီး ခေတ်သစ်လက်မောင်းကို [..]ကိုးတကြီး ဆုပ်ကိုင်လျက် –

"မပင်ပန်းရင် ဘာလို့ထွက်လာရတာလဲ"

"ညီပင်ပန်းတာကို မကြည့်ရက်လို့ပေါ့ကွ"

"တကယ်"

"တကယ်ပေါ့ကွ"

"ဟာ ဒါမှ ညီ့ကိုကိုကွ"

ညီငယ် လက်သီးဆုပ်လေး မြှောက်ကာ အားရဝမ်းသာ ဟစ်[..]လေသည်။ ညီငယ်ရဲ့ပျော်ရွှင်မှုက ခေတ်သစ်ဆီ ကူးစက်လာကာ–

"ညီကရော ကိုကို့ကို အမေတို့နဲ့အတူ နေစေချင်တယ် မဟုတ်[..]"

"နေစေချင်တာပေါ့ ကိုကိုရ၊ ကိုကိုမရှိတော့ ညီ့ကို လက်ဖေ့[..]ပေးမယ့်လူ မရှိဘူး။ အဖေ သင်ပေးမယ် ပြောပါတယ်၊ အဖေက [..]းတိုင်း ညီ လိုက်သင်လို့ မဖြစ်ဘူးလေ၊ ခုတစ်လော အဖေ [..]မောနေတယ်ဗျ။ သင်တန်းသားတွေကိုတောင် အတော်ကြီး အား[..]သင်ပေးနေရတာလေ"

"ဒါကြောင့် အဖေသင်ပေးမယ်ပြောတာကို ညီ လက်မခံတာ [..]ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကိုရ"

"ညီရာ၊ မင်းလေးက သိပ်လိမ္မာတာပဲ"

ညီ့ဆံပင် နီကြောင်ကြောင်ကို ဖွဖွပွတ်၍ ချစ်စနိုး ပြော၏။ ညီငယ်က လိမ္မာတယ်ပြောရင် ကလေးပီပီ သဘောကျလေသည်။

"ညီ လိမ္မာတယ်ဆိုရင် ငယ်ငယ်တုန်းကလို ကုန်းပိုးပေးစီး"

"ဟေး"

ညီက ပြောရင်းဆိုရင်း ခေတ်သစ်ရင်ခွင်ထဲက ထွက်ကာ ခေတ်သစ်ပခုံးပေါ် ခွတက်လေသည်။ ပေနေတဲ့ ညီ့ခြေမှ ရွှံ့နံ့သင်းခနဲရလျှင် ခေတ်သစ် နှာခေါင်းမရှုံ့မိပါ။ ထိုရွှံ့နံ့က သူတို့ညီအစ်ကိုတွေရဲ့ အချိန်အားတွေမဟုတ်လား။

"ဩော် မင်းက ကိုကို့ကို မြင်းလုပ်စီးမလို့ပေါ့လေ"

"ဟီး"

ညီငယ် ပါးစပ်ကြီးဖြဲပြီး ရယ်ကာ –

"ဟဲ့ မြင်း တစ်ကလုပ် တစ်ကလုပ်"

ဆိုပြီး ခေတ်သစ်နားရွက်ကိုဆွဲ၍ ထစေသည်။ ကလေးဆန်နေသည့် ညီငယ်ကို ခေတ်သစ် မငြိုငြင်ရက်ပါ။

ညီငယ် ကျေနပ်ပျော်ရွှင်နေရင် သူလည်း ပျော်ရွှင်ရတာမဟုတ်လား။ ညီငယ့်အလိုကျ ပခုံးပေါ်ခွထိုင်စေပြီး ညီ့လက်နှစ်ဖက်





ပြီး ထလျှင် ညီငယ်က –

"မြင်းထွားကြီး ယဉ်ယဉ်လေးလျှောက်ဗျာ"

လို့ ရွှံ့ပေနေတဲ့ ခြေနှစ်ဖက် လှုပ်ကာ ဆိုလေသည်။ ခေတ်သစ်လည်း ညီငယ်နဲ့တွေ့လျှင် ညီ့အလိုကျ မြင်းထွားကြီး ဖြစ်ရလေပြီ။

လေသလပ်ပြီး ခြောက်သွေ့ချင်ချင်ဖြစ်နေတဲ့ ရွှံ့ပေနေသော ခေတ်သစ်ခြေလှမ်းက ညီ့အလိုကျ ကြွကြွလေးလှမ်းကာ ချောင်းရိုးတစ်လျှောက်မှ အိမ်ဘက်ဆီ ဦးလှည့်၏။

ထိုစဉ် ခေတ်သစ်ဖက်ပိုးပေါ်မှ ခွထိုင်ရင်း အားရဝမ်းသာ ဟေးဟေး အော်ဟစ်မြူးတူးနေသည့် ညီက ဘာကိုသတိရသည်မသိ။ ခေတ်သစ်ကို ငုံ့ကြည့်ပြီး ခေါ်သည်။

"ကိုကို"

"ပြော ညီ"

ခေတ်သစ် မော့ကြည့်လျက် ကောင်းကင်ပြာနောက်ခံထားတဲ့ ညီ့မျက်နှာပြည့်ဝိုင်းဝိုင်းလေးကို ချစ်စရာကောင်းစွာ မြင်လေသည်။ ညီငယ်က ခေတ်သစ်ဆံပင်ကို ဖွကစားရင်း ငုံ့ကြည့်ကာမေး၏။

"ဟိုမမတွေ ဘယ်တော့လာဦးမလဲ ကိုကို"

"ဘာဖြစ်လို့လဲ"

"ဟိုဆံပင်ရှည်နဲ့ မမအသေးလေးကို ညီလုပ်ထားတဲ့ ရွှံ့မြင်းရုပ်



www.burmeseclassic.com

www.burmeseclassic.com



လေး လက်ဆောင်ပေးမလို့ ကိုကို''

ခေတ်သစ် ပြုံးကာ ခြေလှမ်းတွေ သွက်၏။

''ညီက အသင့်ကို ခင်တာလား''

''ချစ်တာ ကိုကိုရ''

''ဟွန်း ဒါဆို ညီနဲ့ကိုကို ပြိုင်ဘက်ဖြစ်သွားမှာပေါ့ကွ''

''ဘယ်လို''

ညီက နားမလည်သလို ပြန်မေးသည်။ ခေတ်သစ်ပြောပြီး စကားလွဲနေမှန်း သဘောပေါက်သွားသည်။ ညီက ကလေးပဲ ရှိသေးတယ် မဟုတ်လား။

''ဆောရီး ညီ၊ အသင့်ကို ညီချစ်သလို ကိုကိုလည်း ချစ်တာ''

''ကောင်းတာပေါ့ ကိုကိုရ၊ ကိုကိုချစ်နေတယ်ဆိုတဲ့အကြောင်း မမသင် ဒီတစ်ခါလာရင် ညီ ပြောလိုက်မယ်လေ''

''အွန်း ခွေးကောင်လေး၊ ခုမှ ပြောပေးမယ်တဲ့၊ ကိုကိုး ပြောလို့တောင် ပြီးနေပြီကွ''

''ဟင်''

''ဟုတ်တယ်ကွ''

ခေတ်သစ် အလေးအနက်ပြောလိုက်တော့ ညီမျက်ဝန်းဝိုင်း လေး တောက်ပသွားပြီး –





''မမသင်ကရောဟင် ကိုကို့ကို ချစ်လား၊ မမသင် ဘာပြော သဲ''

''ချစ်တယ်တဲ့ကွ''

''ဟေး ဒါမှ ညီ့ကိုကို၊ ဒီတစ်ခါ မမသင်လာရင် ညီ ပေးမပြန် တော့ဘူး၊ ညီတို့နဲ့အတူနေဖို့ ပြောရမယ်၊ ဟုတ်တယ်၊ ဟေ့ မြင်း ကိုကို တစ်ကလုပ် တစ်ကလုပ်''

ညီက သူ့ဘာသာပြောရင်း ခေတ်သစ်ဇက်ပိုးပေါ်မှ သဘော ကျ ခုန်လေသည်။ ခေတ်သစ်ကလည်း ညီ့အလိုကျ မြင်းပြာကြီးနှယ် ခြေစုံလှမ်းကြွကြွပြေးလျှင် ညီရဲ့ ရွှင်မြူးသောရယ်သံတွေ မြင်းစခန်း အစ်ခုလုံးတင်မက ထက်ဝန်းကျင်ပါ ပျံ့လွင့်လို့သွားလေသည်။

အစ်ကို့ကို မြင်းလုပ်စီးနေတဲ့ သားငယ်အဖြစ်ကို အဝေးက သမ်းမြင်နေရတဲ့ မိဘနှစ်ပါးရင်မှာ ချမ်းမြေ့ကြည်နူးပြီမဟုတ်လား။

သူ့ရဲ့မိဘရင်မှာ ဒီသားနှစ်ယောက်ကို နှစ်ဆယ့်လေးနာရီပတ် လုံး မျက်စိအောက်မှာ ရှိစေချင်ခဲ့တာလေ။ ခုတော့ မကြည်နူးဘဲ မနေ နိုင်တော့ပါ။ ညီ့အပေါ် အစ်ကိုလို အဖေလို ဂရုတစိုက် ချိုးအလိုလိုက်ကာ ချစ်ရှာတဲ့ သားကြီး ဘုန်းကြီးလို့ သက်ရှည်ပါစေသော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘယ်လို အသင်"

တခက်နွယ် တအံ့တသြဖြစ်ကာ ရှေ့ရောက်နေရာမှ နော
ပြန်လှည့်ကြည့်၍ လှမ်းမေးသည်။ အသင် မဖြေသေးလျှင် –

"ရှင်နဲ့ သူက၊ ဟုတ်လား"

နှစ်ယောက်သား ယှဉ်လျှောက်နေရာမှ နွဲ့ယမင်း မယ
ဖြစ်လျက် အသင့်ပခုံးတစ်ဖက်ကို ဆွဲလှည့်ရင်း မေးပြန်သည်။ ထို
နွဲ့ယမင်းနဲ့ မျက်နှာချင်းဆိုင်သလို ဖြစ်သွားလေသည်။

အသင့်ပခုံးနှစ်ဖက် ပင့်ရှုံ့မှုတွန့်ကာ ပြုံးပြုံးလေးပဲ မျက်နှာ
၍ ရယ်လိုက်လေသည်။ သူငယ်ချင်းအားလုံး အသင့်ကို စူးစူးစိုက်
ကြည့်မိသွားတဲ့နောက်မှာ –

"တကယ်ပေါ့လေ၊ ဟုတ်လား အသင်"





ဟု ပန်းတံခါး ဆိုးဆိုးဆတ်ဆတ် မေး၏။ သူငယ်ချင်းအားလုံး
သြနေကြသည်က မယုံချင်သလိုလိုနဲ့။ အသင်က သူငယ်ချင်းတွေကို
ကြည့်၍ လက်ခုပ်လက်ဝါးတီးကာ ရယ်လိုက်လေသည်။

"ဟင့် ဟင့် ဟင့်၊ ရှင်တို့ မသိဘူးမဟုတ်လား"

ဟု ဝင့်ကြွားသံလေးနဲ့မေးတော့ –

"ဒါဆို ရှင်နဲ့သူက တကယ် ချစ်သူဖြစ်နေတာပေါ့"

တခက်နွယ် အားမလိုအားမရဖြစ်ကာ ရယ်ရင်း မြေသားလှေ
ားထစ်ဖြစ်နေသော တောလမ်းလေးပေါ် ပြေးသွားတဲ့ အသင့်လက်ကို
အောင်ဆွဲထားရင်း မေးသည်။

ဆွဲထားခံရတော့ အသင် ရပ်လေပြီး ဆံပင်ရှည်များ နွဲ့ခါသွား
အောင် ခေါင်းညိတ်လျှင် –

"ဘုရားရေ"

ပန်းတံခါး ရင်ဘတ်ဖိကာ ဘုရားတ၏။ ပန်းတံခါးနောက်မှာ
ကွက်သွက်လေးလိုက်ပါခဲ့ကြတဲ့ နွဲ့ယမင်းနဲ့တခက်နွယ်လည်း ဘုရားတ
တ–

"ကြည့်စမ်း၊ လွယ်လှချည်လား အသင်ရယ်"

လို့ သဘောမတွေ့သလို နွဲ့ယမင်း ဆိုလေသည်။

"ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တခက်နွယ်လည်း ထောက်ခံကာ အသင်နဲ့မောင် ချ

ဖြစ်သွားတာကို မကြည်လင်တဲ့စိတ်နဲ့ အသင့်ကို မျက်စောင်းခတ်

ဝိုင်းကြည့်နေကြသည်။

ကျိုက်ထီးရိုးဘုရားပေါ် ခြေလျင်လျှောက်တက်နေကြ

အသင်တို့လေးယောက် လွတ်လပ်ရေးရနေကြသည်။

အန်တီမေနဲ့ ကြီးစွေက လမ်းမလျှောက်နိုင်ကြလို့ ကားနဲ့

ကာ ရင်ပြင်မှာ ကြိုစောင့်နေကြသည်။ အသင်တို့ရှေ့က စုပုံနဲ့

သွက်သွက်လေးတက်လေပြီး အသင်တို့နောက်က ဒရိုင်ဘာကိုနေ

အန်ကယ်သစ်က ဖြည်းဖြည်းချင်း လျှောက်တက်လာနေတာမို့ အသ

ခပ်ဝေးဝေးမှာ နောက်ကျနေလေသည်။

အထိန်းအယတွေနဲ့ အလှမ်းဝေးတုန်းမို့ အသင် ဖွင့်ပြော

တော့ ထင်တဲ့အတိုင်းပဲ သူငယ်ချင်းတွေ မယုံနိုင်ဖြစ်ကြသလို သ

မတွေ့နိုင်လည်း ဖြစ်နေကြသည်။

"ဘာလဲ၊ ရှင်တို့က အသင့်ကို အညှာလွယ်တယ်လို့ ပြော

ချင်တာလား"

အသင် ခြေလှမ်းရပ်ကာ မေးလိုက်သည်။ သူငယ်ချင်း

လည်း လမ်းလျှောက်ဝါးတုတ်ကလေးများ ထောက်ကာ ခြေလှမ်း

တိတ်ဆိတ်လျက် ခေါင်းယမ်းကြသည်။





အသင်က မမှုသလိုဘဲ နှုတ်ခမ်းလေးမဲ့လျှင် –

"ဟိုလေ ပန်းတို့ဆိုလိုတာက ဒီလောက်လွယ်လွယ်ကူကူကြီး ချစ်သူဖြစ်မသွားသင့်ဘူး၊ ဟုတ်တယ်နော် နွဲ့"

"သေချာတာပေါ့ဟ"

ပန်းတံခါးအဆိုကို နွဲ့ယမင်း အပြည့်အဝထောက်ခံလေသည်။ နွဲ့ယမင်းထောက်ခံချက်ကို အသင်ချေ နှာခေါင်းတွန့်ကာ ရှုတ်ချသလို ကြည့်ပြီး –

"ဟွန်း ချစ်သူဖြစ်တဲ့ကိစ္စက နှလုံးသားနဲ့ ဆိုင်တာလေ၊ ခံစားမှုက ဆော်သြလာရင် ချစ်တဲ့စိတ်က ဘယ်လိုလုပ်တောင့်ခံနိုင်မလဲ၊ ထိုင်ရာမထ ချစ်သူဖြစ်သွားမှာပဲ၊ အဲဒါကို လွယ်တယ်,ခက်တယ်လို့ မှတ်ချက်ပေးလို့ ရမတဲ့လား၊ စဉ်းစဉ်းစားစားလည်း ပြောပါဦး"

"အလိုလေး"

သူငယ်ချင်းသုံးယောက် မျက်လုံးပြူးရလေပြီ။ အသင်က မမှုသလိုနဲ့ သူမဘေးမှ အရိပ်မိုးနေတဲ့ ပျဉ်းမပင်ကိုင်းလက်ကို ဆွဲယူ၏။ ခရမ်းရောင်ပြာပြာ ပွင့်ချပ်လေးများနဲ့ အလှသွေးကြွယ်နေတဲ့ ပျဉ်းမပန်းခိုင်တစ်ခိုင်ကို ချိုးယူပြီး ရှေ့က လျှောက်ထွက်သွားလေသည်။

"ဟဲ့ အသင် နေဦးလေ"

နွဲ့ယမင်း လှမ်းတားပေမယ့် အသင် လှည့်မကြည့်တော့ပါ။

www.burmeseclassic.com



"အဲဒါမှ ပြဿနာပဲ နွဲ့ရယ်၊ တခက်တို့တော့ ခေါင်းကြိမ်းရှေ့ သေချာနေပြီ"

ဟု တခက်နွယ် ခေါင်းကုတ်ရင်း ပြောလေသည်။

"ဟုတ်တယ်နော်၊ ဒါ ဘယ်လိုလုပ်ကြမလဲ ပန်း"

"ဟဲ့ ပန်းလည်း ဘာသိမှာလဲ၊ သေချာတာက ပြဿနာအကြီး ကြီး တက်မှာပဲ၊ အသင့်ပုံစံက အရူးအမူးကြီးဟ၊ ပြောလို့ဆိုလို့ရမယ့် ပုံ မပေါ်ဘူး။ အစကတည်းက ပန်းတို့သိရင် တားမှာပေ့ါ၊ ခုတော့ ကြည့်စမ်း၊ ဘယ်ကဘယ်လို ချိတ်မိသွားလဲဆိုတာ စဉ်းစားလို့မရဘူး ပန်းတော့ မယုံနိုင်ဘူး၊ အံ့ဩတာထက် အံ့ဩတယ် တကယ် ဟယ်"

ပန်းတံခါး ပြောရင်း ကျောခိုင်းသွားတဲ့ အသင့်နောက်ကို စိတ်ရှုပ်ထွေးစွာ ငေးကြည့်လိုက်သည်။

ဂျင်းပင်နိနက်ပြာနဲ့ တီရှပ်လက်ရှည်ကိုယ်တိကို အပေါ်က ဖေ စကုတ်တိုနုံ့နုံ့လေး ထပ်ဝတ်ထားတဲ့ အသင့်နောက်ပိုင်းကိုယ်အလှက ကြော့မော့လျက်။

ဦးထုပ်ပိုင်းဆောင်းကာ ကျိုက်ထီးရိုးဝါးတုတ်ထောက်ပြီး ယျှဉ် မပန်းခိုင်ကို လှုပ်ခါကစားရင်း တောင်ပေါ်ဆက်တက်သွားနေတဲ့ အသင့် အသွင်က ချစ်သူဖြစ်တာ လွယ်စရာ ခက်စရာမလိုဘူးဟူသော ယူဆ ချက်နဲ့ ခြေလှမ်းတွေ ခိုင်မာလို့နေသည်။





အသင့်နောက်ပိုင်းကို ငေးကြည့်ရင်း သူငယ်ချင်းတွေ မျှောင်း ရလို့ ရတော့မှာမဟုတ်ကြောင်း သဘောပေါက်လေသည်။

နောက်ကလိုက်တက်လာတဲ့ အန်ကယ်သစ်နဲ့ ကိုနောင်တို့ စကားသံတွေ ကြားရတာကြောင့် ပန်းတံခါးတို့ ဆက်ရပ်နေလို့ မဖြစ် တော့ပါ။

သုံးယောက်သား အချုက်ပြကာ ဝါးဆစ်တုတ်တွေထောက်ပြီး အသင့်နောက် လိုက်တက်ခဲ့ရလေပြီ။ ခေတ်သစ်ဆိုတဲ့သူက ကြွံခိုင်ပြီး ယောကျ်ားပီသသောအသွင်နဲ့ ငေးမောချင်စရာကောင်းလှပေမယ့် အသင့် နဲ့ ချစ်သူမဖြစ်သင့်ဘူးလေ။

ခေတ်သစ်ဆိုတာက သာမန်ယောကျ်ားတစ်ယောက်။ တစ် နည်းပြောရရင် မြင်းဇောင်းမှာ ကြီးပြင်းလာတဲ့ တောနေသဘာဝဆန်သူ။

အသင်ချော်က သာမန်မိန်းမပျိုလေး မဟုတ်ပါ။ အခြွေအရံ အထိန်းအယတွေရဲ့အမြင်အောက်မှာ တယုတယ မွေးဖွားလာရုံမက ရတနာပေါင်းစုံ ရံထားတဲ့ ထိတ်ထိတ်ကြဲ ပကာသနတွေရဲ့ ဘုရင်မလေး။

ခုတော့ ထင်မှတ်မထားစွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ပွမ် ပွမ် ပွမ်"

စောင့်နေရတာ စိတ်ရှည်တော့ဟန်မတူတဲ့ ညီငယ်၊ ကားဟွန်း တပွမ်ပွမ်တီးရင်း တစ်ဆက်တည်းလည်း ဖိခေါ်၏။

"ကိုကိုရေ လာတော့ဗျာ"

"လာပါပြီကွာ"

ခေတ်သစ် အမေ့လက်ထဲက ကွမ်းယာထုပ်ဆွဲယူရင်း ကွပ်ပျစ် ပေါ်က ဆင်းရလေသည်။ ညီငယ်က ဂျစ်ကားပေါ်မှာ။

"မြန်မြန်လာဗျာ၊ ကိုကိုက သိပ်ရစ်တာပဲ"

"ဟုတ်ပါတယ်ဗျာ၊ ကိုကိုက အရစ်"

ခေတ်သစ် ပြုံးပြုံးပြောရင်း ကားပေါ်တက်လိုက်မှ ညီငယ့် မျက်နှာ အလိုကျကာ ကြည်ရွှင်သွား၏။





တစ်ပေသာသာရှိတဲ့ ရွှံ့မြင်းရုပ်ကို တယုတယ ပိုက်ထားကာ မြင်းရုပ်ခေါင်းကို လက်ဖဝါးနုနုနဲ့ ညီငယ်ပွတ်သပ်နေရင်း –

"မောင်းလေ"

ဟု ဆိုလေသည်။ ညီငယ့်အလိုကျ ခေတ်သစ် ထပ်ဆင့်ပြုံး ကာ ခေါင်းညိတ်ရပြန်၏။

ထို့နောက် ခေတ်သစ် ကားစက်နှိုးလျှင် –

"သားငယ် ကိုကို့ကို သိပ်ဂျီကျမနေနဲ့နော်၊ အချိန်ကုန်အောင် လည်း လျှောက်လည်မနေနဲ့၊ နေ့လယ်စာ အမီပြန်လာကြ"

အမေက ကွပ်ပျစ်ပေါ်ထိုင်နေရာမှ လှမ်းပြောသည်။

"စိတ်ချပါ အမေရ"

ညီငယ် နောက်လှည့်ပြောသလို ခေတ်သစ်က လက်ပြနှုတ်ဆက် ရင်း ကားကို မောင်းထွက်ခဲ့လေသည်။

ကားထွက်သွားတော့မှ ညီငယ့်မျက်နှာ မြူးသွားသည်။ ရင်ခွင် ၌ ပိုက်ထားတဲ့ မြင်းရုပ်လေးကို တသသငုံ့ကြည့်ရင်း ပီတိဖြာနေကာ–

မြင်းဖောင်းကနေ မြို့ထဲဦးတည်နေတဲ့ ဂျစ်ကားလေးက တော တန်းလမ်းတစ်လျှောက် အရှိန်နဲ့ပြေးလွှားနေသလို ခေတ်သစ်နှလုံးသား လည်း ရင်ခုန်သံ အရှိန်မြင့်တက်လို့နေပါသည်။

ဒီတောတန်းလမ်းပေါ်မှာ တစ်ခုသောညက အသင်နဲ့ခေတ်သစ်



www.burmeseclassic.com

www.burmeseclassic.com



မြင်းပြာကြီးစီးခဲ့ကြတဲ့အဖြစ်ဟာ ခံစားမိတိုင်း သွေးသားကို နွေးသွားစေ
သည်။

ချစ်သူကို ရှေ့မှာတင်ပြီး မြင်းပြာကြီးကျောပေါ် နှစ်ယောက်
သား ခွထိုင်ပြီး တလွှားလွှားစီးရတဲ့အရသာက ဘာနဲ့မှမတူအောင် မြူ
လှပေသည်။

အသင့်မှာ ရင်တွေခုန်နေသလို ပျော်လည်းပျော်ကာ တစ်ခုခု
ဖြစ်မှာကိုလည်း စိုးရိမ်စိတ်ကလေးနဲ့လည်း မြူးလို့နေသည်။

ခြေစုံချပြီး အရှိန်နဲ့တလွှားလွှားပြေးနေတဲ့အခါ နှစ်ကိုယ်သား
ခပ္ပဖက်ထားတဲ့ကိုယ်က လှုပ်ခုန်ကာ မြောက်ကြွမြောက်ကြွဖြစ်သွားလျှင်
နှစ်ဦးသား ကြည်နူးသောရယ်မောသံတွေ လွင့်သွားခဲ့လေသည်။

"မောင့်မြင်းပြာကြီးက တကယ်ပဲ ရင်ခုန်လိုက်ဖို့ရာကောင်း
အောင် ပြေးတတ်ပေတယ်နော်"

"အင်း"

"ဒီလိုပဲ ညတိုင်း မြင်းပြာကြီးစီးရရင် သိပ်ကောင်းမှာပဲ"

"စီးချင်ရင် မောင့်နားမှာ အပြီးနေလိုက်လေ"

"အိုး ဖြစ်မတဲ့လား"

"အသင်နေမယ်ဆို ဖြစ်တာပေါ့"

မြင်းဖက်ကြိုးကို မောင်နဲ့အတူ ကိုင်ထားရင်း အသင် ငေး





ဖြစ်သွားသည်။ အသင်နေမယ်ဆို ဖြစ်တာပေါ့တဲ့။

မောင်နဲ့အသင် နေလို့ရမတဲ့လား။ ဖေဖေ ဆွေ့ဆွေ့ခုန်ဖြစ်ပြီး
ဆက်သွားချက်သွားမလားပဲ။ ကံဆိုးရင် အသက်ပါ ထွက်ချင်ထွက်သွား
မှာလေ။ အသင်သိတာပေါ့လို့ အသံတိတ်ခံစားရင်း သက်မ,ချမိလေ
သည်။

လရောင်အောက်မှာ တရိပ်ရိပ်နဲ့ ကျန်ခဲ့တဲ့တောတန်းတွေကို
ငေးရင်း တိတ်ဆိတ်သွားတဲ့အသင် –

"ဟိတ် တွေးလှချည်လား"

"အော် အင်း ဟိုလေ"

အသင် ဘာပြောရမှန်းမသိ ဖြစ်လို့သွားသည်။ လရောင်
အောက်မှာ ဖွေးဥနေသော အသင့်ဖက်ပိုးပေါ် မောင့်နှုတ်ခမ်းလေး ထိ
ကပ်နမ်းရှိုက်လိုက်လျှင် အသင် ခေါင်းလေးငဲ့ကာ –

"မောင်"

"ပြောလေ"

ဖက်ပိုးပေါ်မှ မောင့်နှုတ်ခမ်းလေးခွာပြီး စည်းနှောင်ထားတဲ့
အသင့်ဆံပင်မှ မွှေးရနံ့ကို နမ်းရှိုက်ရင်း ဆိုသည်။

"အသင့်ကို တကယ်ချစ်လားဟင်"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားနေတဲ့ မြင်းပြာက သခင့်အလိုကျ အရှိန်လျှော့ချလေသည်။ ခေတ်သစ် မျက်ခုံးပင့်တက်သွားတဲ့အခါ –

"ဟိုလေ မောင်နဲ့အသင်က ခမြင်ခုတွေ့ပြီး ချစ်သူဖြစ်ကြတာမဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ တကယ်ချစ်လို့ပေါ့၊ အသင်လည်း မောင့်ကို ချစ်တယ်မဟုတ်လား"

"ချစ်တယ်၊ မောင့်ကို ပိုပြီးချစ်နေမိတယ်"

"ဒါနဲ့များ အသင်ရယ်"

ပွေ့ပိုက်ထားတဲ့ ချစ်သူကိုယ်လေးကို တင်းနေအောင် ဖက်ပစ်လိုက်သည်။ ခေတ်သစ် နှာခေါင်းနဲ့ နှုတ်ခမ်းတွေလည်း ဘရိတ်လွတ်သွားလေပြီ။

မွှေးအိသောချစ်သူပါးပြင်ရယ်။

ချိုရှသော ချစ်သူနှုတ်ခမ်းပေါ် အနမ်းလေပြည်တို့ ဖြူးသွားလျှင်

"ကိုကို"

"ဟင် အင်"

ပခုံးကို လာပုတ်ပြီး လှုပ်ခေါ်တဲ့ ညီငယ့်အသံကျယ်ကြောင့် ခေတ်သစ်ကိုယ် ဆတ်ခနဲဖြစ်ကာ ယောင်နနဖြစ်လို့သွားသည်။

ညီက မျက်မှောင်ကုတ်ကုတ်နဲ့ ကြည့်လျက် –





"ကိုကို ဘာတွေသဘောကျလို့ ပြုံးနေတာလဲ၊ ကားလက်င်လည်း သတိထားဦးမှပေါ့"

ညီ ဆိုလေမှ ခေတ်သစ် သတိပြန်ကပ်လေပြီ။ လမ်းဘေးထိုးယ်လုနီးပါးဖြစ်နေတဲ့ကားကို လမ်းပေါ်ပြန်တင်ရင်း ခပ်ရှက်ရှက်ဆိုည်။

"ပြုံးချင်လို့ ပြုံးတာပေါ့ကွ"

"ဟွန်း ပြုံးချင်လို့ ပြုံးတာတဲ့၊ အရူးလိုပဲ"

ညီငယ် နှုတ်ခမ်းစူပြီး မှတ်ချက်ပေး၏။ ညီ မှတ်ချက်ပေးသပါပဲ။ ချစ်လာရင် အရူးလိုပဲ။ ချစ်တတ်သူတိုင်း သိကြမှာပါ။

ချစ်သူအကြောင်း တစ်ကိုယ်တည်း တွေးခံစားရတာလည်း ချစ်ဖီလင်တစ်မျိုးပါပဲ။

"မြန်မြန်မောင်းဗျ ကိုကိုရ၊ မမကို တွေ့ချင်လှပြီ"

ညီငယ်က ကလေးပီပီ မအောင့်နိုင်ဘဲဆိုသည်။ သူ့ရင်ထဲမာည်း ချစ်သူကို တွေ့လိုလှပြီလေ။

ညီငယ့်အလိုကျဖြစ်အောင် ကားရှိန်မြှင့်လိုက်သည်က ခေတ်လည်း ချစ်သူမျက်နှာ မြင်ချင်သောကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ပန်းဦးပွင့်တည်းခိုခန်း။

ပေါ်တီကိုအောက်မှာ ကားထိုးရပ်လိုက်သည်နှင့် ညေ့် ကောင်တာမှ ကိုငြိမ်း ထွက်လာသည်။

"ခေတ် လာလေ၊ ညီရော ပါလာတာကိုး"

"ဟုတ်တယ်ကွ"

ခေတ်သစ် သော့ဖြုတ်ရင်း ကားပေါ်ကဆင်းသည်။

"လာ ညီငယ်"

ကိုငြိမ်းက ညီငယ်ကို လက်ကမ်းပေးသည်။ ကိုငြိမ်း လက်တစ်ဖက်နဲ့ကိုင်၍ ကျန်တစ်ဖက်က မြင်းရုပ်ကိုပိုက်လျက် ညီ ကားပေါ်က ခုန်ဆင်းသည်။

"ညီကလည်း မင်းလိုပဲ မြင်းခရေစီကွ"





ညီ့လက်ထဲက မြင်းရုပ်ကိုမြင်သည်နှင့် ကိုငြိမ်း သဘောကျစွာ ပြောသည်။ ညီငယ်က မျက်လုံးဝင့်ကာ ကျေနပ်လို့သွားသည်။

ရွှံ့ရောင်ပြောင်ချောကာ လည်တံရှည်အောင် ဆန့်ဆန့်လေး ခေါင်းမော့နေသော ရွှံ့မြင်းရုပ်က တကယ့်မြင်းတစ်ကောင်နှယ် အသက် ဝင်လှသည်။ အညိုရောင်ကြွေသီးထည့်ထားတဲ့ မြင်းရုပ်လုံးက ကြည်လဲ့ တောက်ပနေသည်က တကယ့်မြင်းမျက်လုံးအတိုင်းပင်။

"ဟုတ်တယ်ကွ၊ ကိုယ့်ညီပဲ၊ ကိုယ့်လောက်တော့ ရှိမှာပေါ့ ကွာ"

ခေတ်သစ် ခွန်အားအပြည့်နဲ့ပြောသည်။ မြင်းဝါသနာကြီးလွန်း ညီအစ်ကိုနှစ်ယောက်ကို ငြိမ်းထက် အားမကျဘဲမနေနိုင်ပါ။ အား ကာ ညီ့ခေါင်းကို ချစ်စနိုး ဖွပွတ်နေမိ၏။

"ကောင်းပါ့ကွာ၊ ကဲဆို ဘာကိစ္စ"

"မမသင်နဲ့ တွေ့ဖို့လေ"

ကိုငြိမ်းမေးခွန်းကို ခေတ်သစ်မဖြေသေးခင် ညီ ဦးစွာဖြေလိုက် သည်။

"ဟေ"

ကိုငြိမ်း အံ့သြကာ ညီ့ကိုငုံ့ကြည့်သည်။ မျက်နှာလေးမော့ထား ညီက ချစ်စဖွယ်ကောင်းလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကွ၊ ဘယ်သူနဲ့ တွေ့မလို့"

ကိုငြိမ်း တအံ့တသြမေးသည်။ ခေတ်သစ်က ညီ့ကို သဘော

လွန်းလို့ ပြုံးပြုံးကြီးပဲ စိုက်ကြည့်နေလိုက်သည်။

ညီက ကိုငြိမ်းကို ကြည်တောက်တဲ့မျက်ဝန်းဝိုင်းလေးနဲ့ ေ

ကြည့်ပြီး –

"မမသင်လေ၊ ကိုကြီးငြိမ်း မသိဘူးမဟုတ်လား"

"အလိုဗျာ"

"ဟုတ်တယ်၊ ကိုကြီးငြိမ်း မသိသေးဘူး ထင်တယ်၊ ကိုကို

မမသင်ကို ညီ့လိုပဲ ချစ်နေတာဗျ"

"ဟေ"

"ဟုတ်တယ်ဗျ။ ရှုး တိုးတိုး"

အမယ်။ ညီကပဲ ပါးစပ်မှာ လက်ညှိုးလေး ကန့်လန့်ဖြတ်

ဆိုချေသည်။

"တော်တော်သွက်တဲ့ ညီ၊ မင်း အားလုံးသိနေပါလားကွ"

"သိရမယ်လေ ခေတ်မင်းပဲဟာ၊ မဟုတ်ဘူးလား ကိုကို"

ညီက သူ့နာမည် သူထုတ်ပြောရင်း ဝင့်ကြွားကာ ခေတ်

လည်း ထောက်ခံနိုင်းလေသည်။ ခေတ်က ညီ့အလိုကျ ခေါင်းညိတ်ပြ

"ဟုတ်တယ်ကွ၊ အသင့်ကို ညီ တွေ့ချင်သတဲ့ကွာ၊ အသင်





သည်း ညီ့ကို ခင်ရှာပါတယ်၊ အဲဒါနဲ့ ခေါ်လာတာ၊ ညီလုပ်ထားတဲ့ ရွှံ့

ခြင်းရုပ် အသင့်ကို လက်ဆောင်ပေးမလို့ကွ"

ခေတ်သစ်စကားအဆုံးမှာ ကိုငြိမ်း မသိမသာ သက်မချလေး

သည်။

"အင်း လက်ဆောင်ပေးချင်သူက ပေးချင်ပေမယ့် ယူမယ့်သူက

ရှိတော့ဘူးကွ"

"ဘာ"

ခေတ်သစ် မျက်မှောင်ကုတ်ကုတ်နဲ့ ကြည့်လေသည်။ ကိုငြိမ်း

ခေါင်းတစ်ချက်ဆတ်၍ –

"ပြန်သွားပြီကွ၊ ချက်ချင်းကြီးပဲ"

"အရေးတကြီးဖုန်းပဲ ဖြစ်မယ်၊ အဲဒီဖုန်းဝင်လာတာနဲ့ ဒေါ်အ

င်းမေ စိုးရိမ်မျက်နှာနဲ့ ပြန်တော့မယ် ချက်ချင်း ပြောကြတော့တာပဲ၊

ေါ်အလင်းမေပြောတဲ့အတိုင်း မင်းရဲ့အသင်လည်း ပျာယာခတ်ပြီး တစ်

တည်း ပြန်သွားကြတာ မနက်စောစောကတည်းက"

"ကျွတ်"

ခေတ်သစ်ရင်မှာ လေဟာနယ်တစ်ခု ဖြစ်တည်သွားသည်။

ဘာကြောင့် ပြန်သွားတာလဲ။ ဒါလည်း သိချင်လာသည်။

သင် ပြောတုန်းကတော့ –



www.burmeseclassic.com

www.burmeseclassic.com



"အသင့်သဘောပဲ မောင်၊ ပဲခူးမှာ ဘယ်နှရက် ဘယ်နှလ နေနေ နေလို့ရတယ်၊ အဲဒီအတွက် ဘာမှမပူနဲ့၊ မောင်တွေ့ချင်တဲ့အချိန် တွေ့လို့ရမယ်လေ၊ အန်တီမေတို့ မရိပ်မိဖို့ အဓိကပဲ၊ လောလောဆယ် မပြန်ဖြစ်သေးပါဘူး၊ ပြန်ဖို့လည်း စိတ်မကူးသေးဘူး မောင်ရယ်၊ အသင် လည်း မောင်နဲ့မတွေ့ရဘဲ မနေနိုင်ပါဘူး၊ သိရဲ့လား"

ခေတ်ရင်ခွင်ထဲမှာ ရှိုက်ငိုက မျက်နှာလေးမော့ကာ ခေတ်မေး ဖျားလေးကို တို့ထိကြင်နာရင်း ချိုမြိန်စွာပြောခဲ့တဲ့ ချစ်သူ့စကားတွေ ခုတော့ ဆန့်ကျင်ဘက်ဖြစ်လို့နေတာ ဘာကြောင့်ပါလဲ။

ခေတ်သစ် ရင်မှာ တင်းခနဲဖြစ်ကာ မေးခွန်းတွေပေါ်လာမှန်း မျက်နှာကြည့်ရုံနဲ့ ကိုငြိမ်း သိလေသည်။

"သိပ်လည်း တင်းမနေနဲ့ကွ၊ ဒီမှာ မင်းဆက်သွယ်လို့ရမယ့် သူ့ဖုန်းနံပါတ်တစ်ခု ဘယ်သူမှမရိပ်မိအောင် မင်းကောင်မလေး ပေး သွားတယ်၊ ရော့"

ကောင်တာပေါ်က မှတ်တမ်းစာအုပ်ကြားမှာ ညှပ်ထားတဲ့ ဖုန်း နံပါတ်ကတ်တစ်ခုကို ခေတ်သစ်လက်ထဲ ထည့်ပေးလိုက်သည်။

ခေတ်သစ် ကြည့်လိုက်တော့ ကတ်မှာ လိပ်စာမပါ။ ဖုန်းနံ ပါတ်သာ ပါသည်။

"ကျေးဇူးပဲကွ"





ဖုန်းကတ်ကို ဘောင်းဘီအိတ်ထဲ ထည့်ရင်း –

"ညီရေ ကိုကိုတို့ ဖုန်းဆက်ပြီးမှ တွေ့လို့ရမယ်ကွ၊ ပြန်သွား ကြပြီတဲ့"

"ဟွန်း"

ညီ့မျက်နှာလေး စိတ်အားထက်သန်နေရာမှ စူပွပွပြောင်းလဲ သွားသည်။ ကလေးဆိုတော့လည်း ဒီအတိုင်းပဲ။

ရှုမြင်းရုပ်ကို ပြန်ကြည့်ရင်း ညီ မျက်ရည်ဝဲချင်လာသည်။ ကိုငြိမ်း ညီ့စိတ်ကို နားလည်တာကြောင့် –

"ကဲ ဖုန်းမြန်မြန်ဆက်ကြည့်လိုက်ကွာ၊ ပြီးရင် ရန်ကုန်လိုက် သွားကြ"

"ဟေး ကောင်းတယ် ကိုကို၊ ညီ Happy World သွားကစား ချင်နေတာနဲ့ အတော်ပဲ၊ လာ ကိုကို၊ သွားစို့၊ ကိုကြီးငြိမ်း တာ့တာ"

ညီ အားရဝမ်းသာပြောပြီး ခေတ်လက်ကို ဆွဲခေါ်သည်။ တစ် ဆတ်တည်း ကိုငြိမ်းကိုလည်း နှုတ်ဆက်ကာ ကားဆီ သုတ်သုတ်လေး ပြေး၏။ ခေတ်သစ် ကိုငြိမ်းကို လက်ပြနှုတ်ဆက်လိုက်သည်။ ကိုငြိမ်း လည်း လက်ပြကာကျန်ခဲ့၏။ ညီကအစ်ကိုနှစ်ယောက် ကားနဲ့ထွက်သွား တော့ ကိုငြိမ်း မသိမသာ သက်မချသည်။

လွယ်မယ်လို့တော့ မထင်။ ဒီမှာ လာမတည်းခင်တစ်ပတ်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက သူရဲ့ဘော့စ်က လိုညွှ်သည်တွေအတွက် အစစအရာရာ ကြိုတင်ပြင်ဆင်ရတာက အစားအသောက်ကအစ အစစအရာရာယ

သူရဲ့ဘော့စ် ထိုမျှကြိုတင်စီစဉ်ရတဲ့ ညွှ်သည်ဟာ သာမ တော့ မဖြစ်နိုင်။ သူ့ရဲ့ဘော့စ်ကို လွှမ်းမိုးနိုင်တဲ့ တကယ့်ထိတ်ထိတ်ပြ ကပဲ ဖြစ်ရမယ်။ ဒါတော့ ကိုငြိမ်း ခန့်မှန်းမိသည်။

တကယ့်ထိပ်နဲ့မှ ခေတ်အချစ်နဲ့နှလုံးသား ငြိတဲ့အဖြစ်ဆိုတော ရှေ့ဆက် ရင်လေးစရာဖြစ်ဖို့သာ ရာခိုင်နှုန်းများနေသည်။

ဟုတ်,မဟုတ် စောင့်ကြည့်ရဦးမှာပါ။ ခုချိန်မှာတော့ ခေတ် မောင်းတဲ့ ဂျစ်ကားအဝါလေးက ကိုငြိမ်းမြင်ကွင်းမှာ မရှိတော့ပါ။

ဦးတည်နေသည့်က –

✿ ✿ ✿



## အခန်း (၂၅)

"ဟဲလို"

"ဟင်"

ဖုန်းထူးသံက အသင့်အသံမဟုတ်မှန်း သိသွားသည်နှင့် ခေတ် သစ် မျက်မှောင်ကုတ်ကျသွားသည်။

"ဟဲလို"

"ကိုယ် ခေတ်သစ်"

"ဟင်"

တစ်ဖက်ကမိန်းကလေး မေးတာမဖြေဘဲ ဟင်ခနဲဖြစ်ပြန်သည်။ သစ်ခုခုတော့ လွဲနေဘယ်လို့ ခေတ်သစ်ထင်တာကြောင့် –

"အခုပြောနေတာ ဘယ်သူလဲ"

"ပန်းတံခါး"



www.burmeseclassic.com

www.burmeseclassic.com



''ပန်းတံခါး အသင်္ချေနဲ့ သိလား''

''သိတာပေါ့၊ ပန်းသူငယ်ချင်း၊ ရှင် ဒီဖုန်းနံပါတ် ဘယ်က လဲ''

''မေးမနေနဲ့တော့ဗျာ၊ ကိုယ် အသင်နဲ့ စကားပြောချင်တယ် အသင့်ကို ဖုန်းပေးလိုက်''

''ဘာ''

ပန်းတံခါး မကြည်လင်စွာ နှုတ်ခမ်းမဲ့လိုက်သည်။ ခေတ်သ ဆိုကတည်းက တစ်ခုခုကို ပန်းတံခါး သဘောပေါက်လေသည်။

''ကျွတ်၊ ဘယ်လိုဖြစ်နေတာလဲဗျာ၊ ကိုယ် အသင်နဲ့ ပြောမယ် အသင့်ကို ဖုန်းပေးလိုက်''

''အောင်မယ်၊ ရှင်က တင်တင်စီးစီးနဲ့၊ ဒီမှာ ဒီဖုန်းက ပန်း ဖုန်း၊ အသင့်ဖုန်း မဟုတ်ဘူး၊ သိရဲ့လား''

''ဟာဗျာ၊ ဘယ်လိုတွေလဲ''

''အေး၊ ဘယ်လိုတွေလဲဆိုတာ ရှင် နားလည်ဖို့ကောင်းတယ် သိလား၊ အသင့်ဖုန်းနံပါတ် ရှင့်ကို အသင်မပေးချင်လို့ မပေးတာလေ ရှင်က အသင့်အကြောင်း ဘာမှမသိဘဲနဲ့''

''နေပါဦး၊ မင်းက ကိုယ်နဲ့အသင့်ကြား ရန်လိုနေတာလား''

''မဟုတ်ရပေါင်ရှင်၊ အသင်္ချေဆိုတဲ့ မိန်းကလေးက ရှင်ထင်





သလောက် လွတ်လပ်ခွင့်ရနေတဲ့ မိန်းကလေးမဟုတ်ဘူး၊ သိရဲ့လား၊ ထူးသဖြင့် ယောကျ်ားလေးနဲ့ ခင်ခွင့်၊ ပတ်သက်ခွင့်မရှိဘူး၊ အသင့် န်းကို ရှင်ခေါ်လိုက်တာနဲ့ ဒီဖုန်းနံပါတ်က ဘယ်သူလဲ၊ ဘာညာနဲ့ စစ် ဆေးရေးဝင်ဖို့ရှိတယ်၊ သိရဲ့လား''

ခေတ်သစ် စိတ်ပျက်စွာ ခေါင်းတစ်ချက်ယမ်း၏။

''နေစမ်းပါဦးဗျာ၊ ဘယ်သူက စစ်ဆေးရေး ဝင်မှာလဲ''

''အမယ်လေး အသင့်အဖေလေ၊ ဒါကြောင့် အသင်က အသင့် န်းနံပါတ် မပေးဘဲ ပန်းဖုန်းနံပါတ် ပေးခဲ့တာဖြစ်မယ်''

''ကဲဗျာ ဘယ်သူ့ဖုန်းဖြစ်ဖြစ် တစ်ဆိတ်ကူညီ၊ ကိုယ် အသင် တွေ့ချင်တယ်''

''အဲဒါတော့ ပန်းဘက်က အကူအညီပေးဖို့ ခက်တယ်''

''ဟ ပန်းသူငယ်ချင်းဆို''

''ဟုတ်တယ်လေ''

''ဟုတ်ရင် ကူညီဗျာ၊ ဒီမှာ ကိုယ် ရန်ကုန်ရောက်တာထဲ ရောက် ပြီ''

''ဟော့ တော်''

ပန်းတံခါး တကယ်အံ့သြသွားသည်။

ခေတ်သစ်ရပ်ထားတဲ့ ဂျစ်ကားပေါ်မှာ ဖုန်းပြောနေရင်း အား



www.burmeseclassic.com

www.burmeseclassic.com



မရှုဖြစ်ကာ ကားပေါ်ကဆင်းပြီး လမ်းလျှောက်ရင်း ပြောနေခြင်းဖြစ်သည်

ညီကတော့ ကားပေါ် မြင်းရုပ်ပိုက်ထိုင်လျက်သားနဲ့ မျက်လုံ

လေးပိုင်းကာ အစ်ကိုဖြစ်သူ ဖုန်းစကားပြောနေတာကို စိတ်ဝင်တစာ

နားစွင့်လို့နေသည်။

စိတ်ထဲမှာတော့ မမသင်နဲ့ အမြန်ဆုံးတွေ့ချင်နေသည်သာ

တွေ့ချင်တဲ့သူက တွေ့ချင်နေတာ အသည်းအသန်။ တကယ်

အတွေ့ခံရမယ့် သူ့ရဲ့အခြေအနေက မဟန်။ ပန်းတံခါး ကြိုသိနေပါသည်

အံ့လည်း အံ့ဩပါသည်။

ချက်ချင်းကြီး ခေတ်သစ် လိုက်လာလိမ့်မယ်မထင်။

"ကဲဗျာ ဟော့တော်တွေ ဘာတွေ အံ့ဩမနေနဲ့၊ အသင်

ကိုယ် ချစ်သူဖြစ်ခဲ့တယ်ဆိုတာ ပန်းတံခါး သိမှာပါ၊ အခု ကိုယ်တွေ

လာတာ ပန်းတံခါး ကူညီ၊ မကူညီရင် အသင့်လိပ်စာပြောလိုက်၊ ကိုယ်

နည်းကိုယ့်ဟန်နဲ့ ကိုယ် ကြိုးစားမယ်"

"ဟဲ့ ဘယ်၊ မဖြစ်နိုင်ဘူး ခေတ်သစ်"

ပန်းတံခါး ခေါင်းတယမ်းယမ်းနဲ့ ပြော၏။

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ နေဦး၊ ပန်းတံခါး ခင်ဗျား အ

ဘယ်မှာနေလဲ ပြော၊ ခင်ဗျားဆီ ကိုယ်လာခဲ့မယ်၊ အသင့်လိပ်စာ မသိ

မယ့် ခင်ဗျားလိပ်စာတော့ ရှာလို့လွယ်တယ်နော်၊ ခင်ဗျားဖုန်းနံပါတ်





ဆက်သွယ်ရေးရုံးမှာ သွားစုံစမ်းလိုက်ရင် ခင်ဗျားလိပ်စာရမယ်၊ ခင်ဗျား

ဆီ ကိုယ် မကြာခင်ရောက်ခဲ့မယ်၊ ဒါပဲ"

ခေတ်သစ်ပြောပြီး ဦးစွာဖုန်းချလိုက်၏။

မောင့်ကို ဖုန်းနံပါတ်လေး ပေးခွင့်မရှိလောက်အောင် အသင်

ဝမှာ အချုပ်အနှောင်၊ အဟန့်အတားတွေ များနေတာလား။

ခေတ်သစ် ဒါပဲ သိချင်ကာ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''ဟယ် တကယ်၊ အဟုတ်လား ပန်း''

ဖုန်းပြောနေတဲ့ သမီးက ဝမ်းသာလွန်းလို့ ကိုယ်လုံးလေး တကြွကြွ ဖြစ်လို့နေသည်။ ဒေါ်အလင်းမေ ဘုရားခန်းထဲ ဝင်မယ့်ခြေ လှမ်းတွေ နှေးသွားတာ အံ့ဩလို့ပါ။

သူငယ်ချင်းတွေနဲ့ ဖုန်းစကားပြောတိုင်း ခုလောက်ထိ မြူးကြ နေခြင်းမျိုးမရှိတဲ့ သမီးလေး။ ခုဟာက မြူးရုံတင်မက မျက်နှာပါချိ ကာ -

''မောင့်ကို စောင့်နိုင်းထား၊ သိလား''

''ဟင်''

ဒေါ်အလင်းမေ မျက်ခုံး ပင့်တက်သွားသည်။ မောင်တဲ့ ခေါ်သံက နူးညံ့သိမ်မွေ့သလို တပ်မက်မှုတွေ ပါနေသည်။





မောင်ဆိုတဲ့ နာမ်စားက ဘယ်သူ့ကို ခေါ်တာလဲ။

ချစ်သူကိုလား။

ဘုရားရေ။

ဒေါ်အလင်းမေ ရင်ဘတ်ဖိရလေသည်။ ကိုယ်ကိုလည်း လှုံ့ခြုံ အောင် ဆင်စွယ်နှစ်ရောင်လိုက်ကာစနဲ့ကွယ်၍ ဧည့်ခန်းထဲ ခေါင်းထိုး ကြည့်မိ၏။

အသင်က ဘာမှမရိပ်မိစွာ ဝမ်းသာမြူးကြွသော ခံစားချက်နဲ့ ပြောကောင်းနေဆဲ။ တစ်ဖက်က ပန်းတံခါး ဘာပြန်ပြောသည်မသိပါ။ သမီး ပြန်ပြောသည့်အသံက သွက်သွက်ကလေး မြူးလို့နေသည်။

''ပန်း အသင် လာဖြစ်အောင်လာမယ်၊ သိလား၊ အသင် ...င် ခုန်လိုက်တာဟယ်၊ တကယ်၊ ခုချက်ချင်း လာခဲ့မယ်၊ ဒါပဲနော်''

အသင် ဦးစွာ ဖုန်းချကာ ပျော်လွန်းလို့ နှစ်ပါးသွား က,ကွက် ...တစ်ကွက် လက်ချိုးက,လိုက်မိသည်အထိ ပျော်သွားလေသည်။

ဒေါ်အလင်းမေ တစ်ခုခုဆိုတာ သဘောပေါက်လို့သွားသည်။ ...ကစသတ်တော့ သမီးက -

ဒေါ်အလင်းမေမျက်နှာပေါ် အရောင်တွေ ရင့်မှိုင်းသွား၏။ ...င်းကိုလည်း ခါရင်း ဘုရားခန်းထဲ ဝင်မလို ခြေလှမ်းပြင်လျှင် -

ထိုစဉ် -



www.burmeseclassic.com

"အန်တီမေ"

ခေါ်သံလေးနဲ့ ညှော်ခန်းကထွက်ကာ ပြေးထွက်လာတဲ့ အသင်

လိုက်ကာစသိမ်းဖယ်ရင်း ဘုရားခန်းဘက် ဦးလှည့်လာသည်

ဒေါ်အလင်းမေ ကွက္ခြေဆည့်ရင်း –

"ပြောလေ သမီး"

ဟု အနားရောက်လာတဲ့ သမီးလက်ကို ဆွဲယူလေသည် ဟင်းလင်းပွင့် ပျော်ရွှင်နေတဲ့ သမီးမျက်နှာလေးက ရယ်လိုက်တိုင် သွေးရောင်လွှမ်းပြီး ချစ်စရာကောင်းနေသည်။ သမီးက သူမရင်ခွင်ထ ဝင်နိုပြီး –

"အသင် ပန်းဆီသွားချင်လို့"

"ဟင်"

"ခုပဲ သွားချင်တယ် အန်တီမေ"

"ဘာသွားလုပ်မှာလဲကွယ်"

ဒေါ်အလင်းမေ အသံထိန်းပြီး မေးရလေသည်။

အသချေ ဟန်မဆောင်နိုင်စတမ်း ပျော်ရွှင်သောမျက်နှာလေး အန်တီမေ့ပါးပြင်ကို ဖွဖွမွှေး၍ –

"ဟွန်း မမေးကြေးလေ အန်တီမေရဲ့၊ အရင်ကလည်း အ တီမေ မေးတာမှမဟုတ်တာ၊ အသင်သွားချင်တယ်လို့ ပြောရင် သွား





ဆိုပြီး ပြောနေကျလေ၊ မဟုတ်ဘူးလား။ အခုလည်း သွားပါအေ ပဲ ပြောမပေါ့၊ ဘာသွားလုပ်မလဲ မမေးနဲ့လေ၊ နော် အန်တီမေ"

ဇာတ်စ်ခု ကပ်ငြိနေရှာတဲ့ အသချေ။ သွားဖို့ပဲ ဖွတ်အတင်း လေပြီ။ ခါတိုင်းလည်း သွားချင်သွားနေကျ။ မထူးဆန်းပေမယ့် စ်ခါ ထူးခြားနေတယ်လေ။

ဒေါ်အလင်းမေ ရိပ်မိသလို ဘာလုပ်ရမလဲဆိုတာ ချက်ချင်း ဘောပေါက်လေသည်။ ဒါကြောင့်မို့ မူဟန်မပျက်အောင် ထိန်း၍ ပြုး ကြိပြီး –

"ဟုတ်ပါပြီကွယ် ဟုတ်ပါပြီ၊ မမေးပါဘူး၊ ကဲ သွားမယ်ဆို သွားပြင်ချေ"

"ဟုတ်"

ခေါင်းလေးညိတ်ကာ လှစ်ခနဲပြေးသွားတဲ့ သမီး။ အိမ်နေရင်း ဖားဖားလေး လွင့်သွားသလို ဖြန့်ချထားတဲ့ ပိတုန်းရောင်ပြောင်ခါ ဆံပင်ရှည်အထွေးလိုက် ယှုပ်ယမ်းသွားသည်က စည်းချက်ကျကျ လို့နေသည်။ စိတ်အားထက်သန်စွာ အပေါ်ထပ် ပြေးတက်သွားတဲ့ ကို အမြင်တစ်ဆုံးကြည့်ရင်း ဒေါ်အလင်းမေ သက်မ,ချကာ ခေါင်း လေသည်။

ဒါပေမဲ့ တစ်ခုခုကို ရိပ်မိသိရှိနေတဲ့ ဒေါ်အလင်းမေ တွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ငေးမောနေလို့ မဖြစ်နိုင်တော့ပါ။

ဘုရားခန်းနဲ့ ကပ်လျက်ရှိသော သူမ အိပ်ခန်းဆီဝင်ကာ အ
ဆေးဟု ကပ်ထားတဲ့ ပုလင်းလေးထဲမှ ဆေးလုံးလေးတစ်လုံးထုတ်
အမှုန့်ကြိတ်၏။

ထို့နောက် ဖျော်ရည်ထဲထည့်ကာ သမီးရှိရာ အပေါ်ထပ်အ
ဆီ ဖျော်ရည်ခွက် ပင့်ကိုင်တက်ခဲ့သည်က သမီးရဲ့ခြေလှမ်းတွေ
တားဆီးဖို့ ဖြစ်လေသည်။

✿ ✿ ✿



အခန်း (၂၅)

"ကြာလိုက်တာဗျာ"

ညီက ကလေးပီပီ စောင့်ရတာ စိတ်မရှည်တော့ပါ။ နှုတ်ခမ်း
သေးမဲ့ မျက်နှာလေး ရှုံ့တွကာ ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးဖွ
ပြောလေသည်။

"လာမှာပါ ကလေးရယ်"

ပန်းတံခါးက ညီငယ်ဘေး ပြောင်းထိုင်၍ နှစ်သိမ့်သလို ပြော
၏ နှစ်သိမ့်သော်လည်း ညီငယ့်စိတ်က ကလေးပီသစွာ မပြောင်းလဲ။

"ဟွန်း လာမယ်ပြောနေတာ အခေါက်တစ်ရာ မကတော့ဘူး။
နိုန်တွေလည်း ကြည့်ဦး"

နံရံကပ်နာရီကိုကြည့်ရင်း ညီပြော၏။ သူတို့ညီအစ်ကို စောင့်
တာ တစ်နာရီ မကတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွယ်"

ပန်းတံခါး ညီငယ်အကြိုက် ပြောနေရပေမယ့် ရင်ထဲမှာ ဆေ နေသည်။ ခေတ်သစ်ကို ငုံကြည့်တော့ ကုန္ဒြေရနေပေမယ့် စိတ်လှုပ်ရှ ကာ ကွမ်းယာကို ဖြည်းဖြည်းလေးလေး ဖိဝါးနေလျက်။ မျက်လုံး ချစ်သူလာရာလမ်းဆီ ငေးရီရီ မျှော်ကြည့်နေရှာသည်။

အသင့်ကို မြင်ချင်စိတ်ထက်သန်နေတဲ့ ညီအစ်ကိုနှစ်ယောက် ကို တစ်လှည့်စီငေးကြည့်ရင်း ပန်းတံခါး မသိမသာ သက်မ,ချသည်

အစက ခေတ်သစ်နဲ့ အသင့်ကို မကြည့်ဖြူနိုင်တဲ့ အတ္တအငြ ပါ၊ ခြားခဲ့ပေမယ့် ဖုန်းနံပါတ်ကတစ်ဆင့် လိပ်စာစုံစမ်းပြီး ပန်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့ ပန်း အလိုလိုနားလည်ပေးမိသ ဖြစ်သွားသည်။

အသင်နဲ့ခေတ် အပြန်အလှန် ချစ်နေကြတာကိုလည်း၊ စား ကာ ကလေးပီပီ ချစ်စရာကောင်းနေတဲ့ ခေတ်မင်းလေးကိုလည်း သန လို့နေသည်။ ရွှံမြင်းရုပ်လေး မွေ့ပိုက်ထားတဲ့ ခေတ်မင်းက –

"မမသင် မလာရင်လည်း ကျွန်တော်နဲ့ကိုကို သွားတွေ့လို မယ်၊ မမသင်လိပ်စာ ပြောလေ မမပန်း"

သူ့ကိုယ်စား ပန်းတံခါးလက်ကို လှုပ်ခါပြောတဲ့ ညီငယ် ပန်းတံခါး ဝေ့ွးရင်း ငေးနေရာမှ အသိဝင်လာပြီး –





"ဩော် ဟိုလေ၊ မဖြစ်ဘူး ကလေးရဲ့"

"ဘာလို့မဖြစ်ရမှာလဲ၊ မမပန်းက ရစ်တယ်ဗျာ၊ ပြောလိုက်ရင် ဖြစ်တဲ့ဟာကို"

ဖွတ်တရွတ်ဆန်နေတဲ့ ညီငယ့်ကို ပန်းတံခါး ဘယ်လိုဖျောင်းဖျ န်း မသိတော့ပါ။ ခေတ်သစ်က ခေါင်းတစ်ချက်ယမ်းပြီး ညီငယ်ကို သံတိတ်တား၏။ အစ်ကိုလုပ်သူ မျက်ရိပ်လေးနဲ့ တားသည်နှင့် ညီငယ် ဖွတ်တရွတ်ဆန်မှုလေး ကွာကျသွားသည်။

သို့သော်လည်း မျက်နှာလေးက ငြူစူနေသေးသည်။ ပန်းတံခါး ခေတ်မင်းပခုံးပေါ် လက်တစ်ဖက်တင်လျက် –

"မောင်လေးက ဘာမှမသိဘူး၊ မမတို့ ပဲခူးက ချက်ချင်းပြန် ရတာ အသင့်ဖေဖေ ရုတ်တရက် သွေးတိုးပြီး သတိလစ်သွားတယ် အဲဒါကြောင့် စိတ်ပူပြီး ပြန်ခဲ့ရတာပေ့ါ။ အခုတော့ အသင့်ဖေဖေ ကာသာပါပြီ ဒါပေမဲ့ အသင် ထွက်လာခဲ့ဖို့ ခက်ခဲနေမယ်၊ မမ သိတယ်"

"လာမယ်လို့ ပြောတာကရော"

အစ်ကိုကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး တိုးတိုးလေး သည်။ ခေတ်သစ်က သက်ပြင်းတချချနှင့် နာရီကို မော့ကြည့်လိုက်၊ ဘက်မျှော်လိုက်နဲ့ အလုပ်ရှုပ်နေသည်။ ပန်းတံခါးက ညီငယ့်ခေါင်း တစ်ချက်ပွတ်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"အသင် လာမယ်လို့ ပြောတယ်လေ၊ အခြေအနေစောင့်ကြည့်ပြီး လာမှာပေါ့၊ စိတ်ချပါ မောင်လေးရယ်၊ မောင်လေး မမသင်က လာမယ်ဆိုရင် ဖြစ်အောင်လာမယ်၊ အန်တီမေက အသင် တစ်ခွန်းဆို တစ်ခွန်းပဲ၊ အေး တစ်ခုတော့ရှိတယ်၊ အသင်လာရင် အန်တီမေတို့ ပါလာမယ်၊ အဲဒီတော့ အန်တီမေတို့ မရိပ်မိအောင် မောင်လေးတို့ တွေ့ရမယ်၊ မောင်လေးတို့တွေ့ဖို့ အပေါ်ထပ်က မမပန်းရဲ့အခန်းဘေး မှာ အခန်းလွတ်တစ်ခန်းရှိတယ်၊ အဲဒီအခန်းထဲမှာ တွေ့ကြ၊ မမပန်းက အန်တီမေတို့ကို ထိန်းထားမယ်၊ ဟုတ်ပြီလား"

ပန်းတံခါးက ညီကိုပြောပြနေသည်က ခေတ်သစ်ပါ နားလည် အောင် ရှင်းပြသလိုဖြစ်၏။ ခေတ်သစ်နည်းတူ ခေတ်မင်း နားလည်ပါ၏ သို့သော် ကလေးပီပီ လွတ်လွတ်လပ်လပ် တွေ့ချင်တဲ့စိတ်ရှိတာကြောင့်

"တစ်မျိုးကြီးပဲနော် မမပန်း၊ မြင်းဇောင်းထဲမှာလို လွတ်လွတ် လပ်လပ် မတွေ့ရဘူးပေါ့"

"အခုလောလောဆယ်ငှပါ၊ နောက်တော့ မောင်လေးတွေ့ချင် သလို လွတ်လွတ်လပ်လပ်တွေ့ရမှာပေါ့"

"ဟုတ်လား"

ခေတ်မင်း မျက်လုံးနက်လေး တောက်ပကာ အရောင်လက် သွား၏။ ဟုတ်လားဟု အားကြိုးမာန်တက်မေးဟန်က ချစ်ဖို့ကောင်းလှ





သည်။ ပန်းတံခါးက ချစ်တဲ့စိတ်နဲ့ပဲ ခေတ်မင်း ဆံပင်ညိုကို ဖွပစ်လျှင်

"တီ တီ တီ"

ပန်းတံခါး လက်ကိုင်ဖုန်း မြည်လေသည်။ ဖုန်းမြည်သံကြောင့် ယောက်လုံး စားပွဲပေါ်က လက်ကိုင်ဖုန်းကို စိတ်ဝင်တစား လှည့်ကြည့် သည်။

ကွမ်းဝါးနေတဲ့ ခေတ်သစ်နှုတ်ခမ်းအစုံ လှုပ်ရှားမှု ငြိမ်သွား တ် ပန်းတံခါး ဖုန်းနားထောင်သည်ကို အာရုံစိုက်နားစွင့်မိ၏။

ဖုန်းခေါ်တာ မမသင်လားဟု ခေတ်မင်းက စိတ်ဝင်စားလေပြီး ပန်းတံခါးကို မျက်တောင်မခတ်တမ်း စိုက်ကြည့်၏။

"ဟဲလို အသင် ပြော"

ဟု စကားစမေး၏။

"အသင်မဟုတ်ဘူး ပန်းရဲ့၊ အန်တီမေပါ"

"ဩော်"

ပန်းတံခါးမျက်နှာလေး မျှော်လင့်ချက်တစ်မျိုးနဲ့ အရောင်ပြောင်း ား။ အသင့်ဖုန်းနံပါတ်ပေါ်နေတာမို့ အသင်လို့ပဲထင်တဲ့ ပန်းတံခါး။

အန်တီမေ့အသံကြားရတော့ ကိုယ်ရှိန်သတ်လိုက်ရသည်။ ခေတ် မင်းနဲ့ ပန်း အဓိပ္ပာယ်ပါပါ အကြည့်ချင်းတစ်ချက် ဆုံသွား၏။

ပန်းတံခါး ဦးစွာအကြည့်လွှဲပြီး ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီမေ၊ ပြောလေ"

"ပန်းဆီ သမီးဖြည့်သည် ရောက်နေတယ်မဟုတ်လား"

"ရှင်"

"သမီးရဲ့ချစ်သူဆိုလားပဲ"

"ဟင်"

ပန်းတံခါး မျက်လုံးပြူးရလေပြီ။ အန်တီမေ့မေးသံက တည်ငြိမ်ကာ တိကျနေသည်က မအံ့သြဘဲ မနေနိုင်တော့ပါ။

"ဟိုလေ အန်တီမေ"

"ပန်း အန်တီမေ သူနဲ့တွေ့ချင်တယ်၊ ခုချက်ချင်း လွှတ်လိုက်ဟုတ်ပြီနော်၊ ဒါပဲ"

ပြောပြီး ဖုန်းချသွားတဲ့ အန်တီမေ။ ပန်းတံခါး ပါးစပ်ဟောင်းလောင်း ဖြစ်လို့သွားသည်။ ဖုန်းကိုင်လျက်သားနဲ့ ကြောင်သွားကာ ခေတ်သစ်ဘက် ငဲ့ကြည့်မိ၏။ အကြည့်ချင်းဆုံလျှင် –

"ဘာတဲ့လဲ"

ရုတ်တရက် ပန်း၊ မဖြေနိုင်။ ရင်မှာ ပူလောင်ကာ ဆို့ဆို့ကြံခံစားရလေသည်။

"မမပန်း ဘာတဲ့လဲဟင်"

ညီက ပန်းတံခါးလက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း မေးသည်။





ပန်းတံခါး မဖြေလို့မရတော့ပါ။

"အန်တီမေက ခေတ်ကိုတွေ့ချင်တယ်၊ လာခဲ့ပါတဲ့"

"ဟေး"

ညီငယ်က အားရဝမ်းသာ ထခုန်လေသည်။ ညီငယ်ကို ပန်းတံခါး ငဲ့ကြည့်ရင်း စိတ်မကောင်းဖြစ်သွား၏။ ညီငယ်က ကလေးအတွေးနဲ့ ပျော်မြူးနိုင်ပေမယ့် ခေတ်သစ် မပျော်နိုင်။

အမူအရာမပျက်အောင် ဟန်အပြည့်နဲ့ ခေတ်သစ် ထရပ်လိုက်သည်က ဖြစ်သမျှ ရင်ဆိုင်မယ်ဆိုတဲ့ သတ္တိနဲ့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ခြံဝင်းတံခါးကြီးက အသင့်ဖွင့်ထားသည်က ထူးခြားတယ်လို့ ခေတ်သစ် ယူဆသည်။ တစ်ပါဖြည်းပါလာတဲ့ ပန်းတံခါးက ဝင်သွားဖို့ မျက်စနဲ့ အချက်ပြသည်။

ရောင်စုံနှင်းဆီပန်းပင်တွေ တစ်ဖက်တစ်ချက်စိုက်ထားတဲ့ ကားဝင်လမ်းအတိုင်း ဂျစ်ကားလေးမောင်းဝင်လျက်။

မျက်နှာစာတိုင်တွေမှာ ရှေးဟောင်းအနုပညာလက်ရာဆန်ဆန် အင်္ဂတေကနုတ်ပန်းတွေနဲ့ အလှဖော်ထားတဲ့ ဆင်ဝင်အောက်မှာ ကားရပ်လိုက်၏။ ဒေါ်အလင်းမေ ဧည့်ခန်းထဲက ဆင်ဝင်အောက်အထိ ဆင်းလာပြီး –

"လာကြ"

ဟု ဖိတ်ခေါ်သည်က လိုက်လိုက်လှဲလှဲမရှိမှန်း သိသာသည်။





မိန်နေရင်းဖြစ်ပေမယ့် အင်ဒိုနီးရှားပါတိတ်ဝမ်းဆက် နောက်ဆုံးပေါ် အဆင်ကို ဒီဇိုင်းဆန်းဆန်းချုပ်ဝတ်ကာ စမတ်ကျကျရှိနေသည်။

သို့သော် ဒေါ်အလင်းမေရဲ့မျက်နှာဟာ ဘာကိုမှ ခန့်မှန်းလို့မရအောင် တည်ငြိမ်လို့နေသည်။

လုပ်စရာရှိတာကိုလည်း ပိပိရိရိလုပ်ဆောင်နိုင်တဲ့ အမျိုးသမီးပို့ သိပ်သိပ်သည်းသည်း ကျစ်ကျစ်လျစ်လျစ်နှင့် အပိုအလိုမရှိ လှုပ်ရှားလျက်။ ပန်းတံခါးနဲ့ညီက ဦးစွာ ကားပေါ်ကဆင်း၍ ဧည့်ခန်းထဲ သွက်သွက်လေး ဝင်သွား၏။

ခေတ်သစ်က နောက်မှလိုက်ဝင်ကာ ကွမ်းဝါးချင်စိတ် ဖြစ်ပေမယ့် ဝါးမနေတော့ပါ။ ခြံပြင်မှာကတည်းက ကွမ်းဖတ်တွေ ထွေးပစ်ပြီးသား ဖြစ်သည်က အကြောင်းမဲ့မဟုတ်ပါ။

ခေတ်သစ်ကို လာတွေ့ခွင့်ပေးတာက ခန့်မှန်းလို့မရတဲ့ ပုစ္ဆာတစ်ပုဒ်နဲ့ ဆင်တူနေတာမို့ ခေတ်သစ်ဘက်က တတ်နိုင်သမျှ တည်ငြိမ်ဖို့ လိုတယ်မဟုတ်လား။ နှုတ်ခမ်းထောင့်စွန်းမှ ကွမ်းသွေးစကို လက်ချောင်းလေးနဲ့ ပွတ်သုတ်ကာ ခံတွင်းထဲရှိနေတဲ့ ကွမ်းဖတ်အကြွင်းအကျန်လေးများကို သွားနဲ့ကျိတ်ဝါးရင်း မျိုချလိုက်သည်။

ပြီးနောက် ကားပေါ်ပါလာတဲ့ ရေသန့်ဘူးထဲက ရေတစ်ငုံငှုချကာ ခံတွင်းရှင်းပစ်လိုက်သည်။ ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းနဲ့ ညှော်ခန်းထဲလှမ်းဝင်လျှင် ခြေဖဝါးဟာ မနက်ခင်း နှင်းမှုန်များ စိုလူးနေသော အစိမ်းရောင်မြက်ခင်းပြင်နဲ့ နူးညံ့အိစက်သောမွေးပွကော်ဇော်ကြီး၏အရသာကို ကောင်းစွာ ခွဲခြားခံစားလို့ရနေသည်။

ကွဲပြားခံစားသိရဲ့နောက်မှာ ခေတ်သစ် ရင်ဆိုင်သွားဖို့ သတ္တိ ခွန်အားများစွာ မွေးဖွားရမည်ဖြစ်ကြောင်း အလိုလိုသဘောပေါက်လေပြီ။

"ထိုင်လေ ခေတ်"

ပန်းတံခါးဆိုလျှင် ခေတ်သစ် တစ်ယောက်ထိုင်ဆိုဖာမှာ ဝင်ထိုင်လေသည်။ ဒေါ်အလင်းမေက ညှော်ခန်းထောင့်နှင့်ကပ်လျက်ရှိသော လှေကားတွေကို နင်းပြီး အပေါ်တက်သွား၏။

ညီငယ်က ခမ်းနားတဲ့ ဧည့်ခန်းကြီးကို တအံ့တသြငေးမောလို့နေသည်။ မြင်းဖောင်းထဲမှာ ကြီးလာတဲ့ ညီငယ်အနေနဲ့ ခုလို ဧည့်ခန်းမျိုး တစ်ခါမှ မမြင်ဖူးတော့လည်း ငေးကြည့်မိတာ မဆန်းတော့ပါ။

နံရံမှာ တန်ဖိုးကြီးတဲ့ပန်းချီကားတွေ အစီအရီချိတ်ဆွဲထား၏။ လိုက်ကာစကြီးတွေကလည်း အိသွဲ့ကာ လှိုင်းကြွနေသလို လှလို့နေသည်။ အသွေးအမွေးလှတဲ့ ကျားသစ်သားရေစစ်စစ်နဲ့ ချုပ်ထားတဲ့ ဆိုဖာထိုင်ခုံကြီးတွေက ညီငယ်ပင် မြုပ်ဝင်မတတ်။ နံရံကပ်ပန်းဆွဲနဲ့ အခန်းထောင့်တွေက ရွက်စိမ်းပင်နဲ့ ရောင်စုံပန်းပင်တွေကလည်း ကြည့်လေလှလေ သဘာဝအလှနဲ့ ယဉ်ပါးနေတဲ့ ညီ့မျက်ဝန်းက ပကာသန





အလှတွေကို အဆန်းတကြယ် ငေးစေလောက်သည်။

ခေတ်သစ်ကတော့ လှပ်ငန်းခွင်ထဲ ကျင်လည်ခဲ့သူမို့ ခမ်းနားတဲ့ ပကာသနဆန်ဆန်အလှတွေကို မျက်လုံးက ယဉ်နေပြီလေ။

အခုတော့ ဖိတ်ခေါ်တဲ့သူနဲ့ တွေ့ရမယ့်သူ။ သေချာတာက လောလောဆယ်မှာ ချစ်သူနဲ့ တိုက်ရိုက်တွေ့ရဖို့ လမ်းစမမြင်။

"ထိုင်နေဦး ခေတ်၊ ပန်း အသင့်ကို သွားတွေ့လိုက်မယ်"

ပန်းတံခါးဆိုလျှင် ခေတ်သစ်ခေါင်းညိတ်လိုက်၏။ ပန်းတံခါးက ဆ,ထွက်သွားတော့ ညီက ထိုင်နေရာမှ ဝုန်းခနဲထကာ –

"ညီလည်း လိုက်မယ်"

ဟု ဆို၍ ပန်းတံခါးနောက် ရှုမြင်းရုပ်ပိုက်ကာ လိုက်ထွက်သွားသည်ကို ခေတ်သစ်ဆွဲတားပေမယ့် မမီတော့ပါ။ ပန်းတံခါးလည်း ညီ့ကို သိုလိုလားလား ဆွဲခေါ်သွားသောကြောင့်ဖြစ်သည်။

ဧည့်ခန်းမှာ ခေတ်သစ်တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ကာ ထိုတိတ်ဆိတ်ခြင်းတွေနောက်မှာ ရှုလောင်ပေါက်ကွဲမှုတွေ ကြောခင် ထဖြစ်တော့မယ်ဆိုတာ ခေတ်သစ် ကြိုသိမနေပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

''ဟင်''

ဒေါ်အလင်းမေနောက်မှ အရှိန်အဝါကြီးသော ခြေလှမ်းနဲ့ ခန့်ခန့်ထည်ထည်ပါလာတဲ့ လူကြီး။ မျက်နှာကျပုံက ခေတ်ချစ်သူ အသင်္ချေဆိုတဲ့ မိန်းကလေးနဲ့ တစ်ထပ်တည်းကျမတတ် တူနေသည့် ဦးအလင်းတန်း။

ခေတ်သစ် မြင်လျှင်မြင်ချင်း အံ့ဩလွန်းကာ ထိုင်နေရာမှ ထရပ်မိလေပြီ။ ဦးအလင်းတန်းဟာ အသင့်ရဲ့ဖေဖေ ဆိုတာလား။

မဖြစ်ပါစေနဲ့ဆိုတဲ့ ဆုတောင်းပြည့်ဖို့ မရှိတော့ပါ။ အဖေနဲ့သမီးလို့ ဆိုရလောက်အောင် မျက်နှာကျပုံအစ ခြေထံလက်လံ သွယ်လျရှည်လျားပုံကအစ ဘယ်နေရာကြည့်ကြည့် တူလှပေသည်။

မြင်လိုက်ရရုံနဲ့တင် မိတ်ဆက်ပေးစရာမလိုအောင် တိကျဆင်





တူနေတဲ့ သမီးနဲ့ အဖေရဲ့ရုပ်ဆင်း။

ခေတ်သစ် အလိုလိုသိရှိသွားလေသည်။ ဦးအလင်းတန်းဟာ အသင့်ရဲ့ဖေဖေ။

ထိုအသိနဲ့ ရင်ဆိုင်ဖို့ မွေးထားတဲ့သတ္တိတွေ ခေတ္တငေးမောသွားလေပြီ။ ထ,ရပ်လိုက်တဲ့ ခေတ်သစ်ကို ရိပ်ခနဲ မြင်လိုက်သည်နဲ့ လှမ်းကြည့်မိတဲ့ ဦးအလင်းတန်းမျက်လုံးက မယုံနိုင်အောင် ကုတ်ကျသွားကာ လှေကားထစ်တွေကိုနင်းပြီး ဆင်းလာတဲ့ ခြေလှမ်းက လှမ်းတစ်ဝက်မှာတင် တန့်သွား၏။

''မင်း''

ရင်ခေါင်းထဲက အသံခုန်ထွက်ကာ နှစ်ယောက်သား အကြည့်ဆုံ မယုံချင်စိတ်နဲ့ တောက်ပတွေ့ဆုံသွား၏။ ခေတ်သစ် မျက်တောင်တစ်ချက်ခတ်၍ ဦးစွာ မျက်နှာလွှဲကာ။

ဘာကြောင့် ဦးအလင်းတန်းနဲ့မှ ရေစက်ဆုံသလို လာတွေ့နေရသလဲ။

''မောင်ခေတ်သစ် ဒါက အန်တီရဲ့အစ်ကို၊ သမီးလေးအသင့်ရဲ့ ဖေဖေပဲ''

ဒေါ်အလင်းမေ ခေတ်သစ်ရှေ့ရောက်သည်နှင့် မိတ်ဆက်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ် ခေါင်းငုံ့ထားရာမှ ဦးအလင်းတန်းကို ပြန်မကြည့်တော့ပါ။

ဦးအလင်းတန်း၏ ခြေလှမ်းတွေ လှေကားထစ်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာသလို လက်တစ်ဖက်ကိုပါ ခါးထောက်လုမတတ် တင်းမာသယောင် ပြောင်းလဲသွားလေပြီ။

"ကိုကို ဒါက မောင်ခေတ်သစ်တဲ့၊ သမီးရဲ့ချစ်သူတဲ့၊ ကိုကို ဘာဖြစ်ချင်လဲ ပွင့်ပွင့်လင်းလင်းသာ ထုတ်ပြောလိုက်"

ဒေါ်အလင်းမေ အစ်ကိုလုပ်သူကို ခေတ်သစ်နဲ့ မိတ်ဆက်ပေးရင်း တစ်ဆက်တည်း ပြော၏။ ထိုအပြောမျိုးက ခေတ်သစ်ကို မလိုလားမှန်း သိသာနေသည်။

ဦးအလင်းတန်းနဲ့ ခေတ်သစ်ကြားမှာ ဒေါ်အလင်းမေက မာန်အပြည့်နဲ့ ခပ်တည်တည် ခပ်ထန်ထန်ရပ်နေဆဲ။

ဦးအလင်းတန်းက ညီမ,လုပ်သူကို ဆွဲဖယ်ပြီး ခေတ်သစ်နဲ့ ရင်ဆိုင်သလိုကြည့်ကာ ဖက်ခနဲ မေးချသည်။

"မင်းရည်ရွယ်ချက်က ဘာလဲ"

ဣန္ဒြေရရမေးတာဖြစ်ပေမယ့် မာနကို ထိပါးစေတဲ့အဓိပ္ပာယ်မှန်း ခေတ်သစ် ခွဲခြားသိနေသည်။

သဘောမတူနိုင်ဘူးလို့ ပြောချလိုက်တာက ခံသာဦးမည်။





ခုတော့ စွပ်စွဲသလိုနဲ့ ပုတ်ခတ်မှုတွေ ပါနေသည်။

အငြိုးအတေးတစ်ခုနဲ့ ခေတ်သစ်က အသင်နဲ့ ချစ်သူဖြစ်ာင် ဖန်တီးခဲ့သည်ဟု ထုတ်မပြောရုံတမယ်။

မေးခွန်းနောက်မှာ ခေတ်သစ်နှုတ်ခမ်းက မာနနဲ့မှုံကျ၏။ လက်ချာင်းတွေကလည်း တင်းမာစွာ ဆုပ်ထွေးပြီးသားဖြစ်လေသည်။

"ပြောလေ ခေတ်သစ်၊ မင်းမှာ ရည်ရွယ်ချက်တစ်ခုခု မရှိဘဲနဲ့ သမီးနား ချဉ်းကပ်ခဲ့မှာမဟုတ်ဘူး။ ငါ့အပေါ် မကျေနပ်လို့ ငါ့သမီးကို လုပ်ပြီး"

စကားလုံးတွေက ခေတ်သစ်တစ်ကိုယ်လုံးကို နာကျင်စွာ တုန်သွားလေသည်။ ဖျတ်ခနဲ ကြည့်ပစ်မယ့်မျက်လုံးတွေကို ထိန်းချုပ်ကာ ခနဲလှည့်ထွက်ခဲ့သည်က မာနနဲ့နှလုံးသားကို စော်ကားခံလိုက်ရဖြစ်သည်။

"ဟော့ မောင်ခေတ်သစ်"

ဒေါ်အလင်းမေ လိုက်ကာတားသည်။ ဦးအလင်းတန်းက ာက်ရုပ်နှယ် မတ်မတ်ဆန့်ဆန့်ကြီး စိုက်ကြည့်နေသည်။

"နေဦးဟ"

ခေတ်သစ်လက်ကို ဒေါ်အလင်းမေ မရအရ ဆွဲတားသည်။

ခေတ်သစ် ဘာကိုမှ အားမနာ။ အံကြိတ်ကာ ဒေါ်အလင်းမေ



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဖယ်ချသည်။

တစ်ဆက်တည်း ကားပေါ်တက်ကာ မတည်ငြိမ်သောနှလုံး နဲ့ ခမ်းနားသောခြံထဲမှ ထွက်ခဲ့လေသည်။

အသင်ရေ

မောင့်ကို နားလည်ပေးပါလို့ မတောင်းဆိုချင်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ချစ်ခဲ့တာက ခုတုံးလုပ်ပစ်ဖို့ဆိုတဲ့ ခံ ချက်နဲ့မှ မဟုတ်တာ။

✿ ✿ ✿



## အခန်း (၃၀)

မျက်လုံးဖွင့်ဖွင့်ချင်း မြင်လိုက်ရသည်က စိမ်းဝါရောင်မြင်းရုပ် လေး။ စားပွဲပေါ်ခြေစုံရပ်နေတဲ့ မြင်းရုပ်က မြင်းပြာကြီးလို အသက်ဝင် ာ မာန်ကြွလုပလို့နေသည်။

မြင်းရုပ်လေးမြင်လိုက်ရတော့ အသင် အံ့သြကာ မျက်မှောင် ကြုတ်သွား၏။ အိပ်မက်လေလား။ ဒါမှမဟုတ် စိတ်ထဲမှာ စွဲနေလို့ မြင် တာလား။ ဇဝေဇဝါဖြစ်လျက်။

မျက်လုံးကို လက်ခုံနဲ့ပွတ်ပြီး အသင် ပြန်ကြည့်၏။ တောက်ပ လှသော မြင်းရုပ်ကလေး။ မျက်လုံးက အသင့်ကို ပြန်လည်စိုက်ကြည့် သလို။

မျက်လုံးချင်းအဆုံမှာ ရင်ခုန်ကာ။ လှိုက်ခနဲဝမ်းသာတဲ့စိတ် သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းရုပ်ကလေးရယ် –

ဘယ်က ဘယ်လို အသင့်အခန်းထဲ ရောက်နေတာလဲ။

သိချင်စိတ်နဲ့ အသင် ခွေခွေလေး ဘေးတစောင်းအိပ်နေရာ

ဆတ်ခနဲ ရုန်းထလျှင် –

"ဟော အသင် နိုးပြီလား"

ပန်းတံခါး အသင့်အိပ်ခန်းထဲ ဝင်လာပြီး မေးသည်။ အသင်

ခေတ္တကြောင်သွား၏။

"ဟင်"

ဖြုန်းဆိုလည်း သတိရလာသည်။ အသင် အသင်က ပန်းဆီ

သွားမလို့လေ။ မောင်ရောက်နေတယ်ပြောလို့ ပန်းဆီသွားမလို့ အဝ

တွေပြင်ခဲ့တယ်မဟုတ်လား။

လိမ္မော်နဲ့စိမ်းနုရောင် အကန့်လိုက်ရောယှက်နေတဲ့ ကိုးရိုးယာ

ဖက်ရှင်နှင့် မျက်နှာမှာ ကာလာအရောင်အသွေး တောက်ပနေတဲ့ အသ

လေ၊

နောက်ပိတ်ခုံထောင့်ချွန်ဖိနပ်လေး စီးနေတုန်း အနိဂိ

ရောက်လာခဲ့တယ် မဟုတ်လား။

"သမီးရေ အအေးသောက်လိုက်ပါဦး၊ ပြီးတော့ သွားကြ

ပေါ့နော်"





ပန်းလေးဖက်ကာပြောရင်း ဖျော်ရည်တစ်ခွက် လက်ထဲထိုးပေး

၏။ အသင် ဘာမှ စဉ်းမစားမနေတော့ပါ။ သွားချင်တဲ့စောကပ်နေတာ

ရယ် အအေးက အသင့်အကြိုက် သခွားမွှေးရနံ့ သင်းနေတာရယ်ကြောင့်

မငြင်းဘဲ သောက်မိလေသည်။

ထိုအအေးသောက်ပြီး အသင့်ခေါင်းထဲက စက္ကန့်ပိုင်းအတွင်း

လေးလာကာ နှံ့ခွေသလို ဆက်ဖြစ်လာပြီး ကိုယ်တွေလက်တွေ မသယ်

ချင်ဖြစ်လျက်။ လက်ကိုင်အိတ်ဆွဲယူပြီး အပြင်ထွက်မယ့် အသင့်ခြေ

လှမ်း ခုတင်နား လည်လာသည်။

မကြာခင်ပဲ အသင့်ကိုယ်လုံးလေး မွေ့ရာပေါ် အိခနဲ ကျသွား

လေသည်။ အဲဒီနောက် အသင် ဘာမှမသိတော့ပါ။ အသင် အသိဝင်လာ

တော့ မြင်းရုပ်လေး မြင်ရသည်။

ပန်းကလည်း အသင့်အခန်းထဲ ရောက်နေ၏။ အခြေအနေတွေ

ကို အံ့သြနေတဲ့ အသင်။ ပန်းတံခါး အသင့်ဘေးမှ ခုတင်ပေါ် ဝင်ထိုင်ရင်း

"အသင် အံ့သြနေမှာပဲနော်"

"အင်း"

"အံ့သြစရာပဲပေါ့။ ခေတ်ကို အသင့်ဖေဖေ ခေါ်တွေ့တယ်လေ"

"ဟင် အခု ဘယ်မှာလဲ"

"ရှူး တိုးတိုး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းတံခါး နောက်ကြောင်းမအေးစွာ ဆိုသည်။ အသင့်ပါးစ ကို လက်ဖဝါးလေးနဲ့ ကမန်းကတန်း ပိတ်မိ၏။

"ဒီမြင်းရုပ်လေးက ခေတ်မင်း အသင့်အတွက် လုပ်ပေးတာ လေ"

စားပွဲပေါ်က မြင်းရုပ်ဆီ အသင့်မျက်လုံး ပြန်ရောက်လျှ

"မောင်တို့ညီအစ်ကို အခုရှိနေလားဟင်"

အသင်သိချင်တာကို လေသံနဲ့ အားကိုးတကြီးမေးသည်။ ပ တံခါး မသိမသာ သက်မ,ချကာ စားပွဲပေါ်က မြင်းရုပ်လေးကို လှမ်းဝေ လိုက်၏။ အသင် မြင်းရုပ်လေးကို တယုတယပွေ့ကိုင်မိလျှင် ထိုညီအ ကိုကို မြင်ချင်စိတ်နဲ့ လွမ်းဆွတ်လာသည်။

"ပြောလေ၊ ဖေဖေနဲ့မောင် တွေ့ပြီးပြီပေါ့ ဟုတ်လား၊ ဘာတွေ ပြောကြလဲဟင်"

ပန်းတံခါး မျက်နှာလေးမကောင်း ဖြစ်သွားသည်။ တစ်ဖက် လှည့်လျှင် –

"ပြောလေ ပန်း၊ ဖေဖေနဲ့မောင် တွေ့တော့ စကားပြော အဆင်ပြေရဲ့လားဟင်"

"သမီး"

အသင် မေးသံမဆုံးခင် ခေါ်သံနဲ့အတူ အန်တီမေ အိပ်ခန်း





ာက်လာချေပြီ။ ပန်းတံခါး ခုမှ အသက်ရှူချောင်ကာ –

ပန်းကို အတင်းအကျပ်မေးနေတဲ့ အသင့်မေးခွန်းတွေ အန်တီ ဆီ ဦးလှည့်သွား၏။

"အန်တီမေ ဖေဖေနဲ့ မောင် ဘာတွေပြောကြလဲဟင်"

ဒေါ်အလင်းမေ ချော့မော့နှစ်သိမ့်လိုသော အမူအရာလေးနှင့် ဖားလျားဖြစ်နေတဲ့ သမီးဆံပင်ကိုသ,ကာ ဘေးကပ်ထိုင်ချပြီး–

"သမီးရယ် သမီးဖေဖေဟာ စိတ်သဘောထား ဘယ်လောက် ာင်းသလဲဆိုတာ သမီးအသိပဲ၊ အခု သမီးနဲ့ ခေတ်သစ် မေတ္တာမျှတဲ့ ဟာ ရိုးရိုးသားသားမဟုတ်ဘူး"

"ဘယ်လို"

အသင်မေးတော့ ဒေါ်အလင်းမေ ဝိဝိရိရိပြုံးပြ၍–

"ဟုတ်တယ် သမီး၊ သမီးဖေဖေ ခွေးတွေပိုင်းကိုက်ခံရတုန်းက ညီတာ ခေတ်သစ်ပဲ၊ ဒါပေမဲ့ သမီးဖေဖေ ကျေးဇူးတင်လို့ ပေးကမ်း ကို မာန်နဲ့ ကျောခိုင်းသွားတယ်လေ၊ ဒါတင်မကဘူး၊ သမီးဖေဖေရဲ့ ညာကောင်းကင်စင်တာမှာလည်း ဝန်ထမ်းလုပ်ဖူးတယ်၊ သမီးဖေဖေ စည်းအဝေးခန်းမထဲမှာ မထင်မှတ်ဘဲ ပြန်ဆုံကြတယ်၊ အဲဒီက က အလုပ်ပါ ထွက်သွားတယ်လေ၊ ဒါ ဘာကြောင့်ဆိုတာ ထင်ရှား ပဲ အဲဒီနောက်ကမှ သမီးနဲ့ဖြစ်အောင် ဖန်တီးပြီး"



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်တာတွေ"

အသင် ဝုန်းခနဲ ထငြင်း၏။ ပွေ့ချီထားတဲ့ မြင်းရုပ်လေး လွတ်ကျမလိုဖြစ်လို့ ပန်းတံခါး ကမန်းကတန်း လက်ပြောင်းယူလေသ

"သမီး"

ဒေါ်အလင်းမေ အသင့်ကို ချော့ချော့မော့မော့ခေါ်၏။ အသ လက်ဖဝါးကိုလည်း တယုတယ ဆွဲယူလျှင် -

"ဟင့်အင်း အသင် မယုံဘူး၊ အသင်နဲ့မောင် ချစ်သူဖြစ်ခဲ့ ဘာဖန်တီးချက်မှ မပါဘူး အန်တီမေ၊ မထင်မှတ်ဘဲ ဆုံတွေ့ပြီး ချ ဖြစ်ခဲ့တာလေ၊ နေဦး ဖေဖေ့ကို အသင်ပြောမယ်၊ အခုပဲ ပြောမ

"ဟဲ့ သမီး နေဦး"

"မနေဘူး၊ ပြောမယ်၊ ဟင့် ဟင့် ဟင့်"

အသင်ပြောရင်း အန်တီမေ တားနေရင်းကြားက ဖွတ် သွား၏။ ရင်ထဲမှာ ထိခိုက်စွာလည်း ငိုချ၏။

"ဟီး ဟီး ဖေဖေ၊ အား"

ငိုသံတွေနောက်က ခေါ်သံမဆုံးခင် အခန်းအပြင် ရော သေး အားခနဲဖြစ်ကာ -

"သမီး"

မိုက်ခနဲဖြစ်သွားတဲ့ ခေါင်းထဲမှာ အသင့်မျက်ဝန်းမှာ အ





ရောင်တိမ်တိုက်ကြီး မှောင်ကျသလိုဖြစ်လျက် -

"အသင်"

အသင့်ကိုယ်လုံးလေးက ပျော့ခွေယိုင်ကျသွားလျှင် ဒေါ်အလင်းမေနဲ့ ပန်းတံခါး အပြေးအလွှား ဆွဲပွေ့လေပြီး -

"အသင်"

"သမီး သမီး၊ အသင် သမီးလေး"

ခေါ်သံတွေလည်း တုံ့ပြန်မထူးနိုင်တော့ပါ။ ထိုအခါ ဒေါ်အလင်းမေ စိုးရိမ်သွားကာ -

"ပန်းရေ ဒေါက်တာကို ဖုန်းဆက်စမ်း"

"ဟုတ်"

"ဒေါ်ရွှေ၊ စုပုံ၊ ဝင်းအိ လာကြစမ်း"

ဖုန်းသံနဲ့ ခြေသံတွေ တစ်တိုက်လုံး ပျံ့နှံ့လို့သွား၏။ အားလုံးကိုယ်စီ ရင်ထဲမှာ အသင့်ကိုစိုးရိမ်ကာ အသင့်ကိုယ်လေး ဝိုင်းမပြီး မွေ့ရာပေါ်တင်၏။ ဒေါ်အလင်းမေ သမီးကိုယ်လေးကို မလွှတ်ရက်၊ ကလေးတစ်ယောက်လို ပွေ့ထားလျက်နဲ့ ထပ်တလဲလဲခေါ်နေမိသည်။

"သမီး"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ခေတ် မင်းစိတ်ထဲ ဘယ်လိုရှိလဲတော့ မမစိမ်း မသိဘူး။ ဘော့စ်ကတော့ မရိုးသားဘူးလို့ တစ်ထစ်ချ ယုံကြည်နေတယ်"

"ဒါတင်ပဲလား"

"ဘယ်ဟုတ်မလဲ၊ မင်းကို ကျေးဇူးတင်လွန်းလို့ ငွေဆယ်သိန်း ပေးတာကို လက်မခံတာ မာနကြောင့်ဖြစ်ဖြစ် ရိုးရိုးသားသားဖြစ်ဖြစ် ဘော့စ်ရင်ထဲမှာ ရှုးရှုးရှဲရှဲကျန်ခဲ့တယ်၊ နောက်ပြီး စင်တာကနေ ခေတ် ထွက်သွားတုန်းက 'ငွေကြေးနဲ့တုံ့ပြန်တတ်တဲ့ ဦးရဲ့စိတ်ရင်းကို မနှစ်မြို့လို့' ဆိုတဲ့ စကားဟာ ဘော့စ်အပေါ်မှာ အမြိုးအတေးထားတဲ့ သဘော သက်ရောက်တယ်လို့ ဘော့စ် ယူဆလိုက်တာပဲ၊ ဘာပဲဖြစ်ဖြစ် ဘော့စ် ပေးတဲ့ ငွေကို လက်မခံရင်တောင် မင်းကို မမစိမ်းစင်တာ ပြန်လာခဲ့ဖို့ ခေါ်ကတည်းက မင်း လာလိုက်ရင် ဘော့စ်ရင်ထဲက အယူအဆတွေ





ပြောင်းလဲသွားမယ်လို့ မမစိမ်း ထင်တယ်၊ ခုဟာက ပိုပြီးအရှိန်တက်တဲ့သဘော ဖြစ်သွားတယ်လေ"

"အဟွန်း ဒီမှာ မမစိမ်း မမစိမ်းဘော့စ်က သူ့အယူအဆနဲ့သူ သံသယဖြစ်ပြီး ကျွန်တော့်ကို စွပ်စွဲတာ၊ အဲဒီစွပ်စွဲချက်က ကျွန်တော့် ကိုယ်ကျင့်တရားနဲ့ စာရိတ္တကို ချေမှုန်းပစ်တာနဲ့ အတူတူပဲ"

ကြားဝင်လာပြောနေရတဲ့ ဒေါ်ရွှက်နုစိမ်း ဦးနှောက်ပူကာ မီးဆတောက်ချင်ချင် ဖြစ်နေသည်။

မြစ်ရိုင်းတွေပေါ် ဖြတ်တိုက်လာတဲ့ လေပြည်က နှစ်ယောက်သားကြားမှာ ဖြတ်ပြေးသွားပေမယ့် အေးမြမှုကို မခံစားနိုင်။

"မဟုတ်သေးဘူးထင်တယ် ခေတ်ရယ်"

"မမစိမ်း ဘယ်သူ့ဘက်ကမှ အယူခံမဝင်ပါနဲ့၊ မမစိမ်း ကျွန်တော့်ဆီ ရောက်လာတာ မမစိမ်းဘော့စ်ရဲ့အလိုအတိုင်း မဟုတ်လား၊ သူက ဘာဖြစ်ချင်သတဲ့လဲ၊ ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်၊ အားမနာပါနဲ့"

ခေတ်သစ် ထိုသို့ပြတ်သားနေသည်။ ဒေါ်ရွှက်နုစိမ်းက ဒေါသထိုက်မြင်နေရတဲ့ ခေတ်သစ်ကို အတန်ကြာကြည့်မိ၏။ ပြီးတော့ ခေတ်ဆီသို့ လှမ်းလာရင်း -

"ခေတ်ရယ် အယူအဆလွဲနေရင် ညှိရခက်တယ်ကွဲ၊ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



မညာတတ်ဘူးဆိုတာ မမစိမ်းသိတယ်၊ ဒါပေမဲ့ ဘော့စ်က မင်းအပေါ် လုံးဝအယုံအကြည်မရှိဘူး၊ ဘော့စ်အပေါ် အငြိုးအတေးရှိနေတဲ့ ခေတ် ဟာ ကျားချောင်းချောင်းနေတယ်၊ အလစ်ရရင် ချေပစ်မယ်ဆိုတဲ့ အတွေး နက်နက်ရှိနေတယ်လို့ စွပ်စွဲချင်တယ်၊ အဲဒီနောက်ဆက်တွဲ ခေတ်ရဲ့ တုံ့ပြန်ချက်က အသင်လေးရဲ့နှလုံးသား ဖြစ်နေတယ်တဲ့''

''တော်စမ်းပါဗျာ''

ခေတ်သစ် အသံနက်ကြီးက မြင်းဖောင်းတစ်ခုလုံး ပြန့်ကျ သွား၏။ ဒေါ်ရွှက်နုစိမ်း ပြောလက်စစကားကို ချက်ချင်း ဘရိတ်အုပ် လိုက်သည်။

ခေတ်သစ်က နာကျင်နေတဲ့မျက်ဝန်းနဲ့ ဒေါ်ရွှက်နုစိမ်းကို စိုက် ကြည့်ပြီး –

''ဒီမှာ မမစိမ်း၊ မမစိမ်းရဲ့ဘော့စ်က လုပ်ငန်းကိစ္စတိုင်း ထွင်းဖောက်မြင်တတ်တဲ့ စွမ်းရည်ကောင်းရှိတာ မှန်တယ်၊ ဒါပေမဲ့ ကျွန် တော့်အပြုအမူနဲ့ ကျွန်တော့်စိတ်အပေါ် ထွင်းဖောက်မြင်နေတာ တ တက်စင် လွဲနေတယ်ဗျ၊ သူ့ဘက်က လွဲတဲ့ကိစ္စကို ကျွန်တော့်ဘက် ဘာဖြေရှင်းချက်မှ ပေးနေစရာမလိုဘူး၊ ဒါကြောင့် ကျွန်တော် လှည့်ပြန် တာ၊ ဒါတောင် သူ မကျေနပ်နိုင်သေးတာ၊ ကျွန်တော့်ကို ဘယ်လိုစကား လုံးတွေနဲ့ နောက်ထပ် စော်ကားမလို့လဲ''





ဒေါ်ရွှက်နုစိမ်း ခေါင်းတွင်တွင်ယမ်း၏။ ခေတ်သစ် ကုပ်ပေါ် ဝဲကျနေတဲ့ ဆံပင်တွေကို ခပ်ကြမ်းကြမ်းပဲ နောက်ဘက်ရောက်အောင် လက်နဲ့ခါထုတ်လျက် ဆက်ပြောသည်။

''ကျွန်တော့်စိတ်က တစ်မျိုးဗျ၊ လူတစ်ယောက်ရဲ့ အရိုးခံလုပ် ရပ်ကို ငွေကြေးနဲ့ ရှင်းတမ်းလုပ်လေ့ရှိတဲ့ စိတ်ဓာတ်ပိုင်ရှင်မျိုးကို ဝေး ဝေးက ရှောင်လေ့ရှိတာ ကျွန်တော့်ဝါဒပါ၊ ကျွန်တော့်ဝါဒထဲမှာ ဘယ်လို လူမျိုးအတွက်မှ အငြိုးအတေးထားမယ်ဆိုတဲ့ စိတ်ဓာတ်အဆင့်အတန်း အောက်ချမထားဘူး၊ ရင်မဆိုင်ချင်လို့ ရှောင်ထွက်ခဲ့တာလည်း ရိုးရိုးသား သားပဲ၊ အသချေ်ကိုချစ်ခဲ့တာလည်း စင်စင်ကြယ်ကြယ်ပဲ၊ ဒါကို ခုတုံး လုပ်တယ်လို့ စွပ်စွဲတာ ကျွန်တော် ဘာမှမတတ်နိုင်ပါဘူး၊ အေး ကျွန်တော် တတ်နိုင်တာ တစ်ခုတော့ရှိတယ် မမစိမ်း''

လက်ညှိုးတစ်ချောင်းထောင်ပြီး ပြောနေတဲ့ ခေတ်မျက်နှာမှာ ခံစားချက်တွေကို ဖုံးဖိမျိုချကာ ဘာကိုမှ မငဲ့လိုတဲ့ အသိတရားနဲ့ ပြတ် သားနေတယ်လို့ ဒေါ်ရွှက်နုစိမ်း ယူဆမိ၏။

''ဘာ ဘာလဲဟင်''

ဒေါ်ရွှက်နုစိမ်း သိစိတ်လောလောဖြင့် မေး၏။ ခေတ်သစ် မျက်နှာ မော့၏။ ထို့နောက် မာနသံစွက်ကာ နာကျင်ရှုံ့မဲ့စွာ တစ်ချက် ရယ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"အသင့်ကို ကျွန်တော် လုံးဝမဆက်သွယ်တော့ဘူး"

"ဟင်"

"မမစိမ်းဘော့စ်က သူ့သမီးနဲ့ ဖြတ်လိုက် ပြောဖို့ မမစိမ်းကို လွှတ်တာ မဟုတ်လား"

"စိမ်း ကိုယ်ပြောလိုက်မယ်၊ ဒီကောင့်စိတ်ကို ကိုယ် လုံးဝ ယုံကြည်လို့ မရဘူး၊ ကိုယ် မယုံနိုင်တဲ့သူက သမီးကို ပစ်မှတ်ရွေးချိန် လိုက်တာ ကိုယ် အနာဆုံးပဲ၊ သူ့ရဲ့ကျေးဇူးကိုတော့ ကိုယ်တစ်သက် မမေ့ဘူး၊ ဒါပေမဲ့ ဒီကိစ္စကို ဘယ်နည်းနဲ့ဖြစ်ဖြစ် အပေးအယူလုပ်ပြီး ရှင်းခဲ့၊ ကိုယ်လိုချင်တာ သမီးကို အဆက်အသွယ်ဖြတ်ပစ်ဖို့ ဒါပဲ"

ပြတ်တောက်နေတဲ့ ဘော့စ်ရဲ့စကားလုံးတွေ ဒေါ်ရွှက်နုစိမ်းနား ထဲ တဒိုင်းဒိုင်း ဆောင့်ဝင်လာသည်။

"ဦးအလင်းတန်းစိတ်ကို ကျွန်တော် ဖတ်တတ်ပါတယ်၊ စိတ်ချ ပါ၊ ကျွန်တော် မဆက်သွယ်ပါဘူး၊ မဆက်သွယ်ပါဘူးဗျာ"

ကောင်းကင်ပြာကို မော့ကြည့်ရင်း လေးတွဲ့တုန်ခါစွာပြောတဲ့ ခေတ်စကားလုံးတွေဟာ ဒေါ်ရွှက်နုစိမ်းနှလုံးသားကို လှုပ်ခါသွားစေသလို ဝမ်းနည်းခြင်းတွေလည်း ဖြစ်တည်သွားသည်။

တိမ်ပြာ တိမ်ညိုတွေ မှိုင်းအုံနေတဲ့ ကောင်းကင်ပြင်ဟာ ခေတ်သစ်မျက်နှာပေါ်က ခံစားချက်တွေအတိုင်း ညှို့မှိုင်းလို့နေသည်။





"ခေတ်ရယ်"

ဒေါ်ရွှက်နုစိမ်းရင်ထဲမှာ မခံစားနိုင်တော့ပါ။ ဝမ်းနည်းဆို့နင့်စွာ ရေရွှတ်လျက် တစ်လှမ်းချင်း ဝေးရာထွက်ခွာသွားတဲ့ ခေတ်သစ် ခြေလှမ်း တွေနောက် ပါသွားဖို့ ခဲယဉ်းကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

စိမ်းမှောင်သောတောအုပ်၊ စိမ်းလန်းတဲ့တောင်တန်းနဲ့ လှဲလှဲ ပြာစိမ်းမြနေသော သဘာဝဆန်ဆန် ခြံရံထားတဲ့ မြင်းဖောင်းက သူတို့ မိသားစုအတွက် ဘယ်အချိန်ကြည့်ကြည့် ခွန်အားနဲ့ ရှင်လန်းမှုကို ဖြစ်စေခဲ့သည်။

ခုတော့ လေပြည်တွေ မအေးနိုင်။ ကျေးငှက်တွေရဲ့တေးဆိုသံ ပင် မချိုမြိန်နိုင် ခံစားရလေသည်။ ဘာကြောင့်လဲဆိုတော့ သူတို့သား ကြီးရဲ့နှလုံးသား ပူလောင်မှုတွေ မြင်ရ သိရှိခံစားရကတည်းကလေး

အစားအသောက်လည်း မစား။ ချွေးချွေးငေးငေးနဲ့ တစ်ကိုယ် တည်း တောတန်းမှာ သွားထိုင်နေလေ့ရှိသလို ငြိမ်းထက်ရောက်လာရင် လည်း နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ်ပြောကြရင်း မျက်နှာပျက် ပျက်နေလေ့ရှိသည်။





ဘာကြောင့်လဲ။ မိဘအနေနဲ့ အတတ်နိုင်ဆုံး မေးမြန်းကြည့်ပါ သေးသည်။

"သား သားရင်ထဲမှာ ဘာတွေဖြစ်နေလဲဟင်"

"အဟင့်၊ ဘာမှမဖြစ်ပါဘူး အမေရယ်"

မျက်နှာလွှဲရင်း ပြောသည်က တစ်ခုခုဖြစ်တာ သေချာလေပြီ။ ဘုတ်တယ်လေ။ သူမသားက ဒီလို တစ်ခါမှ မဖြစ်ဖူးပါ။

ဒေါ်ရွှက်နုစိမ်း ရောက်လာပြီး ပြောသမျှက သားရဲ့နှလုံးသား ကိစ္စဆိုတာ သဘောပေါက်နေသည်။ သားရဲ့နှလုံးသားကိစ္စကို မိဘဘက် က တတ်စွမ်းသမျှ ကူညီဖြည့်စွမ်းပေးဖို့ မိဘနှစ်ပါး တိုင်ပင်ပြီးသား ဖြစ်သည်။ ဒါကြောင့်မို့ မိခင်ဖြစ်သူ ဒေါ်အိမ်စိုး နိဒါန်းသွယ်မနေတော့ပါ။ ရှင်းရှင်းဘွင်းဘွင်းပဲ ပြောလေ၏။

"သား ဘာမှမဖြစ်ဘူးဆိုပေမယ့် အမေ သိသင့်သလောက် သိပါတယ်ကွယ်၊ တစ်ခုတော့ရှိတာပေါ့ သားရယ်၊ အမေတို့က ဒီလိုနေ တယ်၊ ဒီလိုထိုင်တယ်ဆိုပြီး ခပ်နုံနုံ ခပ်ချာချာထင်ပြီး သားကို တစ်ဖက်က ငြင်းဆန်တယ်ဆိုရင် အမေ သွားတွေ့မယ်လေ၊ သားကို သူတို့လက်ခံဖို့ တောင်းဆိုသမျှ အမေပေးနိုင်တယ် သားရဲ့"

ခေတ်သစ် ခေါင်းယမ်းကာ မလုံတဲ့စိတ်နဲ့ ကွပ်ပျစ်ပေါ်က ဆင်းခဲ့၏။ အမေကလည်း လိုက်ဆင်းလာပြီး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာသား အမေတို့မှာ အတွင်းပစ္စည်းက ထုနဲ့ထည်နဲ့ရှိ သားအသိဆုံးပါကွယ်၊ အမေတို့က သဘာဝဆန်ဆန် နေကြထိုင်ကြ ကိုကြည့်ပြီး ပကာသနနဲ့ အရှိန်အဝါကြီးကြီးနေသူတွေ တစ်မျိုးမြင် မဆန်းပေမယ့် သားအတွက် လိုအပ်တဲ့ပကာသနကို အမေ ပေး တယ်၊ ပေးဖို့လည်း အဆင်သင့်ပဲ၊ သူတို့ ဘယ်လောက်တောင်းဆို လဲ၊ ပြောလေ သား"

"မဟုတ်ဘူး အမေ၊ သူတို့ ဘာမှမတောင်းဆိုဘူး"

"ဒါဆို သားက ဘာဖြစ်လို့ မစားနိုင်မသောက်နိုင် တမှိုင် ဖြစ်နေတာလဲဟင်၊ သားအဖေလည်း ဒါပဲမေးနေတယ်ကွဲ့၊ ပြော ပါ သားရယ်၊ သားပြောမှ အမေတို့ သိရမယ်လေ၊ မဟုတ်ဘူးလား"

ခေတ်သစ် သက်မ,ချလေသည်။ မျက်လုံးက အံ့ဆိုင်းမှော နေတဲ့ တောအုပ်ဆီ ငေးရီရီလှမ်းကြည့်မိလျှင် ရင်မှာ မွန်းကျပ် သွားသည်က အကြောင်းမဲ့မဟုတ်ပါ။

စားလို့သောက်လို့မရတာ သွားဖုံးနဲ့ လည်ချောင်းမှာ လိုက် ပြီး အနာဖုလေးတွေ ဖြစ်နေခဲ့သည်။ ဆရာဝန်နဲ့ပြကြည့်တော့ သော ဆေးတွေ ပေးပြီး ကွမ်းမစားနဲ့လို့ တားမြစ်၏။

ဆရာဝန်မှာထားတဲ့အတိုင်း ကွမ်းမစားဘဲနေသော်လည် မသက်သာ။ သောက်ဆေးအရှိန်ပြယ်တာနဲ့ ကိုက်ခဲလာသည်။





ဒါနဲ့ ခံတွင်းပါရဂူနဲ့ ပြသတော့ ပါရဂူက အနာကို စစ်ဆေး ယ်ပေ့။ အနာစည့ုပ်ပြီး ဓာတ်ခွဲခန်းပို့ထား၏။ ဓာတ်ခွဲခန်းက ထွက်လာ တဲ့အဖြေက။ ဟင့်အင်း မိဘကို အသိမပေးရက်ပါ။

မိဘနှစ်ပါး စိတ်ထိခိုက်သွားလို့မဖြစ်ပါ။ ပြီးတော့ ကလေးသာ သာမျှသာ ရှိသေးတဲ့ ညီငယ်ကိုလည်း ငဲ့ကာ နှုတ်ပိတ်ခဲ့သည်။ အမေက ဒါကို တစ်မျိုးထင်ကာ။ ထင်မယ်ဆိုလည်း ထင်လောက်စရာတွေက ဖြစ်လာတာကိုး။

ခေတ်သစ် တစ်ခုခုပြောမှာကို ငေးကြည့်နေတဲ့ အမေ့ကိုလည်း သနားလှသည်။

"အမေရယ်"

ခေတ်သစ် နက်နက်ရှိုင်းရှိုင်း ရွတ်ကာ တောအုပ်ဆီမှ မျက်လုံး ကို အမေ့ဆီပို့၏။ ဆံပင်ဖြူနေပြီဖြစ်သော်လည်း အမေ့ပုံစံက ပြည့်ဖြိုး သွက်။

မိခင်မေတ္တာစိတ်အပြည့်နဲ့ အမြဲတမ်းလန်းဆန်းတက်ကြွနေတဲ့ အမေ။ မျက်နှာဝိုင်းပြည့်ပြည့်က သားတွေအပေါ် အကြင်နာကြီးလှစွာ။ မျက်ဝန်းအစုံက နူးညံ့သိမ်မွေ့ခြင်းတို့နဲ့ တောက်ပလျက်။ ခေတ်သစ် ပုံသားကို ဖောက်ထွင်းမြင်နိုင်တဲ့ မေတ္တာစွမ်းအားနဲ့ စိုက်ကြည့်တဲ့ အခါ ခေတ်သစ်ရင်ထဲမှာ ဟန်ဆောင်မျိုသိပ်နိုင်စွမ်း မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖွံ့တုတ်တုတ်ဖြစ်သော လက်ဖဝါးဖောင်းဖောင်းကို ဆုပ်ကိုင်ကာ အမေ့ပခုံးထက် မျက်နှာလေးမှောက်ငိုလေပြီ။

"သားရယ် သား ဝမ်းနည်းစရာမလိုပါဘူး။ စိန်တစ်ပြည် ဆေးရမယ်ဆိုရင်တောင် အမေက ရှောအင့်ပေးပြီး တင်တောင်းပ့ါမယ်ကွယ်နောက် . . . သား တိတ် တိတ်"

ဒေါ်အိမ်စိုး သားဖြစ်သူရဲ့ပခုံးကျယ်ကြီးကို တဖွဖွပုတ်၍ ချော့လေသည်။

"သားငယ်ပြောပြလို့ အမေ သိနေပါတယ်ကွယ်"

ကြင်နာသံနှင့် လှိုက်လှိုက်လှဲလှဲဆိုနေတဲ့ အမေ့ပြောစကားနောက်မှာ ခေတ်သစ် နှလုံးသား အရည်ပျော်လျှက်။

မျက်ရည်တို့ တဖျောဖျောစီးကာ။

✿ ✿ ✿



## အခန်း (၃၃)

"သမီး"

ရင်ထဲက ခေါ်သံက အပြင်ထိထွက်လို့မလာပါ။ ဦးအလင်းတန်းမျက်တောင်များပင် မခတ်နိုင်။ ဆေးရှိန်ကြောင့် အိပ်ပျော်နေရှာတဲ့ သမီးကို တစိမ့်စိမ့်ကြည့်ရင်း သမီးအတွက် မေတ္တာ၊ အကြင်နာတွေ ပြည့်လျှမ်းလာသလို။

တွေးရင်းလည်း စိုးရိမ်စိတ်တို့ ထိထိရှရှခံစားရလေပြီ။ စင်းချထားတဲ့ မျက်လွှာကြောင့် ညိုကော့သော မျက်တောင်ရှည်များက သွေးရောင်လွှမ်းသော ပါးပြင်ပေါ် အရိပ်ဖြာလျှက်။

ပြည့်စူနေသော နှုတ်ခမ်းနှစ်လွှာ ဖွင့်လှစ်ပြီး ပြောလိုက်တဲ့ စကားမှန်သမျှ ဖြည့်ဆည်းပေးရှာတဲ့ ဖခင်နှလုံးသားမှာ ဒီတစ်ခါ အခံစား ခုံးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဝါကယ်ဆို သမီးလေးဟာ ခေတ်သစ်ဆိုသူနဲ့ မတွေ့ခဲ့ဖို့ ကောင်းသည်။ သမီးကို အရိပ်လိုလိုက်ကြည့်နေရင်းကြားက ခေတ်သစ်နဲ့ ချစ်သူဖြစ်သွားတာ အင်မတန် အံ့ဩဖို့ကောင်းလှသည်။ ဒါပေမဲ့ ဘယ်နည်းနဲ့မှ ဦးအလင်းတန်း လက်မခံနိုင်ပါ။

ဘယ်သူဘယ်ဝါရယ် မခွဲခြားဘဲ ကူညီတတ်တဲ့ ခေတ်သစ် စရိုက်ကို သဘောကျပေသည်။ ချီးကျူးထိုက်ပေသည်။ သို့သော် ကျေး ဇူးတင်လွန်းလို့ တုံ့ပြန်မိတဲ့အဖြစ်ကို လက်မခံသည်က ဦးအလင်းတန်း ရဲ့စိတ်ကို အရှက်ရစေတယ်။

ငွေကြေးပမာဏဆိုတာ ဦးအလင်းတန်းအတွက် မခန်းခြောက် နိုင်တဲ့ သမုဒ္ဒရာလို ဝိုင်းဝိုင်းလည်နေသည်။ ဘာကိစ္စဖြစ်ဖြစ် ဦးအလင်း တန်း ငွေကို ရက်ရက်ရောရော ထုတ်သုံးပစ်လေ့ရှိသည်။

သူ့ကို ကူညီခဲ့တဲ့ကိစ္စမှာလည်း ခေတ်သစ်ကို ကျေးဇူးတင်လွန်း လို့ ထုံးစံအတိုင်း ငွေဆယ်သိန်းကို ကိုယ်တိုင်လိုက်ပေးခဲ့သည်။ ဒါကို လက်မခံတဲ့အပြင် ကိုယ့်ထံပြန်ပစ်သွင်းပေးခဲ့တဲ့ ခေတ်သစ်။

ဦးအလင်းတန်း ပြန်ခံစားမိတိုင်း ရင်မှာ တနုံ့နုံ့နဲ့ တင်းမာနေ မိသည်။ သားအရွယ်လောက်သာရှိတဲ့ လူငယ်တစ်ယောက်က သူ့အပေါ် ထိုသို့ တုံ့ပြန်လေခြင်းဆိုတဲ့အသိနဲ့ ရှက်စိတ်က ရင်တစ်ခုလုံးကို နာကျင် စေခဲ့ပြီ။





ဘယ်တော့မှ ပြန်မဆုံပါစေနဲ့။ ဆုတောင်းနဲ့ နေလာခဲ့တာ။ [illegible]ဆင်မှတ်ဘဲ အစည်းအဝေးခန်းထဲမှာ မြင်လိုက်ရရော ဦးအလင်းတန်း [illegible]မြေမဆည်နိုင် အမှုအရာပျက်ကာ လုပ်ငန်းဆိုင်ရာကိစ္စ ရှင်းလင်းပြဖို့ [illegible]ကြိုးစားလာတဲ့ ခေတ်သစ်ကို သူ မတွေ့မမြင်လိုတော့ပါ။

ဒါကြောင့် ထွက်သွားဖို့အမိန့်ပေးခဲ့သည်က လောလောဆယ် သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းသိမ်းနေနိုင်ဖို့ဖြစ်သည်။ သူ့အမိန့် [illegible]အတိုင်း ခေတ်သစ် ထွက်သွားပါသည်။

ဒါပေမဲ့ ဦးအလင်းတန်းခေါင်းထဲမှာ အတွေးတွေရှုပ်ထွေးနောက် [illegible]ကာ အစည်းအဝေးခန်းထဲမှာ အရင်လို အချိန်ပြည့်နေလို့မရတော့ပါ။ [illegible]စိတ်က ခေတ်သစ်ဆီရောက်လျက်။

ခေတ်သစ်က အရည်အချင်းရှိသလို လူတော်လို့ သတ်မှတ်လို့ [illegible]ပါတယ်။ အနုပညာကောင်းကင်စင်တာကို ဘော့စ် အားမရပေမယ့် [illegible]ခြားစီးပွားရေးလုပ်ငန်းတွေထက် အကျိုးရလာဒ် အောက်ကျတာ မရှိ [illegible]ဘူး။

ဒီလိုအောက်ကျမသွားတာက ခေတ်သစ်ရဲ့အတွေးလှလှလေး [illegible]တွေကြောင့်ပါ။ ဥပမာ အနုပညာရပ်နဲ့ဆိုင်တဲ့ တူရိယာပစ္စည်းက ဘယ် [illegible]အရည်အသွေးရှိတယ်။ ဘယ်တုန်းက ဘယ်သူက တီထွင်ပြီး ဘယ်အချိန် [illegible] အောင်မြင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအနုပညာမျိုးအတွက် ဘယ်ပစ္စည်းက ဘယ်လိုနေရာမှ သုံးရင် ဘယ်လိုအကျိုးရှိတယ်ဆိုတဲ့ အချက်အလက်ဆိုင်ရာတွေကို စနစ်တကျလေ့လာမှတ်သားပြီး Customer စိတ်ထဲစွဲသွားအောင် ရှင်း တဲ့နည်းနဲ့ ဈေးကွက်ထဲ ဖောက်ဝင်တဲ့နည်းတစ်မျိုးကြောင့်ပါ။

စိမ်းက ခေတ်သစ်ရဲ့ လုပ်နည်းကိုင်နည်းလေးတွေနဲ့ စင်တာ အတွက် တာဝန်ထမ်းခဲ့တာ တကယ့်ကို ကိုယ်ဖိရင်ဖိပဲလို့ ခဏခဏပြေ ဖူးပါတယ်။ ဦးသက်တန့်ကျော် အစည်းအဝေးခန်းထဲမှာ ထိုသို့ပြောသည်

"ဟုတ်ပါတယ် ဘော့စ်၊ စိမ်းပြောမယ်ဆိုလည်း ပြောလောက် ပါတယ်၊ ဒီသူငယ်က သာမန်ဝန်ထမ်းတစ်ယောက်လို တာဝန်ကျေယုံ ဆောင်တာမျိုးမဟုတ်ဘူး၊ တိုးတက်ဖို့ ရှေးရှုပြီး ခွန်ပြည့်အားပြည့် ထမ်း ဆောင်တဲ့ ထူးချွန်ဝန်ထမ်းအဆင့်ရှိတဲ့ သူငယ်လေးပါ၊ ရှေ့ဆက်ပြီးလည်း အလားအလာ အများကြီးရှိနိုင်ပါတယ်၊ အထူးသဖြင့် ဘော့စ်စိတ်အင် အတိုင်း အနုပညာကောင်းကင်စင်တာ တိုးတက်အောင်မြင်ဖို့အတွက် ခေတ်သစ်ဆိုတဲ့သူငယ် လိုအပ်တယ်လို့ ကျွန်တော်လည်း ယူဆတာ ဒီလိုယူဆတာကလည်း အကြောင်းမဲ့ မဟုတ်ပါဘူး၊ အနုပညာကောင်း ကင်စင်တာနဲ့ပတ်သက်ပြီး စိမ်းရဲ့အစီရင်ခံစာတွေက သက်သေထူ ပါတယ်"

စက်မှုလုပ်ငန်းတာဝန်ခံ ဦးတောက်ထွန်းကလည်း ဆိုလေသည်





ခေတ်သစ်ဆိုတဲ့ လူငယ်အပေါ်မှာ လုပ်ငန်းဆိုင်ရာ လူကြီးအားလုံး အချက်အလက်နဲ့တကွ အခိုင်အမာ တင်ပြကြသည်။

စိမ်းရဲ့အစီရင်ခံစာအရလည်း ဒီသူငယ် အရည်အသွေးရှိမှန်း သိသာနေသည်။ ဒါကြောင့်မို့ ဦးအလင်းတန်း အစည်းအဝေးကို အချိန် ဆိုင်းလိုက်ရသည်။

ချက်ချင်းဆိုသလို အနုပညာကောင်းကင်စင်တာကို ကိုယ်တိုင် လာခဲ့သည်က ဖြစ်ပျက်ခဲ့သမျှ သင်ပုန်းချေလိုက်မယ်ဆိုတဲ့ စိတ်ကူး။

သူ့ရဲ့လုပ်ငန်းအောင်မြင်ဖို့ ဝန်ထမ်းကောင်းတစ်ယောက်ကို ကိုယ်ရေးကိုယ်တာကြောင့် လက်လွှတ်အဆုံးရှုံးမခံချင်လို့ ဖြစ်သည်။

သို့သော် -

"ငွေကြေးနဲ့ တုံ့ပြန်တတ်တဲ့ ဦးရဲ့စိတ်ရင်းကို မနှစ်မြို့လို့ ပါပဲ"

ဆိုပြီး ရင်ကော့ထွက်သွားတဲ့ သူငယ်။ သူ့ရဲ့ဝန်ထမ်းတွေရှေ့ မှာ သူ့ဂုဏ်သိက္ခာကို ထိပါးစေသလိုဖြစ်ပေမယ့် ဦးအလင်းတန်း စိတ်ကို နောက်တစ်ထစ် လျှော့ချမိပြန်သည်။

"ဒီသူငယ် စင်တာထဲ ပြန်ရောက်လာအောင် စိမ်း ကြိုးစား ပေးပါ"

ဟု ဦးအလင်းတန်းက တာဝန်ပေးခဲ့သည်၊ ဒေါ်ရွက်နုနီလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပါ၏။ ခေတ်သစ်က ကျောခိုင်းပြီးတာကို ပြန်လှည့်မကြည့်တာက သူ့အပေါ် အငြိုးကြီးနေလို့ကလွဲပြီး တခြားဘာဖြစ်နိုင်ဦးမှာလဲ။

ဦးအလင်းတန်း ထိုသို့ယူဆတာ မှားသလား။ သူ့ဘက်က လျှော့သလောက် တစ်ဖက်က တင်းနေတော့ နောက်ဆုံးဝန်ထမ်းကောင်း တစ်ယောက် ဆုံးရှုံးရလေခြင်းလို့ စိတ်မကောင်းတော့ ဖြစ်မိပါသည်။

ဒါလည်း ခဏပါ။ ကြာတော့လည်း မေ့တော့တော့ရယ်။ မေ့နေပြီးခါမှ ဟောတစ်ခါ ဘွားခနဲ ပြန်ဆုံရပြန်သည်။ သမီးရဲ့ချစ်သူတဲ့။

ဦးအလင်းတန်း ဘယ်လိုမှ စဉ်းစားတွေးခေါ်လို့ မရနိုင်တော့ပါ။ အတိတ်အကြောင်းကို အငြိုးမပြယ်နိုင်အောင် ဆုပ်ကိုင်ထားတဲ့ လူငယ်တစ်ယောက်လက်ထဲ သူ့ရဲ့တစ်ဦးတည်းသောသမီးကို မထည့်ရက်ပါ။ ထည့်လည်း မထည့်ပေးနိုင်ပါ။

သူ့အပေါ် ငြိုးခဲ့သမျှ သမီးလေးကို တစ်သက်လုံး ညှဉ်းပန်းနှိပ်စက်နေလျှင်။

ဒီအဖြစ်မျိုး ဦးအလင်းတန်း လက်မခံနိုင်ပါ။

အထူးသဖြင့် သူနဲ့ကိုယ့်ကြားက မပြယ်သေးတဲ့ အငြိုးအတေးအတွက် သမီးကို ဓားစာခံအဖြစ် မခံနိုင်။ လုံးဝ အဖြစ်မခံနိုင်ပါ။

ဒါကြောင့်မို့ ဖြတ်တောက်ပစ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု ယူဆကာ –





"ဖေဖေ့ကို နားလည်ပေးပါ သမီးရယ်"

အိပ်ပျော်လျက်ရှိတဲ့ သမီးလက်ဖဝါးနုနုကို ဖွဖွဆုပ်ကာ ဦးအလင်းတန်း နှုတ်ခမ်းလွှာနဲ့ ဖိကပ်ရင်း နှလုံးသားနဲ့ အသံတိတ် ပြောနေမိသည်။

နှလုံးသားထဲမှာတော့ သောကမီးခဲက အရှိန်ရဲရဲဖြစ်နေဆဲပေါ့လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"အနိတ်ီမေ"

လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်လျှပ်ခေါ်ရှာတဲ့ တူမချောလေး။ ဘာကိုပူဆာမလဲဆိုတာ ဒေါ်အလင်းမေ ကြိုသိနေတာမို့ မသိမသာ သက်မ,ချလေပြီ။

"ဘာပြောမလို့လဲဟင်"

"မောင်နဲ့ တွေ့ချင်တယ်"

မျက်လွှာလေးစင်းချကာ ဖွတ်တရှုတ်ပြောနေရှာတဲ့ သမီးကို အပြစ်တော့မတင်လိုပါ။ အချစ်ဆိုတာ ငယ်ရွယ်သေးတဲ့နှလုံးသားပိုင်ရှင်တို့အတွက် ရှုးသွပ်လောက်အောင် ညို့ယူဖမ်းစားနိုင်စွမ်းတဲ့ ခံစားချက် မဟုတ်ပါလား။

"အသင့်ကို တွေ့ခွင့်ပေးပါနော် အနိတ်ီမေ၊ ဟင့် ဟင့်"





ဒေါ်အလင်းမေစိတ်ထဲက မဖြစ်နိုင်ပါဘူးလို့ ပြောပေမယ့် လက်တွေ့မှာတော့ တူမချောအပါး ကပ်ထိုင်ကာ ကြင်နာစွာပဲ ပခုံးဖက်မိပြီး ရင်ခွင်ထဲဆွဲယူ၏။

လက်ချောင်းကလေးများနှင့်လည်း ဆံပင်များကို သပ်ပေးရင်း တိုးဖျော့ဖျော့ဆိုလေသည်။

"သမီးရယ် လောလောဆယ် သမီးရဲ့ကျန်းမာရေးက အရေးကြီးတယ်လေ၊ နော် သမီး"

"ဟင့်အင်း အသင်နေကောင်းနေတဲ့ဥစ္စာ"

"သမီးဖေဖေက"

"ဟင့်အင်း ဖေဖေပြောတဲ့အတိုင်း အသင် မယုံဘူး၊ အသင် တွေ့ချင်တယ်၊ တွေ့ချင်တဲ့စိတ်ပဲရှိတယ်၊ နော် အနိတ်ီမေ"

တနော်နော်နဲ့ ပူဆာနေတဲ့ သမီးကို လိုက်လျောပေးချင်ပါသည်၊ ဒါပေမဲ့ အဖြစ်အပျက်တွေက အငြိုးနဲ့မကင်းလေတော့ ဒေါ်အလင်းမေ အစ်ကို့နည်းတူပဲ စိုးရိမ်နေတာမို့ –

"သမီးရယ် သမီးနဲ့သူနဲ့တွေ့ဖို့ တာဆူနေရင် သမီးဂဲ ပိုခံစားရမယ်လေ မဟုတ်ဘူးလား"

"အနိတ်ီမေကလည်း တွေ့ချင်လို့ တွေ့လိုက်ရမယ်ဆိုရင် ဘာမှ မခံစားရတော့ဘူးလေ၊ တွေ့ချင်ရဲ့နဲ့ မတွေ့ရရင်ဘဲ ခံစားရမှာ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



အသင့်ရင်ထဲမှာ ပူနေတယ်၊ ဆူပွက်နေတယ်၊ ကြာရင် ပိုဆိုးသွားမှာပေါ့ လို့''

''ပိုဆိုးမသွားအောင် သတိနဲ့ ဆင်ခြင်ရမယ်လေ၊ သမီးက လူကောင်းမဟုတ်ဘူး။ နှလုံးရောဂါနဲ့၊ သမီးရောဂါအကြောင်း သမီးလည်း သိသားနဲ့''

''သိဘူး သိဘူး၊ ဟီး ဟီး''

အသခ်ျေ ပြောလို့မရတော့။ စိတ်ကဖြစ်တဲ့အတိုင်း ထိနိုက်စွာ ငိုချလေသည်။ ရင်ခွင်ထဲက ရှိုက်ထွက်ကာ မွေ့ရာပေါ် မှောက်နှာမှောက် ချကာ ရှုံ့မြင်းရုပ်လေးကို ပွေ့ပိုက်ရင်း တဟီးဟီးငိုနေသည်က မရပ်မနား ဒေါ်အလင်းမေ မဖြစ်ပါဘူးလို့ ခေါင်းယမ်းကာ –

''တိတ်ပါ သမီးရယ်၊ သမီးရောဂါက အဆိုးဝါးကြီးမဟုတ်ပေမယ့် စိုးရိမ်ရတယ်ဆိုတာ သမီးလည်း သိနေတာပဲကွယ်''

ဒေါ်အလင်းမေ တူမကျောပြင်ကို ပွတ်သပ်ချော့မော့ရင်း နား ဝင်အောင် ဖျောင်းဖျရှာသည်။ သို့သော် ချော့မော့လို့လည်း မရတော့ဘူး ထင်ရဲ့။ သမီးက ဖွတ်ဖြစ်နေသည်။

ဒီသမီးကို စိုးရိမ်လွန်းလို့ ပိုးမွေးသလို တယုတယမွေးလာရတဲ့ ကလေးမဟုတ်လား။ သမီးရဲ့မေမေ ပန်းလက်ာဟာလည်း ထိုရောဂါနဲ့ပဲ အသက်ပါသွားခဲ့တယ်လေ။





သမီးကိုမွေးပြီး နှစ်လပင်မပြည့်သေးပါ။ ခင်ပွန်းသည် ကား အက်စီးဒင့်နဲ့ဖြစ်တယ်ဆိုတဲ့ သတင်းလည်းကြားရော ရှော့ခ်ဖြစ်ပြီး ဘိုင်း ခနဲလဲကျကာ ကွယ်လွန်သွားခဲ့တဲ့အဖြစ်ရယ်။

အက်ဆီဒင့်နဲ့ဖြစ်တဲ့ ကိုကိုက ဘာမှဒဏ်ရာ ကြီးကြီးမားမား မဖြစ်ခဲ့သော်လည်း ဇနီးက ဆုံးပါးသွားတော့ ကိုကိုခမျာ ဖြေမဆယ်နိုင် အောင်ဖြစ်ကာ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်ရရှာတဲ့ ကိုကို့အတွက် ဒီသမီးလေးသာ အသက်ဆက်စရာဖြစ်လာခဲ့သည်။

သမီးလေးသာမရှိရင် ကိုကို ရူးသွားနိုင်သည်။ ဒါကြောင့်မို့ သမီးလေးကို အရိပ်လို လိုက်ပြီးစောင့်ရှောက်ခဲ့တာပေါ့။ သမီးသွားချင် တဲ့ဆီ သွား၊ လည်ချင်တဲ့ဆီ လည်၊ သူမကိုယ်တိုင် အနီးကပ်စောင့်ရှောက် ပေးခဲ့ရတယ်။

ထိုသို့စောင့်ရှောက်ပေးမှုလည်း ကိုကိုက စီးပွားရေးကို ကိုယ်ပိုင် ရှင်ဖို့ လုပ်နိုင်တဲ့အဖြစ်၊ ဇနီးမရှိတော့ ဒီသမီးသာ ကိုကို့ရဲ့အသက်။ ကိုကိုရဲ့ နှလုံးသား။ ကိုကိုတင်မကပါဘူး သားသမီးမထွန်းကားတဲ့ သူမရဲ့ အသက်နဲ့ နှလုံးသားဆိုလည်း မမှားပါဘူး။ တကယ်ပါကွယ်။ ခေတ်သစ် ဟာ ကိုကို့ကို အငြိုးမထားခဲ့ဘူးဆိုရင် ဘယ်လောက်ဝမ်းသာစရာ ကောင်းလေမလဲ။

ခုတော့ စိုးရိမ်သောကတွေပေးနေတဲ့ ခေတ်သစ်ကိုမှ သမီးက



www.burmeseclassic.com

www.burmeseclassic.com



တယုတယတွေ့ခွင့်တောင်းနေသည်။ လောလောဆယ် သမီးရဲ့ရောဂါကို လည်း ငဲ့ရဦးမယ်လို့ ဒေါ်အလင်းမေ ယူဆ၏။

ဖွဲ့နပဲကြီးစွာ ငိုဖနေတဲ့ သမီးပခုံးကို ဖွဖွဆုပ်ကိုင်ရင်း –

"ကဲပါ သမီးရယ် သမီးက တွေ့ချင်တယ်ဆိုလည်း အန်တီမေ ခွင့်ပြုပါ့မယ်ကွယ်၊ ဒါပေမဲ့ သမီးဖေဖေ သိလို့တော့ မဖြစ်ဘူးနော်"

"စိတ်ချပါ အန်တီမေရဲ့ ဟင့် ဟင့်"

သမီးက ရှိုက်ငိုရင်း ဆိုလေသည်။ ဒေါ်အလင်းမေ သက်မလေး ချရင်း –

"ခု လောလောဆယ် ငိုမနေနဲ့တော့နော်"

"ဟုတ်"

သမီးက မျက်ရည်တွေ ချက်ချင်းသုတ်ကာ ခေါင်းထောင်လာသည်။ ဒေါ်အလင်းမေ မွန်းကျပ်စွာပဲ သက်မချလျက် –

"ကဲ ဆေးချိန်လည်း ကျနေပြီ၊ ဆေးတစ်ခွက် သောက်လိုက်ဦး၊ အန်တီမေ ယူပေးမယ်"

ဒေါ်အလင်းမေ လိုက်လျောလိုက်သည်က ဆေးသောက်ရမယ့် အချိန်ရောက်လာလို့ဖြစ်သည်။ နောက်ဆို ဆေးမသောက်ဘူးလို့ ကိုက ငြင်းဆန်နေမယ် မဟုတ်လား။

"ဟုတ်၊ သောက်မယ်လေ အန်တီမေရဲ့၊ သောက်ပြီးရင် မောင်း





သွားတွေ့မယ်နော် အန်တီမေ"

သမီးအကြောင်းသိနေတာမို့ လိုက်လျောကာ ထပ်ဆင့်ခေါင်း ညိတ်မှ ရှောရှောရှူရှူ ဆေးသောက်လေသည့် သမီး။

ဒေါ်အလင်းမေ ရှေ့ရေး မတွေးရဲကာနှင့်ပဲ သက်မတွေ ချပြီး ချင်း ချရလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ကျွတ်"

ဖုန်းနံပါတ်တွေ ခေါ်ဆို၍ မရနိုင်တာချည်းဖြစ်နေတော့ အသ
စိတ်မရှည်ချင်တော့ပါ။ တွေ့ချင်ပါတယ်ဆိုခါမှ မောင့်ဖုန်းက ခေါ်
မရနိုင်ပါတဲ့။ မောင့်သူငယ်ချင်း ကိုငြိမ်းထက်ဖုန်းကလည်း စက်ပိတ်ထာ
သဖြင့် တဲ့။

အသခေျ ခေါင်းကုတ်လိုက်၊ ထိုင်လိုက်, ထလိုက်နဲ့ ဗျာ
ခတ်လို့နေသည်။ ထိုအချိန်မှာ တခက်နွယ်တို့သုံးယောက် ရောက်လာ

"လာ အသင်"

"လာခဲ့"

ဟု ဆိုကာ သုံးယောက်သား အသင့်ကို လက်ဆွဲခေါ်လေသည်
အကြောင်းမဲ့မဟုတ်နိုင်မှန်းသိလို့ အသင် လိုက်ခဲ့၏။





အန်တီမေတို့နောက်က ကားတစ်စီးနဲ့ လိုက်ပါခဲ့သော်လည်း အသင် မမှုပါ။ ဖေဖေမသိအောင် မောင်နဲ့တွေ့ခွင့်ပေးမယ်လို့ အန်တီမေ ပြောထားတယ် မဟုတ်လား။

အသင်ကလည်း မောင်နဲ့တွေ့ချင်လွန်းလို့ ဖုန်းခေါ်နေတာလေ။ သူငယ်ချင်းတွေလည်း အသင် မောင်နဲ့ တွေ့ခွင့်ရမယ်ဆိုတာ ကြိုသိနေတယ် မဟုတ်လား။

"ဘာလဲဟ"

အသင်မျက်စနဲ့ မေးတော့ –

"ခေတ်နဲ့ တွေ့ချင်နေတယ် မဟုတ်လား"

နွဲ့ယမင်းမေး၏။ အသင် လိုက်ခနဲ ဝမ်းသာသွားကာ –

"တွေ့ချင်တာပေါ့၊ ဒီမှာ ဖုန်းခေါ်နေတာ ခေါ်လို့မရဖြစ်နေလို့ ရင်ခုန်သံတွေ ဆူညံပေါက်ကွဲနေတာလေ"

"သိပါ့အေ သိပါ့၊ သိလို့ လာခေါ်တာ၊ ခေတ်ကို တွေ့ခဲ့လို့ ရှင့်ကို လာခေါ်တာ"

ကားမောင်းနေရာမှ ပန်းတံခါး ပြောလေသည်။

"တကယ်"

"အမယ်၊ ရှင့်ကို ဘယ်သူက ညာနေမလဲ"

တခက်နွယ်က ပခုံးဖက်၍ ချစ်ခင်စိတ်အပြည့်နဲ့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းတံခါးက မြို့ထဲဘက် ကားကိုချိုးကွေ့၏။ ရွှေဘုံသာလမ်းထဲ ဦးတည်ကာ အလယ်ဘလောက်မှ စူပံဆေးကုခန်းရှေ့ ကားထိုးရပ်လေပြီ။

"ဟဲ့ ဘယ်မှာလဲ မောင်က"

"ဟိုမှာ ထွက်လာနေတယ်လေ"

နွဲ့ယမင်း လက်ညှိုးနောက် အသင် မျက်လုံးပါသွား၏။ စူပံဆေးတိုက်ကြီးထဲက ကိုငြိမ်းနဲ့ ယှဉ်ထွက်လာတဲ့ မောင်။

"ဟင်"

အသင့်မျက်လုံးကို အသင် မယုံနိုင်အောင် ဖြစ်လို့သွားသည်။ မောင်မဟုတ်ရဲ့လားလို့၊ ပိန်ချုံးသွားတဲ့ကိုယ်က အသားအရေကိုပင် မွဲကျသွားစေသည်။ မျက်ဝန်းစုံညိုကာ မှိန်ဖျော့နေရုံမက လမ်းလျှောက်ဟန်ကလည်း အရင်လို ခန့်ခန့်ညားညားမဟုတ်။

မောင်ရယ် အသင့်ရင်မှာ ဝမ်းနည်းကာ မျက်ရည်များဝဲဆို့လာသည်။ အသင့်ကို မတွေ့ရလို့ လွမ်းစိတ်တွေနဲ့ ညှိုးချုံးသွားတာလားကွယ်။ ဘာပဲဖြစ်ဖြစ် မောင့်ဘက်က အသင်ရှိပါတယ်။

အသင့်ကို မောင် ရိုးသားစင်ကြယ်စွာ ချစ်ခဲ့တယ်ဆိုတာ အသင်ယုံတယ်။ ဖေဖေ ဘယ်လိုပဲပြောပြော အသင့်အချစ်က မပြောင်းလဲပါဘူးကွယ်။ ခုနေ အသင့်ကို မောင် တွေ့ရရင် ဘယ်လောက်ဝမ်းသာစေမလဲ။

အသင်လည်း မောင့်ကို အားရပါးရ တွေ့ချင်ပါတယ်။ အသင်





ကားပေါ်က ကမန်းကတန်းဆင်းလေပြီ။

"မောင်"

ခေါ်သံမဆုံးခင် ခြေလှမ်းတန့်သွားသလိုဖြစ်ကာ ငဲ့ကြည့်လျှင် အကြည့်ချင်းဆုံလေသည်။ တောက်ပရွှန်းစိုနေသော မောင့်မျက်ဝန်းက ချက်ချင်းမှိန်ဖျော့သွားကာ အကြည့်လွှဲလေ၏။

သွက်သွက်လေးပြေးလာနေသော အသင့်ကို မြင်လျက် မောင် ရင်ခုန်လှုပ်ရှားစွာ ရှေ့တိုးမလာခဲ့ပါ။ ဆန့်ကျင်ဘက်ဆီ ခြေဦးလှည့်လျှင်

"မောင် နေဦးလေ"

အက်ရှနေသာ ရင်ခုန်သံနဲ့ တားမြစ်တဲ့ အသင့်ရဲ့အသံ ကျယ်လောင်သွား၏။ မောင်က လုံးဝလှည့်မကြည့်ပါ။ ဘေးကပ်ရပ်ထားတဲ့ ဂျစ်ကားပေါ် လွှားခနဲတက်လေသည်။

ဘုရားရေ မောင် ဘာဖြစ်နေတာလဲ။ အသင် နှလုံးသားအက်ကွဲလုမတတ် နာကျင်ကာ မျက်ရည်တွေ အိုင်ဖွဲ့လာလေပြီ။

ကားစက်နှိုးပြီး ဂျစ်ကားမောင်းထွက်သွားတဲ့အခါ အသင်ယုံနိုင်လောက် အောင်ဖြစ်သွားသည်။

"မောင်"

အော်ဟစ်ခေါ်ရင်း ဂျစ်ကားနောက် အသင် ပြေးလိုက်၏။ မောင်က လှည့်ပင်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခေတ် နေဦးကွ"

ကိုငြိမ်းရဲ့ကားမြစ်သံလည်း နောက်က ပေါ်ထွက်လာသည်။ ခေတ်သစ် ဘယ်သူ့ကားမြစ်သံတွေကို နားမဆင်တော့ပါ။

ကားမောင်းနေရာမှ မောင် လှည့်မကြည့်ပါ။ အိတ်ကပ်ထဲက စာခေါက်တစ်ခု ဆွဲထုတ်ကာ ပစ်ချလေသည်။ ထိုစာခေါက်က ကားနောက်မှ အပြေးကလေး လိုက်ပါခဲ့တဲ့ အသင့်ရင်ခွင်မှာ အပြားလိုက် ကပ်ငြိ၏။

အသင့်ခြေလှမ်း ရုတ်ခြည်းတန့်ကာ ရင်ခွင်ထက်မှ စာခေါက်လေး ဖြန့်နေစဉ် မောင်ကားက မြင်ကွင်းထဲက ပျောက်ကွယ်သွားလေသည်။ မညီမညာရေးထားတဲ့ မောင့်စကားလုံးတွေက –

အသင်

အသင်ဖေဖေရဲ့ အယူအဆ သိပ်မှန်ပါတယ်။ ဦးအလင်းတန်းကို လက်တုံ့ပြန်ချင်စိတ်နဲ့ အသင့်ကို ချစ်ခဲ့တာပါ။

အဲဒီအတွက် မောင့်ကို မုန်းပစ်လိုက်တဲ့။

မောင့်စကားလုံးက ကျည်ဆန်များနှယ်။

အသင့်နှလုံးသားတည့်တည့် ပြေးဝင်သွားတဲ့အဖြစ်။





ဒိုင်းခနဲမမြည်ပေမယ့် နှလုံးသားက အက်ကွဲလေပြီ။

တုန်ခါလွင့်ကျသွားတဲ့ စာရွက်လေးနောက်မှာ မျက်ရည်တွေ ကျသလို၊ အချစ်နဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်တစ်ခုလုံး ဝုန်းခနဲ ကျသွားလေပြီ။

"အသင်"

သူငယ်ချင်းတွေရဲ့ ထိတ်ထိတ်ပျာပျာခေါ်သံ၊ ပြေးလွှားလာတဲ့ ခြေသံတွေ အသင် ကြားနိုင်စွမ်းမရှိတော့ပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"တောက် လုံးဝမကျေနပ်ဘူး"

ပန်းတံခါး ကျိတ်မနိုင်ခဲမရ ဆိုလေသည်။ တခက်နွယ်ကလည်း ဒေါသဖြစ်ကာ အံတကြိတ်ကြိတ်နှင့်။

"ကျေနပ်စရာလား၊ ကြည့်ပါဦး၊ ဖအေကို ငြိုးပြီး သမီး အသည်းနှလုံးကို ကစားသွားတာလေ၊ အသင် တစ်ခုခုဖြစ်သွား ခင်းကိုလည်း သတ်ပစ်မယ်၊ တကယ်"

အသချေ့ဘက်က သူငယ်ချင်းတွေ နာကြ၏။ ပန်းတံ တခက်နွယ်နည်းတူ နွဲ့ယမင်းလည်း နာပါသည်။ သို့သော် ကိုငြိမ်း ခေတ်သစ်မျက်ဝန်းထဲမှာ လျှို့ဝှက်ချက် တစ်စုံတစ်ရာရှိနေမှန်း ခပ်ရေးရေး မြင်ယောင်တာမို့။

"သိပ်လည်း ဒေါသကြီးမနေပါနဲ့ကွယ်"





"ဘာ"

တခက်နွယ်နဲ့ ပန်းတံခါး ပြိုင်တူစိုက်ကြည့်သည်။ နွဲ့ယမင်း သူငယ်ချင်းနှစ်ယောက်ကို မကြည့်ဘဲ –

"နွဲ့ဆိုလိုတာက ခေတ်သစ် ဘာဖြစ်လို့ ဒီလိုပြောရတာလဲ၊ အကြောင်းပြချက်တစ်ခုခုတော့ ရှိရမယ်၊ နွဲ့ အဲလိုထင်တယ်"

"ရှင်က ခေတ်ဘက်က ကာကွယ်နေတာလား"

"မဟုတ်ရပါဘူး ပန်းရယ်၊ ခေတ်ကို ရှင်တို့ သတိထားကြည့်မိသား၊ ခေတ်က ပုံမှန်မဟုတ်ဘူးနော်၊ ဝေဒနာတစ်ခုခု ရှိနေပုံပဲ"

နွဲ့ယမင်း စကားမဆုံးခင် ပန်းနဲ့တခက် မျက်လုံးအရောင်တွေ ပြောင်းသလိုဖြစ်သွား၏။ သိသိသာသာ ကိုယ်ရေချုံးကျသွားတဲ့ ခေတ်သစ်ရယ်ပါ။

အသင့်ကို မြင်တာတောင် အားရဝမ်းသာမဖြစ်တဲ့အပြင် စာအစ်စောင်ပစ်ပေးပြီး စိမ်းစိမ်းကားကား မုန်းပစ်လိုက်ပါဆိုတာ။ အငြိုးအတေးကြောင့်ဖြစ်နိုင်သလို၊ ဝေဒနာတစ်ခုခုကြောင့် ဖြစ်နိုင်တယ်လို့ နွဲ့ယမင်း ဆိုချင်တာလား။

"နေပါဦး၊ ရှင် ဘယ်လိုထင်လဲ နွဲ့"

တခက် ထိုင်နေရာမှ ဝရန်တာလက်တန်းကို မှီရပ်နေတဲ့ နွဲ့ယမင်းနား လျှောက်သွားရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ထင်တာတော့ မဟုတ်ဘူး၊ ခေတ်နဲ့ ကိုငြိမ်းမျက်ဝန်းထဲမှာ လျှို့ဝှက်နေတဲ့ အရိပ်တစ်ခုခု ရှိနေသလို၊ အဲဒီအရိပ်ကလည်း ခေတ်ကို အမူအရာပြောင်းလဲသွားတာနဲ့လည်း ဆိုင်မယ်၊ ပြီးတော့ အဲဒီနေ့က တွေ့တာ ရုပ်ဆေးတိုက်၊ ရုပ်ဆေးတိုက်ဆိုတာ ပါရဂူကြီးတွေပဲ ထိုင်တာ လေဟာယ်၊ အဲဒါတွေကို ဆက်စပ်ကြည့်မိရင်''

''အိုး သွားစမ်းပါ၊ မဆိုင်တာ ဆွဲတွေးမနေနဲ့ နွဲ့''

ပန်းတံခါး လက်မခံနိုင်စွာဘဲ တင်းတင်းမာမာ ထပြောသည်။

''ဟုတ်တယ်၊ မဆိုင်တာတွေ ဆွဲပြောမနေပါနဲ့၊ အဖြစ်အပျက်က ထင်ရှားနေတာပဲ၊ ခေတ်မှာ ကြိုတင်အကြံအစည်မရှိရင် အန်ကယ် စွပ်စွဲတာ မဟုတ်ရပါဘူးလို့ ဖြေရှင်းချက်အမျိုးမျိုး ပေးရမယ်လေ၊ ခု တော့ ဖြေရှင်းချက်ပေးဖို့နေနေသာသာ အန်ကယ်စွပ်စွဲတာ ဝန်ခံပြီး မုန်းပစ်လိုက်ပါဆိုတာသာ အသင့်အချစ်ကို စော်ကားလိုက်တာနဲ့ အတူ တူပဲ''

တခက်နွယ်ပြောတာလည်း လက်ခံနိုင်ဖွယ် ရှိလေသည်။ နွဲ့ ယမင်းကတော့ လက်မခံချင်ပါ။ တခက်နွယ်နဲ့ ပန်းတံခါး တင်းမာနေသော အပေါ်မှာ ဖျောင်းဖျစကားက အရာထင်နိုင်မည် မဟုတ်မုန်း သေချာ နေသည်။

''ကဲပါလေ သမီးတို့ ဒီကိစ္စကို ဒီအတိုင်းထားလိုက်တော့''





အသင် အခန်းထဲက ထွက်လာတဲ့ ဒေါ်အလင်းမေ အားမပါ စွာ ဆိုလေသည်။ သူငယ်ချင်းသုံးယောက် အချေအတင်ဖြစ်နေတာတွေ ခတ္တရပ်တန့်သွားသည်။

''သမီးလေး တစ်ခုခုဖြစ်မသွားတာပဲ ကံကောင်းတယ်လေ''

ဒေါ်အလင်းမေဆိုလျှင် သုံးယောက်သား သက်မကိုယ်စီချလေ သည်။

''ဟုတ်တယ် အန်တီမေ၊ ခုဆို ခေတ်သစ်စိတ်ထား ဘာဆိုတာ အသင် ကောင်းကောင်းကြီး သိပြီမဟုတ်လား၊ အသင် ဆင်ခြင်ချိန် သွားတဲ့သဘောပဲ''

ပန်းတံခါးဆိုလျှင် တခက်နွယ်က အလေးအနက် ထောက်ခံ သည်။ နွဲ့ယမင်းကတော့ ခေါင်းလည်း မညိတ်။ ခေါင်းလည်း မခါ။ ငေးငေလို့နေသည်။

''အသခေျပေါ့ ပန်းရဲ့၊ ဒါကြောင့် အန်တီမေနဲ့ကိုကို တိုင်ပင် ထားပြီးပြီ၊ သမီး စိတ်ထူထူထောင်ထောင်ဖြစ်တာနဲ့ စင်ကာပူသွားကြ မယ် သမီးကို ဆေးဆက်ကုရင်းပေါ့''

''ကောင်းတယ် အန်တီမေ''

နှစ်ယောက်က ပြိုင်တူထောက်ခံသည်။ နွဲ့ယမင်း မသိမသာ သက်ပြင်းချ၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမေ အောက်ထပ်ဆင်းဦးမယ်၊ သမီးတို့ အသင့်ကို သတိထားစောင့်ကြည့်လေ၊ ဟုတ်ပြီလား"

အန်တီမေ ပြောသံမဆုံးခင် ပန်းတံခါးနဲ့ တခက်နွယ် ခေါင်း ညိတ်သလို ခြေလှမ်းတွေလည်း အသင့်အခန်းဆီ ရွေ့သွားသည်။

အန်တီမေက အောက်ထပ်ဆင်း၍ နွဲ့ယမင်းတစ်ယောက်တည်း ဝရန်တာမှာ ကျန်ရစ်လေသည်။ စိတ်ထဲမှာတော့ မယုံချင်။ ဘာကိုမှ မယုံချင်ပါ။

ခေတ်သစ်ဟာ သဘာဝဆန်တဲ့ လူရွယ်လေးပါ။ ဒါပေမဲ့ မာန တော့ ပြင်းရှပုံရလေသည်။ မာန ဘယ်လောက်ပြင်းပြင်းပါလေ ချစ်သူရဲ့ နှလုံးသားကို အပြုံးနဲ့လက်စားချေ တုံ့ပြန်လောက်တဲ့အထိ အစိမ်းရောင် သန်းလိမ့်မယ် မထင်ပါ။

ဟုတ်တယ်နော် ကိုငြိမ်း။

✿ ✿ ✿



## အခန်း (၃၇)

"မယုံဘူး၊ ဟင့်အင်း မယုံနိုင်ဘူး၊ ဟင့် ဟင့် ဟင့်"

အသင်္ချေ ခေါင်းတခါခါနှင့် ပြောသလို ရှိုက်၍လည်းငိုချေသည်။

"အသင် မယုံနိုင်ဘူး နွဲ့ရယ်၊ မယုံပါရစေနဲ့"

ဒါပဲ ထပ်တလဲလဲ ပြောရင်း ငိုပြန်သည်။

ထိန့်ကြောက်ခွဲစွာ ငိုထားသောကြောင့် အသင့်မျက်လုံးအစုံရကာ မို့အစ်အစ်ဖြစ်နေပါပြီ။

နွဲ့ယမင်းလည်း မယုံနိုင်ပါ။ အသင်က မယုံနိုင်ဘူး ပြောလေ နွဲ့ ပို၍ပင် အသင့်ကို ကရုဏာသက်မိလေဖြစ်သည်။

"နွဲ့လည်း မယုံချင်ဘူး၊ ဒါပေမဲ့ အားလုံးက ယုံကြည်နေကြ တယ်၊ ခေတ်က အသင့်အချစ်ကို ခုတုံးလုပ်စော်ကားတယ်ဆိုပြီးတော့ လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို အသင် ပိုပြီးမယုံဘူး၊ အသင် သိတယ်၊ မောင့်စိတ်ဓာတ် အဲလောက်မယုတ်မာဘူး နွဲ့ရဲ့၊ အသင် သိတာပေါ့"

ရှိုက်သံများရောကာ တုန်ခါနေတဲ့ အသင့်အသံလေးက နွဲ့ယမင်းကိုပါ မျက်ရည်ဝဲစေပါသည်။

အသင့်နှလုံးသားဟာ သာယာတဲ့ နွေညနေခင်းရဲ့အလှအပင် မခံစားနိုင်။ နေရောင်ခြည်ဖျော့ဖျော့လေးဖြာကျနေတဲ့ လွှဲပုခက်ပေါ် လျော့လျော့လေး မှီထိုင်နေရင်း မျက်လုံးက ဟိုအဝေးဆီ ငေးရီလျက်။

မြင်လွှာမှာပေါ်လာတဲ့ မောင့်ရုပ်လွှာဟာ အသင်ကို ရက်စက်စိမ်းကားဖို့ဆိုတဲ့ အတ္တတွေ ပျော်ဝင်မနေမှန်း အသင် ခံစားလို့ရနေသည်။

"နွဲ့ အသင်လေ ဟင့် ဟင့် ဟင့်"

နွဲ့လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်လျက် အက်ကွဲသော အသံလေးနောက်မှာ ငိုရှိုက်သံလေး ပြိုကျလာပြန်သည်။

"အသင်ရယ်"

"မောင့်ကိုချစ်တယ်၊ ချစ်တဲ့စိတ်နဲ့ ယုံလို့မရဘူး၊ သိလား"

"ဘာဖြစ်လို့လဲ အသင် ဟင်"

မျက်ရည်များ စီးကျနေတဲ့ အသင့်မျက်ဝန်းထဲမှာ မယုံနိုင်သော ခံစားချက်တွေက ထင်ရှားလို့ပေါ်လာသည်။

"အသင်နဲ့မောင် တွေ့ကြတာ နွဲ့လည်း အသိပဲ၊ မြင်းစီး





သွားတဲ့ လမ်းမှာလေ"

"ဟုတ်တယ်နော်၊ နွဲ့တို့ အရင်မြင်တာ၊ ခေတ်က တကယ့်ကို စမတ်ကျတဲ့ လူငယ်ပဲ၊ နွဲ့တို့လည်း ငေးခဲ့ကြတာပဲ"

"အဲဒါပဲလေ မြင်းပုလေးတွေစီးတဲ့နေရာ မောင် ရောက်ခဲ့တော့ အသင့်ရင်ထဲမှာ ဘာဖြစ်လို့ဖြစ်သွားမှန်း မသိဘူး၊ အသင် မောင်နဲ့ မျက်နှာချင်းမဆိုင်ရဲဘူး၊ ရှောင်ထွက်ခဲ့တယ်လေ"

"သိပါတယ် ဟယ်"

"အင်းပေါ့၊ အဲဒီညက အသင် အိပ်မပျော်လို့ အပြင်ထွက်ရော မောင့်ကို တည်းခိုခန်းက ခြံထဲမှာ တွေ့လိုက်ရတယ်လေ၊ မောင်က အသင်တို့ လက်ကိုင်အိတ်တွေ ပေးဖို့လာခဲ့တာ၊ အဲဒီကနေ ချစ်သူဖြစ်သွားတာ၊ အချိန်က ရက်ပိုင်းလေးတင် မဟုတ်လား"

နွဲ့ယမင်း အလေးအနက် ခေါင်းညိတ်သည်။ ဟုတ်ပါ၏၊ ရက်ဝင်မခြား။ မြင်ရုံတွေ့ရုံနဲ့ နှလုံးသားချင်း ယှဉ်ပါးရောက ချစ်သူဖြစ်သွားတဲ့ အဖြစ်။ နွဲ့တို့ အံ့ဩလို့မဆုံးပေ။

"ဟုတ်တာပေါ့၊ ခေတ်က အသင့်ကို စုံစမ်းပြီး ချစ်ခဲ့တာ မဟုတ်ဘူး၊ မထင်မှတ်ဘဲ ဆုံတွေ့ရာက ချစ်သူဖြစ်ခဲ့တာလေ၊ အဲဒါကို တော့ နွဲ့ယုံတယ်"

"ဖေဖေနဲ့တွေ့ပြီးနောက်ပိုင်းမှာ မောင်က ခေါင်းစဉ်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ဘာသဘောလဲ၊ အဲဒါကို အသင် မယုံချင်တာပေါ့၊ ဟင့်အင်း ဖေဖေနဲ့ မောင့်အကြောင်းတွေ ဘယ်လိုရှိခဲ့ရှိခဲ့၊ အသင့်အချစ်ကို မောင် ခုတုံးလုပ်ရက်မှာမဟုတ်ဘူး၊ အသင် ခံစားသိနဲ့ သိနေတယ် နွဲ့ရယ် ဟင့် ဟင့် ဟင့်''

''အင်း အသင်ပြောသလိုပဲ အချစ်ဆိုတာ ခုတုံးလုပ်ပစ်လို့ ရတဲ့အရာဝတ္ထုမှ မဟုတ်တာ၊ ဘာကြောင့် အသင့်ကို မုန်းနိုင်းရတာလဲ အဲဒါက စဉ်းစားစရာလေ''

''ဟုတ်တယ်အေ၊ မမစိမ်းလည်း အဲဒါကို တွေးမရအောင်ဖြစ် နေတယ်ကွဲ့''

ဒေါ်ရွက်နုစိမ်းလည်း ဝင်ပြောသည်။ နွဲ့နဲ့ အသင် မမစိမ်းကို ငေးကြည့်မိလေသည်။ မမစိမ်း လျှောက်လာရင်း အပန်းဖြေရန် လုပ် ထားတဲ့ ကျောက်တုံးခုံလေးမှာ ဝင်ထိုင်လျှင် –

''ဒါဆို မမစိမ်းလည်း ဖေဖေယူဆတာကို မယုံဘူးပေါ့''

''ရှူး တိုးတိုး၊ ညည်းလေးအဖေ ကြားသွားလို့ မမစိမ်း အသုံး ပြုတ်နေပါဦးမယ်ကွယ်''

တိုက်ထဲမှာ ဖေဖေရှိနေတယ် မဟုတ်လား။ မမစိမ်း စိုးရိမ်သ လို ပြောရှာသည်။ အသင်လည်း မျက်ရည်တွေသုတ်ကာ လေသံလျှော့ လေး လျှော့ချရ၏။ နွဲ့က တိုက်ဘက် ငေးကြည့်သည်။ အန်ကယ်





ထွက်လာတာ မတွေ့ခါမှ စိတ်ချသွားဟန်တူသည်။

လွှဲပုခက်ပေါ် ထိုင်နေရာမှထကာ မမစိမ်းနဲ့ မျက်နှာချင်း ဆိုင်ဖြစ်အောင် ကျောက်တုံးခုံမှာ ဝင်ထိုင်ပြီး –

''မမစိမ်း မယုံဘူးဆိုရင် နွဲ့တို့နဲ့ သဘောထားတိုက်ဆိုင်နေ တယ်၊ တခါနဲ့ ပန်းက အန်ကယ်ပြောတာကို လက်ခံတယ်၊ နွဲ့နဲ့အသင် ကတော့ မယုံနိုင်ဘူးလေ''

''အဲဒီတော့ နွဲ့တို့ ဘာဖြစ်ချင်လဲ''

''မမစိမ်းရယ် ဟင့် ဟင့် ဟင့်''

ဒေါ်ရွက်နုစိမ်း ပါလာတော့ အသင့်ရင်မှာ ဝမ်းသာလို့သွား သည်။ မမစိမ်းကို အားလည်းကိုးမိကာ –

''မမစိမ်းပဲ မောင့်ခံစားချက်ကို စုံစမ်းပေးပါနော်၊ အသင်က ထွက်ဖို့မလွယ်ဘူး မမစိမ်းရဲ့''

''ဟုတ်ပြီ၊ မမစိမ်း နားလည်ပါပြီကွယ်''

ဒေါ်ရွက်နုစိမ်း ခေါင်းတဆတ်ဆတ်ညိတ်ရှာသည်။ အသင်လည်း အားကိုးစိတ်နဲ့ လွှဲပုခက်ပေါ်မှာ ဆက်ထိုင်မနေတော့ပါ။ ကျောက်တုံးပုံ ချထားတဲ့ ထိုင်ခုံမှာ ပြောင်းထိုင်လေသည်။

ဘေးချင်းကပ်ဖြစ်သွားလျှင် ဒေါ်ရွက်နုစိမ်းက အသင့်လက်ဖဝါး နုလေးကို ဆွဲယူဆုပ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"အသင်လေးကို မမစိမ်း ကူညီပါ့မယ်ကွယ်၊ အားမငယ်ပါနဲ့နော်"

"အဟင့် ဝမ်းသာလိုက်တာ မမရယ်"

မမစိမ်းပခုံးပေါ် အားကိုးတကြီး ခေါင်းတင်မိတဲ့အသင် ဝမ်းသာလွန်းကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလေသည်။

"အသင်ရယ် ဝမ်းနည်းမနေပါနဲ့၊ မမစိမ်းကလည်း နွဲ့လို အသင့်ဘက်တော်သား ဖြစ်နေပြီလေ"

"ဟုတ်ပါ့ကွယ်၊ ဟုတ်ပါ့"

"ကျေးဇူးပဲ မမစိမ်းရယ်"

"မလိုပါဘူး ကလေးရယ်၊ မမစိမ်းကလေ ခေတ်ရဲ့စိတ်နေသဘောထားနဲ့ လုပ်ရည်ကိုင်ရည်ကို အရမ်းသဘောကျတာကွယ်၊ ခေတ် အလုပ်ထွက်သွားတာ မမစိမ်း လက်မောင်းနှစ်ဖက် ပြုတ်ကျသွားသလိုပဲ စိတ်ချ၊ ခေတ်ကို မမစိမ်း ဖျောင်းဖျရမှာပါ၊ မမစိမ်းမေးရင် ခေတ်က မဖြေဘဲ နေမှာမဟုတ်ဘူး၊ ခေတ်စိတ်ကို မမစိမ်းသိတယ်၊ ကဲ ဒါ မမစိမ်း သွားဦးမယ်၊ အသင်တို့နဲ့ လေပေးဖြောင့်လို့ အချိန်ကုန်တာ သောဲ့စ်မြင်ရင် မမစိမ်းကို စစ်လားဆေးလားလုပ်နေဦးမယ်၊ မမစိမ်း သွားမယ်၊ သိလား"

"ဟုတ်"





မမစိမ်း ပြောပြောဆိုဆို အသင်တို့အပါးမှ ထတွက်သွားသည်။ အဖေ့ကို မမစိမ်း ကြောက်မှန်းတော့ သိသာသည်။

ဘာပဲဖြစ်ဖြစ် အသင်တို့ဘက်က ပါလာတဲ့အတွက် အသင် အားအင်ပြည့်လို့လာသည်။ နွဲ့ယမင်းလည်း စိတ်အားထက်သန်ကာ –

"အသင်ရယ် မမစိမ်းက အသင့်အတွက် တကယ့်အားဆေးပဲနော်"

အသင် အလေးအနက် ထောက်ခံခေါင်းညိတ်မိ၏။ ထိုအခါ တော်ဝန်းအိမ်မှ အကြွင်းအကျန်ရှိနေသော မျက်ရည်တို့ ဝဲကျလာသည်က ဝမ်းနည်းလို့မဟုတ်ပါ။

မမစိမ်းကို ကျေးဇူးတင်လို့ပဲ ဖြစ်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ဘုရားရေ။

ဒေါ်ရွက်နုစိမ်း ရင်ဘတ်ဖိကာ ဘုရားတလေသည်။ အံ့ဩလွန်းပြီး မျက်ဝန်းအစုံပြူးကျယ်ကာ ဝိုင်းစက်လို့သွား၏။

"ဟုတ် ဟုတ်ရဲ့လား ကလေးရယ်"

မျက်ရည်တွေ သုတ်ရင်း ခေတ်မင်းလေး ခေါင်းညိတ်ရှာသည်။ ထိုအခါ ဒေါ်ရွက်နုစိမ်း မယုံချင်ဘဲ ခေါင်းယမ်းသလို ဝမ်းနည်းစွာ ခြေတစ်လှမ်းနောက်ဆုတ်လေပြီ။

"ဟင့်အင်း မဖြစ်နိုင်ဘူးကွယ်"

ဟု အစ်ဆို့ဆို့ရေရွတ်လျက် ဆောက်တည်ရာမရ ဖြစ်လို့နေသည်။ ရင်ထဲမှာလည်း –

"ခေတ် မင်းမှာ ဒီလိုရောဂါမျိုး မဖြစ်ရဘူးကွယ်"





လို့ ဟန့်တားချင်စိတ်နဲ့ ပြင်းပြင်းရှရှ ရေရွတ်မဆုံးနိုင်ဖြစ်သွားသည်။

"ကိုကိုက အငြိုးအတေးထားတတ်သူ မဟုတ်ပါဘူး မမစိမ်းရယ်၊ ကိုကို့ရောဂါကို ကိုကိုသိတဲ့အချိန်မှာ အန်ကယ်နဲ့ တွေ့ဆုံရတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတော့ ခုတုံးလုပ်ခွင့်ရသလို ဖြစ်သွားတယ်၊ ကိုကိုကလည်း ခုတုံးလုပ်ပစ်လိုက်တယ်လေ၊ အဓိက မမသင်ကို ကိုကို့ကြောင့် မခံစားရစေချင်ဘူး၊ မုန်းမုန်းတီးတီးနဲ့ ကိုကို့ကို မေ့ပစ်လိုက်ဖို့ ကိုကို ဖန်တီးလိုက်တဲ့သဘောပါ"

မီးခိုးညိုရောင်တွေ အုံ့ဆိုင်းနေတဲ့ ကောင်းကင်ကို ဝမ်းနည်းခြင်းကြီးစွာ ငေးမောကြည့်ရင်း ပြောနေရှာတဲ့ ခေတ်မင်းအသံနုနုလေးဟာ ထိခိုက်ကြေကွဲခြင်းတွေနဲ့ စိမ့်ဖြာလို့နေလေသည်။

"ကိုကိုကလေ မိသားစုနဲ့ ကိုငြိမ်းကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးပါဘူး၊ အထူးသဖြင့် မမသင်ကိုပေါ့"

ပြောနေရင်း ခေတ်မင်းအသံဖျော့ဖျော့လေး တိမ်ဝင်လို့သွား၏။ နားထောင်နေရင်းနဲ့ ဒေါ်ရွက်နုစိမ်း တစ်ခုခုမေးဖို့ ခွန်အားမဲ့ကာ ရင်မှာလည်း အစ်ဆို့ဆို့ ခံစားရလေပြီ။

"မမသင်ဖေဖေ ကိုကို့ကို မတရားစွပ်စွဲတာ သိရတုန်းက ကျွန်တော် သည်းမခံနိုင်ဘူးဗျ၊ ကိုကို့ဘက်က ရင်ကော့ပြီး ဖြေရှင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ ကျွန်တော့်ကိုကိုဟာ ခင်ဗျားကြီးစွပ်စွဲသလို မဟုတ်ဘူးလို့"

မခံချင်စိတ်နဲ့ ကြေကြေကွဲကွဲပြောနေရှာတဲ့ ခေတ်မင်းလေးကို ဒေါ်ရွှေကံနုစိမ်း မကြည့်ရက်တော့ပါ။ ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းကျပ်စွာ ပွေ့ဖက်ထားမိတဲ့ နှလုံးသားဟာ ခေတ်မင်းနဲ့အပြိုင် မျက်ရည်ဖြိုင်ဖြိုင် ကျလေသည်။

"ခေတ်ရယ်"

ဒေါ်ရွှေကံနုစိမ်း တကယ်ကြေကွဲလို့သွားသည်။ ခေတ်မိဘနှစ်ပါးနဲ့ ညီခေတ်မင်းအတွက်သာမက အသင့်နှလုံးသားအတွက်ရောပေါ့။

တိတ်ဆိတ်ငေးမောစွာရှိနေကြတဲ့ ခေတ်မင်းမိဘနှစ်ပါး ခံစားမနိုင်စွာ ငြိမ်သက်နေသော မြင်းဖောင်းကို ငေးကြည့်လို့နေသည်။

နေ့စဉ်နဲ့အမျှ သက်ဝင်လှုပ်ရှားကာ မိသားစုခွန်အားတွေနဲ့ နိုးကြွနေသော သူတို့ရဲ့ မြင်းစခန်းဟာ အခုတော့ တိတ်ဆိတ်လို့နေပါပြီ။

မြင်းတွေလည်း ခုန်ပေါက်ရှင်မြူးကာ ဘာသာဘာဝ ဟိမနေကြ။ တောတန်းတစ်လျှောက်လည်း ငြိမ်သက်ကာ မြက်ခင်းလွင်ပြင်ကြီးလည်း မြင်းစီးလေ့ကျင့်တဲ့သင်တန်းသားတွေ ရှိမနေသောကြောင့် အထီးကျန်ဆန် သွေ့သွေ့ခြောက်ခြောက် ဖြစ်နေရှာပြီတကား။

"တကယ်လို့ ကိုကို့မှာ ရောဂါမရှိဘူးဆိုရင် ဘယ်နည်းနဲ့ဖြစ်





ဖြစ် မမသင်ကို ရအောင်ယူမယ်လေ၊ ကျွန်တော် သိတာပေါ့၊ ခုတော့ မရယ်"

စကားတွေမဆုံးခင် ခေတ်မင်း မျက်ရည်တဝေါဝေါ သွန်ချလေသည်။ ခေတ်မင်းနဲ့ ပါးချင်းကပ်ထားမိတဲ့ ဒေါ်ရွှေကံနုစိမ်း နွေးပူသော မျက်ရည်တွေ ရောယှက်စီးကျသည်က အတောမသတ်။

"ခေတ်"

ရင်ထဲမှာ ထိနိုက်အက်ကွဲစွာခေါ်ရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ကင်ဆာ"

အသင့်အသံလေး တုန်ခါရှန်းကြွကာ ပေါ်ထွက်လာချေပြီ။

"ဟုတ်တယ်တဲ့၊ ခေတ်မင်းလေးက မမစိမ်းကို သေချာပြော တာ၊ ခံတွင်းကင်ဆာဖြစ်နေတာ၊ သိတဲ့အချိန်မှာ ရောဂါက ကျွမ်းနေပြီတဲ့"

ဟင့်အင်း၊ မပြောနဲ့။ အသင် မယုံဘူး။ အသင့်ရင်ထဲ ပြောရင်း ခေါင်းတွင်တွင်ယမ်းလျှင် မျက်ရည်တို့ လွင့်ကျလေသည်။

နွဲ့ယမင်းက လေးတွဲ့စွာထလာရင်း အသင့်ပခုံးစွန်းကို လေးဖက်၏။ နွဲ့လည်း ဝမ်းနည်းလွန်းကာ ခေါင်းချည်းသာ ယမ်းနေ တဲ့ အသချော်ကို မကြည့်ရက်နိုင်အောင် ဖြစ်သွားလေသည်။

ထိုအချိန်မှာ လေပြည်ညှို့တို့ ရပ်ဆိုင်းကာ ကျေးငှက်ကလေး များလည်း တေးဆိုဖို့ ဆွံ့အသွားလေပြီ။ အပြာရောင် မိုးတိမ်တွေ





နည်းကာ ညှို့မှိုင်းပြာဝေလျက်။

ဝမ်းနည်းထိရှနေသော နှလုံးသားကို ပြုစားကာ အသိတရား တို့ ဆောက်တည်ရာမရဖြစ်အောင် သွေးဆောင်သည့်နှယ်။ အသင် ယောက်ယက်ခတ်လို့သွားသည်။

နွဲ့ပခုံးပေါ်က နွဲ့လက်ဖဝါးကို ဖယ်ချ၏။ အလှတွေဝေဆာနေ တဲ့ ရောင်စုံနှင်းဆီပန်းပင်တွေဆီ လျှောက်သွားလိုက်၊ နွဲ့ဆီ ပြန်လာ လိုက်နှင့် အသင့်ကိုယ်အသင် ဘာဖြစ်လို့ ဖြစ်နေမှန်းမသိတော့ပါ။

ပန်းတံခါးနဲ့ တခက်နွယ် ပါးစပ်လေးပွင့်ဟာကာ ဝမ်းနည်းခြင်း တွေနဲ့ တွေတွေကြီးဖြစ်လျက် ကျောက်ရုပ်တွေလိုရပ်လျက် ငြိမ်သက်နေ ကြသည်။

"အခု မောင် ဘယ်မှာလဲ"

အသင့်အသံ အက်ကွဲတုန်ခါထွက်ပေါ်လာလျှင် ခြံထောင့်ရှိ သရက်ပင်အိုထက် နားနေကြတဲ့ ဆက်ရက်ငှက်များ လန့်ဖျပ်ပုံပြေးသွား လေပြီ။ နွဲ့ယမင်း အသံတိုးတိုးလေးနဲ့ ဆိုသည်။

"ဆေးရုံမှာ"

နွဲ့စကားပင် မဆုံးသေးပါ။ မျက်ရည်စက်လက်နဲ့ ပြေးထွက်သွား တဲ့ အသချော်။

"သမီး အသင်လေး"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှုတ်မှ တားမြစ်ခေါ်သံတွေ ထွက်မလာ။ ပေါ်တီကိုအောက်မှာရှိနေတဲ့ ဒေါ်အလင်းမေက အထိတ်တလန့်နဲ့ ဟန့်တားသလိုခေါ်သည်။ ထိုခေါ်သံလည်း အသချေ ကြားပုံမရ။ မာစီဒီးကားပေါ်လွှားခနဲတက်ကာ တစ်ရှိန်ထိုးမောင်းထွက်သွားလေသည်။

"သမီးအသင် နေဦးလေ"

ဒေါ်အလင်းမေ ကားနောက်ပြေးလိုက်ကာ တားသေးသည်။ မရတော့ပါ။ မြားတစ်စင်းနှယ် ပြေးထွက်သွားတဲ့ကားလေးက မြင်ကွင်းထဲက ပျောက်ကွယ်သွားလေပြီ။

BURMESE CLASSIC .com

"ကိုကိုရေ"

ဒေါ်အလင်းမေ စိုးရိမ်တကြီးနှင့်ခေါ်ကာ ဧည့်ခန်းထဲဝင်လာသည်။

"သမီး ထွက်သွားပြီ ကိုကို"

ဦးအလင်းတန်း တွေတွေကြီးရပ်နေတာ တုတ်တုတ်မျှမလှုပ်နိုင်တော့ပါ။ ခေတ်သစ်အကြောင်း စိမ်း ဖုန်းဆက်ပြောကတည်းက ရင်ထဲက လှိုက်တက်လာတဲ့ ကြေကွဲခြင်းတွေက လှိုင်းလုံးကြီးများနှယ်။

"ကိုကို"

ညီမဖြစ်သူက လက်မောင်းကို လှုပ်ခါမှ တစ်ချက်အသိဝင်လာသည်။





"သမီး ထွက်သွားပြီ ကိုကို"

"အင်း"

သမီးထွက်သွားတာ သူကိုယ်တိုင် ဒီမျက်လုံးကြီးနဲ့ မြင်ခဲ့တာပဲ။ ခေါင်းတဆတ်ဆတ်အညိတ်မှာ မျက်ရည်ဝဲလေပြီ။

ခွင့်လွှတ်ပါကွာလို့ မတောင်းဆိုရက်ဘူး။

"ခေတ်သစ် မင်းဟာ ဦးရဲ့ အသက်သခင်ကျေးဇူးရှင်ပါ၊ ဒါပေမဲ့ မင်းကျေးဇူးကို ဦး တလွဲကြီး ဆပ်ခဲ့မိတယ်၊ အဲဒီအတွက် မင်းရင်ထဲမှာ ဒဏ်ရာတစ်ခုဖြစ်သွားတယ်ဆိုရင် ဦးကိုပဲ နာကျင်ပါကွာ"

ဦးအလင်းတန်း အံကြိတ်တောင့်ခံထားလျက်နဲ့ မျက်ရည်တို့ ထိန်းနိုင်ဖြစ်ကာ။ ထိုအချိန်တွင် ကောင်းကင်သည် လောကကြီးတစ်ခုလုံး ဝမ်းနည်းသွားအောင် ပြုစားနေသည့်နှယ်။ ပြိုကျတော့မတတ် နိမ့်ဆင်း၍လာသည်ဟု ထင်မှတ်ရလေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄၀)

"သမီးလေး"

ဦး  က်အက်နဲ့ အစ်ဆို့ဆို့ကြီးခေါ်လိုက်တဲ့ ခေါ်အိမ် စိုးအေး
တော့ အသင် ကြားလိုက်ရသည်။ အသင့်ပခုံးကို အားကိုးတကြီးနဲ့ မ
ကျုံးမရ ငိုကြွေးနေရှာတဲ့ မောင့်အမေ။

မောင့်အဖေက အံကြိတ်ထားကာ မျက်နှာလွှဲလျက်နဲ့ မျက်ရည်
တွေ ကျနေတာလည်း အသင် မြင်နေရသည်။

"မမသင် ဟီး၊ ကိုကို့ကို ကြည့်ပါဦး ဟီးဟီး၊ ကိုကို့ရဲ့ မိန်း
မမ လာပြီဗျ"

ပြောရင်း ငိုချလိုက်တဲ့ ခေတ်မင်း ငိုကြွေးသံက အသင့်နား
သားကို လာရိုက်ခတ်ကာ မျက်ရည်တို့ စိမ့်ထွက်လာလျှင် အသင့်မျက်
ဝန်းမှာ ပြာပြာဝေလို့ သွားသည်။





ခေတ်မင်းလေး အသင့်လက်ကို ဆွဲခေါ်သွားတာ သိသည်။

"ကိုကို"

ခေတ်မင်းရဲ့ ရင်ကွဲမတတ်ခေါ်သံနောက်မှာ အသင် အသိဝင်
လာသည်။ ခေါင်းတစ်ချက်ယမ်းကာ မျက်ရည်တွေ ပွတ်သုတ်၏။

သို့သော် မျက်ရည်တွေကလည်း ကုန်ခန်းသွားတာမဟုတ်တဲ့
အပြင် စိမ့်၍ စိမ့်၍ ထွက်လာနေပြန်သည်။ ပွတ်သုတ်တိုင်းလည်း စိမ့်ထွက်နေဆဲ။

အသင် အားတင်းကာ မျက်ရည်ကို ပြူးကျယ်အောင် ဆွဲဖွင့်
ရင်း အာရုံစိုက်ကြည့်လေသည်။ ထိုအခါမှ မောင့်ပုံရိပ်ကို ပြာဝေ ကြား
မှ ဘွားခနဲ မြင်၏။

"မောင်"

ခေါ်သံနဲ့တစ်ပါတည်း အသင်၏ကိုယ်ပါ မောင့်အပါး ရောက်ရ
ှိသွားသည်။ ခုတင်ပေါ် ပက်လက်ကလေးဆန့်တန်းနေတဲ့ မောင့်
ကိုယ်ဟာ ခြောက်သွေ့လျက် လှုပ်ရှားမှုတို့ ကင်းမဲ့နေသည်။

နှာခေါင်းမှာ အောက်စီဂျင်ပေးတဲ့ကိရိယာတပ်ဆင်ထားသည်
ဟာ မောင် ဘယ်အခြေအနေကို ရင်ဆိုင်နေရတာလဲကွယ်။ ဟင့်အင်း။
မောင်ဟာ မကြာခင် နေကောင်းလာမယ့် သာမန်လူနာတစ်ယောက်ပါ။

မောင်နဲ့အသင် လက်ထပ်ကြမယ်။ လက်ထပ်ပြီးရင် မြင်းစခန်း
မှာ အသင်တို့ ပျော်ပျော်ရွှင်ရွှင်နေကြမယ်။ အသင်က မောင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့တူတဲ့ သားတစ်ယောက်၊ အသင်နဲ့တူတဲ့ သမီးလေးတစ်ယောက် မွေးပေးရမယ်တဲ့။ မောင်ပြောတာလေ။ မောင်မှတ်မိရဲ့လားဟင်။ သားနဲ့ သမီးအတွက် မောင့်နာမည်တောင် ရွေးထားသေးတယ် မဟုတ်လား။ သားနာမည်ကို ခေတ်ကမ္ဘာလို့ ပေးမယ်၊ သမီးလေးကိုတော့ ခေတ်သခင်လို့ ကင်ပွန်းတပ်ပေးမယ်ဆိုတာလေ။

မောင်ပြောခဲ့ဖူးတဲ့စကားတွေကို ကြားယောင်ရင်း အသခဲ့ တတွတ်တွတ် ပြန်ပြောလျက်။ ပြောသံနောက်မှာ အသင့်ရဲ့ငိုသံတွေ ပါသွားပြန်ပြီ။

"ဟင့် ဟင့် ဟင့် မောင်"

"ဟင့်အင်း"

အသင်နဲ့မောင်တို့ကို ဘယ်ကံကြမ္မာမှ ခွဲလို့မရပါဘူး မောင့် အတွက် အသင် သားနဲ့သမီး မွေးပေးမယ်လေ၊ နော် မောင်၊ လှုပ်ရှား မှု ငြိမ်သက်နေတဲ့ မောင့်နှုတ်ခမ်းအစုံကို ငေးကြည့်ရင်း အသင့်ကိုယ် လုံးလေး မောင့်ရင်အုံပေါ် မှောက်လျက် ပြိုကျတဲ့အခါ မောင့်လက်ချောင်း ကလေးများ လှုပ်လာသလို၊ နှုတ်ခမ်းလေးတွေ မသိမသာဆန့်ထွက်လာ သည်။

မျက်တောင်ကလေးများ ရွရွလှုပ်ကာ သူ့ရင်အုံပေါ် မှောက်ခု ထားတဲ့ အသင့်မျက်နှာကို ရေးရေးလေးမြင်ယောင်လာသည်။ မျက်ဝန်း





ချင်းအဆုံမှာ နှုတ်ခမ်းသားလေးများ နွေးလာသလို ကြည်နူးပြုံးမြသွား လေသည်က ချစ်ခြင်းရဲ့ အဆုံးသတ်မျဉ်းတန်းလေလား။

သူ့လက်တစ်ဖက်က အသင့်ကိုယ်ကို လှမ်းဖက်လိုက်တာပဲ နောက်ဆုံး သိတော့၏။

ချစ်သူချင်း ရင်ဘတ်ချင်းနီးနေတဲ့အဖြစ်။

ရာသက်ပန်အတွက်ပဲပေါ့။

အမြင်မှာ ငိုသံတွေ ကျယ်ပြောလာသည်။ ထိုငိုသံတွေ သူတို့နဲ့ အဖြည်းဖြည်း ဝေး ဝေး ဝေးလို့သွားကာ –

"ကိုကို၊ မမ"

ခေတ်မင်းလေးရဲ့ အသည်းကွဲ ရင်ကွဲ အော်ဟစ်ခေါ်ဆိုသံသည် သာ တစ်လောကလုံးအနှံ့ ပျံ့လွင့်လို့သွားလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

ရာဇဝင်မှာ ဖတ်ဖူးပါတယ်။ အချစ်နဲ့သိမ်းတဲ့ ရှင်မွေ့နွံရဲ့ မင်းနန္ဒာရဲ့နှလုံးသားဖာတ်လမ်းဟာ မီးခိုးချင်း ပေါင်းကြလေသတည်းတဲ့။

ခုလည်း ဘာထူးလဲကွယ်။ ညို့မှိုင်းသော မီးခိုးလိပ် နှစ်သွယ် ပေါင်းဆုံကာ အပြာရောင်ကောင်းကင်ဆီ ဦးတည်လို့ သွားနေပါပြီ။

မော့ကြည့်နေရှာတဲ့ မျက်ဝန်းတိုင်းမှာတော့ –

**ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ**

**မိန်းကလေး**

အမှတ် ၄၅ (6-A)၊

ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉၈၀၂၁၁၃၇

www.burmeseclassic.com